
www.burmeseclassic.com

သစ္စာမွန် စာပေ

အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်

# ရွှေဘဝင်

# ညီစေသော အလွမ်း



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - (၅၀၀) ကျပ်

ထုတ်ဝေသူ - ဦးသက်လွင်(သစ္စာမွန်စာပေ)(၀၀၇၇၃)
အမှတ်(၃၈)၊ မလွှကုန်းလမ်း
ကျောက်မြောင်း၊ တာမွေ။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ- ဦးသက်လွင် (၀၀၆၅၁)
သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊
တာမွေလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာ - ပန်းအိမ်

ဖြန့်ချိရေး - သစ္စာမွန်စာပေ

စာအုပ်ချုပ် - သစ္စာမွန်

ဂ၉၅.၈၃

ရွှေဘဝင်

ညီစေသောအလွမ်း/ရွှေဘဝင်။-ရန်ကုန်

သစ္စာမွန်စာပေ၊ ၂၀၁၆။

၂၀၆-စာ၊ ၁၂×၁၈ စင်တီ။

(၁) ညီစေသောအလွမ်း

www.burmeseclassic.com

www.burmeseclassic.com

သစ္စာမွန်စာပေတိုက်

၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁-၅၄၁၄၂၁

www.burmeseclassic.com

www.burmeseclassic.com

## အဖွင့်

ခြားနားခြင်းတွေနှင့် ရစ်ဖွဲ့ခဲ့ရသော ဆုံစည်းမှုလေးတစ်ခု ဆိုပြောရရင် ရပ်ကွက်အတွင်းမှ လူတန်းစားနှစ်ရပ်…။

တစ်ခုသော လူတန်းစားမှာ မနေ့ဂုဏ်အရှိန်အဝါတွေ ဆောက်ပပြီး အရောင်လက်နေတဲ့ လူကုံထံလူတန်းစားဖြစ်ပြီး ဆိုရပ်ကွက်အရှေ့ပိုင်းတွင်နေထိုင်ကြ၍ အနောက်ပိုင်းတွင်နေထိုင် ကြသော လူတန်းစားအများစုမှာ လက်လုပ်လက်စားဆင်းရဲသား လူတန်းစားများဖြစ်ကြသည်။ ထိုမညီမျှသော လူတန်းစား(၂)ရပ် သည် တစ်ရပ်ကွက်တည်းတွင် အတူနေကြရခြင်းသည် ကံတရား ၏ သတ်မှတ်ချက်။

အကျင့်စာရိတ္တမှအစ ကွဲပြားသော ရပ်ကွက်ခေါ်အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းကို ရေမြောင်းကြီးတစ်ခုက ပိုင်းခြားထားခဲ့သည်။ ရေမြောင်းကြီးဆိုပေမယ့် မိုးတွင်းကာလတွင်သာ ရေရှိပြီး နွေနှင့်ဆောင်းရာသီတို့တွင် ရေတစ်စက်တောင်မကျန်ခဲ့။ အရှေ့ပိုင်းနှင့်အနောက်ပိုင်း (၂)ခုကို သစ်သားတံတားကြီးတစ်ခုနှင့်ဆက်သွယ်သွားလာနေကြရသည်။

ထိုရပ်ကွက်တည်ရှိနေသည်မှာ ခုဆိုရင် နှစ်ပေါင်း(၅၀) ပြည့်လို့ ရွှေရတုနှစ်ကိုရောက်ခဲ့လေပြီ။ နှစ်ဖက်ဆက်ဆံရေးမှာ ကောင်းမွန်ခြင်းမရှိခဲ့။ ချမ်းသာသောသူတွေက ဆင်းရဲမွဲတေသူတွေကို မတူမတန်တဲ့သဘောထားတွေကြောင့် သင့်မြတ်ခြင်းမရှိခဲ့ကြပေ။

တစ်ခုတော့ရှိ၏။ တစ်ဖက်နှင့်တစ်ဖက် ဆက်ဆံရေး မရှိကြပေမယ့် ရန်သူတွေအဆင့်ထိတော့ မရောက်ခဲ့ကြပါ။ လူဆင်းရဲတွေက သူတို့ဘဝ သူတို့အလုပ်တွေနှင့် သူတို့အပိုင်းကလေးမှာ ကမ္ဘာလေးတစ်ခုတည်နေသလို ချမ်းသာခြင်းတွေနှင့်နေထိုင်ကြတဲ့သူတွေကလည်း သူတို့ဘဝတွေနှင့်သူတို့ ပျော်ရွှင်ခြင်းတွေနှင့် သူတို့အပိုင်းမှာ နေထိုင်ခဲ့ကြ၏။

သူတို့အချင်းချင်းမဆက်ဆံကြပေမယ့် အပိုင်းနှစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းသွားရတဲ့ လမ်းမကြီးကတော့ တစ်ခုတည်း..။ ငြိမ်းချမ်းရေးလမ်းမကြီးဟု ရှေးအစဉ်အဆက်ကတည်းက ကမ္ပည်းထိုးခဲ့တာကြောင့် ဘယ်သူမှ ထိုအမည်ကို ပြောင်းလဲခွင့်မရ။

လွန်ခဲ့သော (၁၅)နှစ်လောက်ကစပြီး တစ်ဖက်နဲ့တစ်ဖက် ပဋိပက္ခဖြစ်ခဲ့တာလေးတစ်ခုတော့ရှိခဲ့ဘူးသည်။ အုပ်ချုပ်ရေးပိုင်းတွင် အရင်လူကြီးတွေလက်ထက်က အရှေ့ပိုင်းတစ်လှည့်၊ အနောက်ပိုင်းတစ်လှည့် လူကြီးတင်မြှောက်ပြီး အုပ်ချုပ်ခဲ့ပေမယ့် နောက်ပိုင်းတွင် ချမ်းသာသူတွေက သူတို့သာလျှင် ရပ်ကွက်ကို အုပ်ချုပ်ချင်လာတာကြောင့် တစ်ဖက်မှ လက်မခံတော့ဘဲ မြို့နယ်၊ ခရိုင်၊ တိုင်းထိအောင်ရောက်ပြီး နောက်ဆုံး သူ့အပိုင်းသူအုပ်ချုပ်၊ သူ့လူကြီးသူရွေးချယ်စနစ်ကို ကျင့်သုံးတော့မှ အငြင်းပွားမှုပြီးဆုံးသွားတော့သည်။

နောက်တစ်ခုကျန်တာ ဘုန်းကြီးကျောင်းတည်ရှိမှု ပြဿနာပင်ဖြစ်သည်။ ရှေးယခင်ကတည်းက ဘုန်းကြီးကျောင်းကို ရပ်ကွက်အနောက်ပိုင်းတွင် တည်ရှိပြီး ဆရာတော်တစ်ပါးတည်းကို ကိုးကွယ်ခဲ့ကြပေမယ့် အငြင်းပွားမှုဖြစ်ပွားပြီးနောက်ပိုင်းတွင် အရှေ့ပိုင်း သူဌေးအင်အားစုတွေက ဘုန်းကြီးကျောင်းသစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်း ဆောက်ပြီးဆရာတော်ကို သူတို့အရှေ့ပိုင်းတွင်သာ သီတင်းသုံးရန် ပင့်ဆောင်ကြသောကြောင့်အနောက်ပိုင်းသားတို့ မကျေနပ်မှု မဖြစ်ပေါ်စေရန် အရှေ့ပိုင်းသားတို့ သဘောကျကြည်ညိုသော သံဃာတစ်ပါးကို ရွေးချယ်နိုင်းပြီးအရှေ့ပိုင်းကျောင်းတွင် သီတင်းသုံးနိုင်းရတော့သည်။ ယခင်က ပြုလုပ်ခဲ့သော ကထိန်ပွဲတော်နှင့်တခြားသော ဗုဒ္ဓပူဇနီယပွဲတွေကိုပါ အရှေ့ပိုင်းမှ သီးသန့်ခွဲခြားပြီးလုပ်ကိုင်ခဲ့တော့သည်။

သို့ပေမယ့် အရှေ့ပိုင်းကျောင်းတွင် သီတင်းသုံးသော ဆရာတော်မှာ ဆရာတော်ကြီးကိုကျော်လွန်ပြီးဘာမှမလုပ်ခဲ့ပေ။ ဘာသာရေးပွဲတွေကို ခွဲခြားပြီးသတ်မှတ်ပြုလုပ်တာကိုခွင့်ပြုပေမယ့် ဆရာတော်ကြီးကို ချန်လှပ်ပြီး မပင့်မဖိတ်လုပ်တာမျိုးကို လက်မခံသဖြင့် အရှေ့ပိုင်း အနောက်ပိုင်း ဘာသာရေးပွဲတွေတွင် ဆရာတော်ကြီးကိုယ်တိုင်ဦးစီးဆောင်ရွက်ရသည်။ ဒီပေါ်မှာတော့ အရှေ့ပိုင်းသားတို့ ဆင်ခြေမတက်ရဲကြပါ။

ထိုကဲ့သို့ ဖြတ်သန်းခဲ့သော ရပ်ကွက်မှာ နှစ်(၅၀)ပြည့် ရွှေရတုနှစ်အတွင်းကိုရောက်လာသောကြောင့် နှစ်ဖက်သော အပိုင်းသားတွေမှာ အထိမ်းအမှတ်ပွဲတွေကို ပြုလုပ်ကြဖို့ စီစဉ်နေကြ

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ချမ်းသာသော သူတွေမှာတော့ ငွေလမ်းခင်းပြီး ရွှေရတု ပွဲကြီးကို အကောင်းဆုံးဖြစ်အောင်လုပ်ရန် ပြင်ဆင်နေကြသလို‥ ဆင်းရဲသားတွေမှာလည်း သူတို့တတ်နိုင်သောငွေကြေးအင်အား လေးနှင့် ပြုလုပ်နိုင်ရေးကို ကြိုးစားနေကြသည်။ ထိုကာလလေး မှ စတင်ခဲ့သော အမုန်းတရားမီးတွေရဲ့လောင်ကျွမ်းမှုတို့သည်‥ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ နာကြည်းခြင်းတွေ အတွက် နှစ်(၅၀) ပြည့် ရွှေရတုအမှတ်တရ အထိမ်းအမှတ်နေ့ ရက်ကြီးပင်ဖြစ်တော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

အနောက်ပိုင်းထိပ်ရှိ "ဆည်းဆာဆုံချိန်" လက်ဖက်ရည်ဆိုင်ကလေးကို မှောင်စပျိုးပြီဆိုရင် ရပ်ကွက်ထဲမှ လူငယ်တွေရောက်ရှိလာပြီးဆိုင်မှာပြတဲ့ ဗီဒီယိုကားနှင့် သီချင်းကို ကြည့်ရှုနားထောင်ကြသည်။

ရပ်ကွက်အနောက်ပိုင်းတွင် အပေါ်စက်၊ အောက်စက်ပိုင်သူကို လက်ချိုးရေတွက်၍ရသည်။ အများစုမှာ ထမင်းနပ်မှန်အောင် ရုန်းကန်နေကြရတဲ့လူတွေဖြစ်ကြသည်။ အနောက်ပိုင်းတွင် အကောင်းဆုံးနေရာဟူ၍ ထိုလက်ဖက်ရည်ဆိုင်ကလေးပင်ရှိသည်။

"နိုင်..မင်းဘာလုပ်မယ်လို့စိတ်ကူးထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားကြီးက ခရီးမပေါက်လိုက်တာကွာ၊ မင်းဘာပြောတာလဲ‥ရွှေစံဘော်…"

တစ်ရပ်ကွက်တည်းသားငယ်ပေါင်းများဖြစ်ကြသော မဟာနိုင်၊ ရွှေစံဘော်နှင့်ရဲထက်ကိုတို့(၃)ဦးမှာ အနောက်ပိုင်း၏ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်များဖြစ်ကြသည်။ အပိုင်းထဲတွင် ကောင်းသောကိစ္စတွေဆို ရှေ့ဆုံးမှ ပါဝင်တတ်သလို၊ ရန်ပွဲနှင့်လောင်းကစားပွဲတွေမှာလည်း နာမည်ရသူများဖြစ်ကြသည်။ ရပ်ကွက်လူကြီးတွေနှင့်အဆင်ပြေတဲ့အခါပြေပြီး မပြေသည့်အကြိမ်လည်း ရှိတတ်သည်။

"ရွှေရတုကိစ္စကိုပြောတာကွ"

"ရွှေရတုကိစ္စက ငါတို့ကိစ္စမှမဟုတ်တာ၊ လူကြီးတွေ၊ ဥက္ကဋ္ဌအိမ်မှာ နေ့တိုင်းစည်းဝေးပြီး စကားပြောနေတာပဲ၊ သူတို့စီစဉ်မှာပေါ့၊ ဒါများ ငါ့လာပြီး မေးရတယ်လို့၊ ဥက္ကဋ္ဌက မင်းဦးလေးပဲ၊ သူ့ကိုသွားပြီးမေးပေါ့"

"ဟုတ်သားပဲ စံဘော်ရာ၊ 'နိုင်' ကိုမေးတော့ သူက ဘာသိမှာလဲကွ"

"ခက်နေပြီ‥ ငါပြောတဲ့သဘောက ငါတို့မင်းတို့မိတ်စ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ချင်လဲဆိုတဲ့ ဆန္ဒကိုမေးနေတာ"

"စံဘော်...မင်းရူးနေပြီ"

"ငါက ဘာလို့ရူးရမှာလဲကွ"

"ရွှေရတုပွဲအတွက် ငါတို့လုပ်ချင်တာကို မင်းဦးလေးဥက္ကဋ္ဌကြီးက ခွင့်ပြုမှာမို့လား၊ ခုတောင် သတင်းတွေထွက်နေတယ်၊ ရွှေရတုပွဲကျရင် ငါတို့(၃)ယောက်ကို ရဲစခန်းမှာသွားပြီး ထိန်းသိမ်းထားမယ်လေးဘာလေးနဲ့၊ လမ်းမတော်ဖိုးတုတ်လို ရာဇဝင်လူမိုက်ကြီးတွေ ကျနေတာပဲ၊ ဒီတစ်ခါ ဥက္ကဋ္ဌရွေးရင် မင်းဦးလေးကတော့ ဆောရီးပဲ"

"မင်းကသာ ဆောရီးပြောနေ၊ ငါတို့အနောက်ပိုင်းမှာ သူ့လို ပြောရဲဆိုရဲတဲ့သူက တစ်ယောက်မှမရှိဘူး"

"တောက်...ဒုန်း..."

"ဟာ...နိုင်...ဘာဖြစ်တာလဲ"

စားပွဲခုံကို လက်သီးနှင့်ခပ်ဆတ်ဆတ်လေး ထုပြီးတောက်ခေါက်လိုက်ခြင်းကြောင့် စံဘော်ရော၊ ရဲထက်ကိုပါ မျက်လုံးပြူးသွားသည်။

"ငါ မကျေနပ်တာ ဒါပဲကွ၊ ငါတို့အပိုင်းထဲကလူကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



က ဆင်းရဲတယ်ဆိုတဲ့ အပေါ်မှာ အားနည်းချက်တစ်ခုလို့သဘော ထားပြီး လူတောသူတောမတိုးရဲတာကို စိတ်ပျက်တာ၊ ငါသာ ဥက္ကဋ္ဌတက်ပြီးလုပ်ပြလိုက်ချင်တယ်''

''နိုင်…ဒါတော့မဖြစ်ဘူး၊ မင်းသာ ငါတို့အပိုင်းကဥက္ကဋ္ဌ ဖြစ်ရင် အရှေ့ပိုင်းနဲ့ ရန်ပွဲတွေဖြစ်မှာသေချာတယ်''

''သိပ်ပြီး သေချာတာပေါ့ကွာ၊ 'နိုင်' ဆိုတဲ့ကောင်ဘယ်လို လူဆိုတာ သိသွားစေရမယ်''

''မင်းတို့နှစ်ယောက်လုံးကိုပြောရင် ငါက နိမ့်ပြီးပြော တယ်လို့ထင်ဦးမယ်၊ ပညာတတ်ကြီးမဖြစ်ရင်တောင် ဗဟုသုတ လေးတော့ လေ့လာသင့်တယ်ကွာ၊ ငါအရှေ့ပိုင်းကို မုန်းတီးတာ ချမ်းသာခြင်း၊ ငွေရှိခြင်းကြောင့်မဟုတ်ဘူး''

''ဒါဖြင့် ဘာကြောင့်လဲ''

''ငွေနဲ့အနိုင်ကျင့်တာတွေ၊ လူလူချင်းခွဲခြားဆက်ဆံတာ တွေကို မုန်းတာ၊ ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ ကံတရား နဲ့လည်းဆိုင်တယ်၊ ငါတို့ကိုယ်တိုင် ညံ့ဖျင်းမှုလည်းပါတယ်၊ ဘာ သာရေးနဲ့ကြည့်မယ်ဆိုရင် အတိတ်ကံကြောင့် ပြောလို့ရပေမယ့် လက်ရှိဘဝတစ်ခုနဲ့တွက်မယ်ဆိုရင် ငါတို့ဆင်းရဲခြင်းရဲ့အကြောင်းက



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ပဲ..."

"ရှင်းစမ်းပါဦး၊ မင်းပြောတာကို နားမလည်ဘူး"

"နားမလည်တာ မဟုတ်ဘူး၊ လိုက်မမီတာလို့ ဝန်ခံစမ်းကွာ"

"ရဲထက်ကို မင်းက ငါ့ထက်တစ်တန်းပဲပိုတဲ့ကောင်ပါကွာ၊ ငါက ၇ တန်း၊ မင်းက ၈ တန်းလောက်တက်ခဲ့ရတာကို အမှတ်ယူပြီး ပြောမနေနဲ့၊ မင်းရောသိလို့လား"

"မသိဘူး"

သူတို့သူငယ်ချင်း(၃)ယောက်ထဲတွင် မဟာနိုင်တစ်ယောက်သာ တက္ကသိုလ်နောက်ဆုံးနှစ်သမိုင်းဘာသာဖြင့် စာပေးစာယူတက်နေသူတစ်ဦး၊ မဟာနိုင်တွင် ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူမှာ ဆိုက်ကားနင်းရင်း ကားဖြင့်တိုက်မိပြီးဆုံးပါးသွားခဲ့ပြီး မိခင်ဒေါ်ခင်ပုံတစ်ယောက် သားတစ်ယောက်ကို ဈေးဗန်းခေါင်းရွက်ပြီး တက္ကသိုလ်ထိထားခဲ့သူ... မဟာနိုင်သည် ဆိုးပေမှုရှိခဲ့ပေမယ့် ပညာရေးကိုတော့ ကြိုးစားသူတစ်ဦး...။

"မင်းတို့ ငါရှင်းပြတာကို နားထောင်မှာလား၊ ဘယ်လိုဖြစ်ကြမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"နားထောင်မယ်..ပြော"

"ငါ့မိဘက ဆင်းရဲလို့ ငါတို့ဆင်းရဲတယ်ဆိုတာကို မင်းတို့လက်ခံလား"

"လက်ခံတာပေါ့"

"ဒီလိုပဲ၊ ငါ့မိဘတွေဆင်းရဲခဲ့တာ အဘိုးအဘွားကြောင့်လို့ ပြောရင် ရနိုင်တယ်ဆိုပေမယ့် မိဘလက်ထက်မှာ ချမ်းချမ်းသာသာနေခဲ့ပြီး ကိုယ့်ဘဝ ကိုယ်ထူထောင်တော့မှ ဆင်းရဲသွားရတဲ့သူတွေလည်းရှိတယ်၊ ရဲထက်ကိုမိဘတွေလိုပေါ့ကွာ၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ်..ငါ့အဘိုးအဘွားတွေဆီက ငါ့မိဘတွေ အမွေရလိုက်တာမနည်းဘူး၊ အဖေရော အမေရော မထိန်းသိမ်းနိုင်လို့ ခုလို ဆင်းရဲသွားကြတာ"

"အဓိကသော့ချက်က ငါတို့ရဲ့လက်ရှိဘဝမှာနေထိုင်ကြတဲ့ မိဘတွေနဲ့ ငါတို့ရဲ့ ကြိုးစားမှုတွေ အားနည်းတာကြောင့်ဆင်းရဲနေတယ်လို့ပြောရင်အသေချာဆုံးပဲ"

"ဒီတော့ မိဘတွေကို အပြစ်ပုံချပြီး ကိုယ်ဆင်းရဲနေတာကို ဝမ်းနည်းနေလို့မရဘူး၊ ငါတို့လက်ထက်မှာကြိုးစားပြီးဆင်း

www.burmeseclassic.com



ရဲခြင်းဆိုင်းဘုတ်ကြီးကို ဖြုတ်နိုင်ဖို့က အရေးကြီးတယ်၊ ဒါမှ ဆင်းရဲခြင်းမျိုးဆက်ကို ဖြတ်တောက်နိုင်မှာကွ"

"မင်းပြောသလို ငါတို့တစ်တွေ ဆင်းရဲခြင်းဘဝက လွတ်မြောက်ဖို့အတွက် အားမာန်တွေအပြည့်နဲ့ ကြိုးစားရမယ်၊ ဒါပေမယ့် ခက်တာက ခုချိန်ထိ ငါတို့လုပ်ကိုင်စားသောက်ရတဲ့အလုပ်တွေက ချမ်းသာဖို့ဝေးလို့ ထမင်းတောင် နပ်မမှန်ချင်ဘူး"

ရဲထက်ကိုနှင့်စံဘော်တို့၏ နေ့စဉ်ဝမ်းရေးအတွက် ရပ်တည်ရုန်းကန်နေရသောဘဝမှာတကယ်ပင် ကျပ်တည်းကြသည်။ ရဲထက်ကိုက သီရိမင်္ဂလာဈေး ငါးဒိုင်တွင်လုပ်ကိုင်နေသူ၊ စံဘော်ကတော့ မနက်ပိုင်းတွင် သတင်းစာ၊ ဂျာနယ်တွေလိုက်ရောင်းပြီး နေ့လယ်နှင့်ညပိုင်းတွင် ရပ်ကွက်ထဲလှည့်၍ ဈေးရောင်းရသူ၊ သူတို့ (၃)ယောက်ထဲတွင် မဟာနိုင်တစ်ယောက်သာ ကားဝပ်ရှော့တွင် ထမင်းစား ပညာသင်ဘဝနှင့်လုပ်ကိုင်ခဲ့ပြီး တက္ကသိုလ်ပထမနှစ်ကို ရောက်မှ လခစားစက်ပြင်သမားဖြစ်ခဲ့ရသူ။

"ရဲထက်ကို..လူ့ဘဝဆိုတာ ရွေ့လျားနေတာကွ၊ ပုံသေတွက်မထားနဲ့၊ မင်းတို့ဘဝတွေကို နေရာတစ်ခုတည်းမှာ ဒေါ်တဲ့ထိ ရပ်တည်မယ်လို့စိတ်ကူးထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုတော့ မစဉ်းစားထားပါဘူး၊ ခုအလုပ်ထက်ကောင်းတဲ့အလုပ်တွေ့ရင် ပြောင်းပြီးလုပ်မှာပေါ့”

“ဒီလိုပဲတွေးထားရမယ်၊ ကောင်းသထက်ကောင်းတာတွေကို ရှာဖွေပြီး ဘဝအောင်မြင်မှုထိပ်ဆုံးကိုရောက်အောင် တက်ရမှာ၊ ငါလည်း ခုလုပ်နေတဲ့ အလုပ်ကနေ တိုးတက်မယ့်နေရာကိုတွေ့ရင် ပြောင်းပြီးလုပ်မှာပဲ၊ အဆင်ပြေရုံနဲ့တော့ ကျေနပ်နေလို့ မရဘူး”

“နိုင်··ဘဝဒဿနတွေ ခဏဖြတ်ပြီး စောစောက ငါပြောတဲ့ရွှေရတုကိစ္စကို စကားဆက်ရအောင်”

“စံဘော်·· မင်းကရွှေရတုပွဲကိုဘာလို့သံယောဇဉ်တွယ်နေတာလဲကွ၊ ငါတို့နဲ့အဝေးကြီးဖြစ်နေတာ”

“ဒီလိုကြီးတော့ တွေးမထားပါနဲ့ကွာ၊ မင်းတို့ငါတို့ မမီလိုက်တဲ့ ငွေရတုပွဲတော်တုန်းက ရှုံးကြွေးတစ်ခုကို ပြန်ပြီးဆပ်ချင်လို့”

“မင်းစကားက ဘာလဲဟ၊ ကိုယ်တောင်မမွေးသေးတဲ့ ကိစ္စကြီးကို ဘယ်လိုလုပ်ပြီးရှုံးကြွေးဆပ်ရမှာလဲ”

“ဟုတ်လည်း ဟုတ်တာပဲ စံဘော်ရာ၊ ငွေရတုအောင်က



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ခဲ့သလဲဆိုတာ မင်းမသိရဘဲနဲ့ ဘာလို့ငါတို့က ရှုံး ကြွေးဆပ်ရမှာလဲကွ"

"အေး..မင်းတို့မသိရင် ငါပြောပြမယ် နားထောင်"

"စံဘော်.. မင်းနဲ့ငါတို့က အသက်ရွယ်တူတွေလေ"

"အေးလေ..ဘာဖြစ်လို့လဲ"

"မင်းက ပြောပြမယ်ဆိုတော့ ငွေရတုခေတ်ကိုမင်းက မီ ခဲ့လို့လား"

"ရဲထက်..မင်းတော်တော်အရစ်ရှည်တဲ့ကောင်ပဲကွာ၊ နည်းနည်းပါးပါး မင်းခေါင်းနဲ့တွေးကြည့်ပါလား၊ ငါပြောပြမယ် ဆိုတာ လူကြီးတွေဆီက တစ်ဆင့်ကြားပြီးပြောပြမှာ ခွေးကောင် ရဲ့"

"မသိပါဘူးကွာ၊ မင်းကိုယ်တိုင်ပဲ ကြုံခဲ့သလိုလို ဘာလို လိုနဲ့"

"ကဲ..စံဘော်... မင်းငွေရတုရာဇဝင်ကိုပြောပြပါဦး"

"ဒီလိုကွ..ငွေရတုပွဲကိုပြုလုပ်ကြဖို့ အပိုင်း(၂)ပိုင်းခွဲ ပြီး နေရာရွေးခဲ့ကြတယ်၊ ခုလို တစ်နေရာစီလုပ်တာမျိုးဟို ငွေရတု ကြောင့်ဖြစ်သွားရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြီး ပြောပါဦး"

"မဲနှိုက်တော့ ငါတို့အနောက်ပိုင်းက ပေါက်တယ်၊ ဒါနဲ့ နှစ်ဖက်ကြိုတင်သဘောတူညီထားတဲ့အတိုင်း ပေါက်တဲ့ဘက်မှာ ပြုလုပ်ခဲ့ရင် ကုန်ကျငွေတစ်ဝက်ကို ပေးရမယ်ဆိုတဲ့အတိုင်း တောင်းတော့ အရှေ့ပိုင်းက မပေးချင်ဘူး၊ ဆရာတော်ကြီးကြောင့် ပေးရပေမယ့် ငွေရတုပွဲကို သူတို့ဘက်က ပျက်အောင်ကြံစည်ခဲ့ကြတယ်"

"ဟင်...ဘယ်လိုကြံစည်ခဲ့တာလဲ"

"ပထမဦးဆုံး ငွေကိုင်တဲ့ဦးလှသောင်းကိုအယုံသွင်း စည်းရုံးပြီး အရက်တွေတိုက်ပြီး သူတို့ဘက်ကပေးလိုက်တဲ့ငွေတွေကို တစ်ဖက်လှည့်နဲ့ ပြန်ရအောင်ယူခဲ့တယ်၊ ဦးလှသောင်းကိုလည်း ငွေတွေအလွဲသုံးစားမှုနဲ့ထောင်ထဲကိုပို့ခဲ့တယ်"

"မိုက်ရိုင်းလိုက်တာ"

"ဒီထက်ပိုပြီး မိုက်ရိုင်းတာရှိသေးတယ်၊ ငွေရတုပွဲ မရောက်ခင် (၃)ရက်လောက်အလိုမှာ ငါတို့အပိုင်းက အိမ်တစ်အိမ်ကို မီးဝင်ပြီးရှို့ခဲ့လို့ ရပ်ကွက်တစ်ဝက်နီးပါးကုန်ခဲ့ရတယ် လူ(၅)ဦးလောက်သေဆုံးပြီး (၁၀)ယောက်လောက်ဒဏ်ရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကို ပို့ခဲ့ရတယ်..."

"မီးဝင်ပြီးရှို့တဲ့ကောင်ကို မမိဘူးလား"

"မမိဘူး..ထင်တဲ့အဆင့်လောက်နဲ့ပဲ ပွဲကပြီးသွားတယ်"

"ဒါဆို ငွေရတုပွဲလည်းမဖြစ်ခဲ့ဘူးပေါ့"

"ငါတို့အနောက်ပိုင်းကတော့ ဘယ်လိုမှမလုပ်နိုင်တော့ဘူး သူတို့အရှေ့ပိုင်းကတော့ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြတယ်"

"တစ်ဖက်မှာ ဒုက္ခရောက်နေတာကို မကူညီတဲ့အပြင် သူတို့ ပျော်ရွှင်နိုင်ကြတယ်၊ ငါသာ တန်ခိုးရှိရင် ဒင်းတို့အပိုင်းကို အမှုန့်ချေပစ်တယ်"

ရဲထက်ကိုတစ်ယောက် မကျေမနပ်နှင့်ပြောနေပေမယ့် မဟာနိုင်တစ်ယောက်ကတော့ သူ့ရင်ထဲမှာလေးလေးနက်နက် ခံစားနေရ၏။

"ခုလည်း သတင်းကြားနေရတယ်"

"ဘာသတင်းလဲ"

"ရွှေရတုပွဲကို သူတို့အပိုင်းနဲ့ ယှဉ်ပြိုင်တယ်ဆိုတာ မဖြစ် စေရဘူးတဲ့၊ ရအောင်ဖျက်မယ်လို့ပြောနေကြတယ်"

"ဘာကွ...ဒင်းတို့လုပ်ချင်တိုင်းလုပ်လို့ရလား၊ ငွေရတု



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကပဲရမယ်၊ ရွှေရတုခေတ်မှာတော့ မရတော့ဘူးမှတ်''

''မင်း သတင်းက သေချာလား စံဘော်..''

''သေချာသလောက်ရှိတယ်၊ ဘာကြောင့်ပြောနိုင်သလဲဆိုရင် ဟိုဘက်ရပ်ကွက်ထဲက ငါ့သူငယ်ချင်း စိန်ချစ်ဆိုတဲ့ကောင်က ရေပိုက်ပြင်ရင်း အရှေ့ပိုင်းလူကြီးတွေစုပြီး ပြောနေတာကို သူနားနဲ့ဆတ်ဆတ်ကြားခဲ့တာကွ၊ ဘယ်လိုပုံစံနဲ့ လုပ်မလဲဆိုတာတော့ မသိခဲ့ရဘူး''

''စံဘော်..အရှေ့ပိုင်းမှာ ဩဇာအရှိဆုံးက ဘယ်သူလဲ..မင်းသိလား''

''သိပ်ပြီး သိတာပေါ့ကွာ၊ ဦးထွန်းခေါင်ကျော်.. အရှေ့ပိုင်းသူဌေးအားလုံးထဲမှာ အချမ်းသာဆုံးပုဂ္ဂိုလ်လို့ပြောလို့ရတယ်၊ ချမ်းသာချက်ကပြောမနေနဲ့..မြန်မာပြည်မှာ အကြီးကျယ်ဆုံးကုမ္ပဏီကြီးကိုထူထောင်ထားတာ၊ သား(၃)ယောက်၊ သမီးတစ်ယောက်ရှိတယ်၊ သမီးကတော့ သူ့အမေနေတဲ့အမေရိကားမှာသွားပြီးနေတယ်''

''သူတို့လင်မယားက ကွဲနေတာလား''

''မကွဲကြပါဘူး၊ မိန်းမလုပ်တဲ့သူက အမေရိကားမှာ စီး



www.burmeseclassic.com

www.burmeseclassic.com



ပွားရေးလုပ်နေတာ၊ မြန်မာပြည်ကို သွားတစ်လှည့်၊ ပြန်တစ်လှည့်ပေါ့ကွာ၊ သမီးကတော့ (၁၀)တန်းထိ မြန်မာပြည်မှာကျောင်းနေပြီး (၁၀)တန်းအောင်တော့ အမေရိကန်မှာ ကျောင်းသွားပြီးတက်တာ၊ နာမည်တွေတော့မသိဘူး၊ သူ့သား(၃)ယောက်က တော့လက်သံတော်တော်ပြောင်တယ်လို့ပြောတယ်၊ ဘေးမှာ တပည့်တွေ မွေးပြီး အရှေ့ပိုင်းတစ်ခုလုံးကို စိုးမိုးထားတာ..''

''ဒီလူကြီး သမိုင်းကြောင်းကိုထားလိုက်ပါ၊ မင်းဆက်ပြီးပြောချင်တာကိုပြော''

''ငါတို့အပိုင်းက လူတွေက ငွေရတဲ့တန်းက အဖြစ်အပျက်တွေကို သွေးပျက်ပြီး ရပ်ကွက်ထဲမှာ ပွဲတော်ပုံစံမျိုးကိုမလုပ်တော့ဘဲ ဘုန်းတော်ကြီးကျောင်းမှာ ဆွမ်းကပ်ရုံလောက်ပဲလုပ်မယ်လို့ပြောနေကြတယ်''

''လူကြီးတွေက သွေးကြောင်လွန်းအားကြီးပါတယ်ကွာ''

ရဲထက်ကို ခံပြင်းစွာဖြင့်ပြောလိုက်သည်။

''ဒါကြောင့် နိုင့်ကို ငါကပြောနေတာ၊ အရှင်းဆုံးပြောရင် ငါတို့အုပ်စုလောက်ပဲ အပိုင်းထဲမှာ ဦးဆောင်ပြီးလုပ်နိုင်တာ၊ တခြားကောင်တွေက ခိုင်းရင်လုပ်မယ်၊ ဦးဆောင်ပြီးတာတစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင်ကြဘူး”

မဟာနိုင်တို့ရပ်ကွက်တွင် သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်ပွဲတော်တွေကို မဟာနိုင်တို့ကပဲ ဦးဆောင်ပြီးလုပ်ကိုင်ခဲ့ရသည်။

“နိုင်...”

“စံဘော်..ခဏလေး..စကားမပြောဘဲနေဦး၊ ငါ ဘာလုပ်ရမလဲဆိုတာကို စဉ်းစားနေတာ”

မဟာနိုင် လက်ကျန်ရေနွေးကလေးကိုမော့သောက်ပြီး

“ရွှေရတုပွဲတော်က ဘယ်လောက်လိုသေးလဲ”

“ဒီနေ့ပါ အပါဆိုရင် ရက်(၂၀)လောက်ပဲလိုတော့တယ်”

“အချိန်က သိပ်ပြီးမရှိတော့ဘူးပဲ၊ စံဘော်နဲ့ ရဲထက်ကို.. နက်ဖြန် ဘုန်းကြီးကျောင်းဇရပ်ကို ရပ်ကွက်ထဲကလူငယ်တွေကို ညနေပိုင်း လူစုံခေါ်လိုက်ကွာ၊ ငါတို့လူငယ်တွေနဲ့ ဆွေးနွေးနိုင်မင်ပြီးမှ ဘာလုပ်ကြမယ်ဆိုတာကို ဆုံးဖြတ်ကြမယ်”

“လူကြီးတွေကိုခေါ်ဦးမှာလား”

“သူတို့ကို အကြောင်းမကြားနဲ့ဦး၊ ငါတို့ဘက်ကနေ ခိုင်ခိုင်မာမာလုပ်ကိုင်ပြီးမှ သူတို့ကိုအသိပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ကန့်ကွက်ရင်ရော..."

"ထုံးစံအတိုင်းပေါ့ကွာ၊ ကိုယ်လုပ်စရာရှိတာကို ဆက်ပြီး လုပ်ကြရမှာပေါ့၊ မင်းတို့သိတဲ့အတိုင်း ငါတို့လူငယ်တွေ ဘာလုပ်လုပ် ဘယ်လိုဝိုင်းပြီးလုပ်ပေးမယ်ဆိုတာ မရှိဘူး၊ မလုပ်ကြဖို့ကို အရင်ဆုံးပြောတာပဲ၊ သူတို့ကို အသိမပေးဘဲလုပ်ရင် ကိုယ့်ဘက်က သိပ်ပြီး ရိုင်းသွားရာကျမှာစိုးလို့သာ အသိပေးရတာ၊ ပြောကို မပြောချင်ဘူး"

"လူကြီးတွေထဲမှာ ဦးရဲတစ်ယောက်ပဲ လူငယ်တွေဘက်ကနေ ရပ်တည်ပေးတဲ့သူရှိတယ်"

"ရဲထက်ကို..ဦးရဲဆိုလို့ မနက်ဖြန်ကိစ္စကို ဦးရဲကိုသွားပြီးအသိပေးဦးနော်.."

"အေးပါကွာ"

ဦးရဲမောင်သည် စစ်ပြန်ကြီးတစ်ဦးဖြစ်ပြီး တိုက်ပွဲတစ်ခုမှာ ခြေထောက်တွင်ဒဏ်ရာရခဲ့၍ တပ်မတော်မှ အနားယူထားသူတစ်ဦးဖြစ်သည်။ အပိုင်းထဲတွင် လူငယ်တွေလုပ်သမျှကို လူကြီးတွေ နှင့် အတိုက်အခံလုပ်ပြီး ရပ်တည်ပေးခဲ့သူ..။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

လူငယ်တွေအားလုံး ရွှေရတုပွဲတော်ပြုလုပ်ကြဖို့ တညီတညွတ်တည်း သဘောတူခဲ့ကြသည်။ ဒါပေမယ့် မဟာနိုင်တို့ လူငယ်တွေမှာ ငွေကြေးနှင့်ပတ်သက်ပြီး အားနည်းမှုရှိ၏။ ရွှေရတုပွဲတော်အတွက် ကုန်ကျငွေမှာ ခေါင်းခဲစရာဖြစ်လာခဲ့၏။

"လူကြီးတွေဆီမှာ ရံပုံငွေတွေရှိနေတာပဲကွာ၊ ဒီထဲက ထုတ်ပြီး သုံးရမှာပေါ့"

"လူကြီးတွေက ပေးမှာမဟုတ်ဘူး"

"မရ ရအောင်တောင်းမယ်ကွာ၊ မပေးရင် ပြဿနာရှာမယ်"



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေ တစ်ယောက်တစ်မျိုးစီပြောနေကြသည်။ ချိုင်းထောက်ဘေးချပြီး ထိုင်နေသော ဦးရဲ မနေသာတော့…

"အားလုံး ဦးရဲ ပြောတာကိုနားထောင်ကြဦး"

စကားပြောသံအားလုံး တိတ်ဆိတ်သွားတော့သည်။ ဦးရဲကို လူငယ်အားလုံးက လေးစားကြည်ညိုသူတစ်ဦးဖြစ်သည်။

"မင်းတို့ လူကြီးတွေဆီက ငွေကိုမျှော်ကိုးမယ်ဆိုရင် ရွှေရတုပွဲဖြစ်မြောက်ဖို့က မလွယ်ဘူး၊ သူတို့ဘက်က အလှူတကူထုတ်ပေးဖို့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ ဦးရဲ ပြောချင်တာကတော့ ခုရွှေရတုပွဲကို မင်းတို့လူငယ်တွေ ကိုယ်ထူကိုယ်ထ ကြိုးစားပြီးလုပ်တာကိုပဲ ဖြစ်စေချင်တယ်၊ ပွဲတော်တစ်ခုလုပ်တယ်ဆိုတာ ငွေကုန်နိုင်ရင် ကုန်နိုင်သလောက်ချဲ့ပြီး လုပ်လို့ရသလို ကိုယ်တတ်နိုင်တဲ့ အားနဲ့အကောင်းဆုံးဖြစ်အောင်လုပ်လို့လည်း ရနေတာပဲ၊ အဓိကကတော့ ငါတို့အားလုံး ရွှေရတုပွဲကလေးကို ပျော်ပျော်ရွှင်ရွှင်နဲ့ ပါဝင်ဆင်နွှဲဖြစ်ဖို့ပဲ အရေးကြီးတယ်"

"ဘာတွေလုပ်ရမှာလဲဆိုတာကို ဦးရဲပြောပါ"

"ပထမ ငါတို့အပိုင်းတစ်ခုလုံးရဲ့ လမ်းမကြီးပေါ်မှာ ကာတွန်းမီးပုံးတွေ ချိတ်ဆွဲမယ်၊ ဘာမှ ကုန်ကျတာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com


လူညီညီနဲ့ ဝိုင်းပြီးလုပ်ကြရမယ်၊ ဒုတိယ သီချင်းဆိုပြိုင်ပွဲကလေး လုပ်မယ်၊ တတိယကတော့ ဟာသ တေးသရုပ်ဖော်ကလေးနဲ့ အဆုံးသတ်မယ်၊ ဒီကုန်ကျငွေဟာ သိပ်မများဘူး၊ မင်းတို့လူငယ်တွေ စုလိုက်ရင် ရတယ်..''

''သိပ်ပြီးကောင်းတယ်၊ ငွေစုကြမယ်ဟေ့...''

လူငယ်အားလုံးတက်ကြွစွာ လက်ခံကြတော့သည်။ လုပ်ကိုင်ရမည့် အပိုင်းတွေကို တာဝန်ကိုယ်စီခွဲဝေကြပြီး လူစုခွဲလိုက်ကြပြီး ဇရပ်ပေါ်တွင် မဟာနိုင်၊ ဦးရဲ၊ စံဘော်၊ ရဲထက်ကိုတို့သာ ကျန်ရစ်ခဲ့ကြသည်။

''အရှေ့ပိုင်းနဲ့ငါတို့ကြားမှာ ငွေကြောင့်ကွာခြားပေမယ့် ခုလိုပွဲတော်တွေလုပ်တဲ့အခါ ငါတို့ရပ်ကွက်ထဲမှာ အနုပညာနဲ့ ပတ်သက်ပြီးတော်တဲ့သူတွေရှိတယ်၊ ပန်းချီနဲ့ပတ်သက်ပြီး ကာတွန်းဆွဲနေတဲ့ ကိုသောင်းဟန်၊ သီချင်းနဲ့ပတ်သက်ရင် တယောဆရာကြီး ဦးဘမြင့်၊ ဟာသဇာတ်လမ်းတွေကို လုပ်ကိုင်နေတဲ့ ကိုသာလှတို့နဲ့ လုပ်ကိုင်ရင် ရိုးရိုးလေးနဲ့လှပတဲ့ ရွှေရတုပွဲကလေးတစ်ခုဖြစ်သွားမှာပေါ့၊ ဒီလူတွေကို သူ့နေရာနဲ့သူ အသုံးချတတ်ဖို့ပဲ အရေးကြီးတယ်၊ အရှေ့ပိုင်းက ငွေကြေးတစ်ခုတည်းနဲ့ ရွှေရတု


www.burmeseclassic.com

www.burmeseclassic.com



ပွဲကို လုပ်တာပါ၊ သူတို့မှာ အနုပညာဆန်တဲ့ ခံစားချက်တွေ၊ ပညာရှင်တွေ မရှိပါဘူး၊ ဘယ်သူသာသလဲဆိုတာ ဘေးရပ်ကွက်တွေက ဆုံးဖြတ်ပေးသွားပါလိမ့်မယ်၊ မင်းတို့ကြိုးစားဖို့ပဲလိုတယ်၊ တခြားမကြည့်နဲ့ မနှစ်က သင်္ကြန်တုန်းက သူတို့ဘက်နဲ့ငါတို့ ဘက်မှာ ဘာတွေကွာခြားသွားလဲ၊ သူတို့က ငွေကြေးတွေအကုန်ခံပြီး စတိတ်ရှိုးကြီးတွေလုပ်၊ အဆိုတော်တွေငှားပြီးလုပ်ကြပေမယ့် ငါတို့ဘက်ကတော့ ရပ်ကွက်လူငယ်တွေနဲ့ မနက်ပိုင်းမှာ စတုဒီသာကျွေး၊ ညပိုင်းမှာ ဖျော်ဖြေပွဲကလေးလုပ်ပြီး ယဉ်ယဉ်ကလေး သင်္ကြန်နေ့တွေကိုဆင်နွှဲခဲ့တယ်၊ နှစ်ဆန်းတစ်ရက်နေ့ကျတော့ သက်ကြီးရွယ်အိုတွေကို ကောင်းမှုပြုရင်း နှစ်သစ်ကိုကြိုဆိုခဲ့တယ်၊ ရပ်ကွက်ရဲ့အပိုင်းနှစ်ပိုင်းကို နောက်ဆုံးအဖြေထုတ်တော့ သူတို့ဘက်မှာ ဘီယာခွံတွေ၊ အရက်ပုလင်းတွေနဲ့ ရန်ပွဲတွေကို ရခဲ့တယ်၊ ပြီးတော့ သူတို့အချင်းချင်း ငွေကြေးပြဿနာတွေရှုပ်ထွေးတဲ့အသံတွေကြားခဲ့ရတယ်၊ ငါတို့ဘက်အပိုင်းကတော့ ရိုးရာသင်္ကြန်ပွဲဆင်နွှဲရင်း ကုသိုလ်ရေးနဲ့အဆုံးသတ်ခဲ့ကြတယ်၊ အပြင်ပိုင်းက ကြည့်ရင် သူတို့ဘက်က ခမ်းနားတယ်လို့ထင်ရပေမယ့် သင်္ကြန်ရဲ့အနှစ်သာရသဘောကို သူတို့မရခဲ့ကြဘူး၊ နောက်ဆုံးကျွာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



စတိတ်ရှီးဝိုင်းစင်ကြီးကို ဖျက်ဖို့တောင် ငွေပေးပြီးခိုင်းခဲ့ရတယ်၊ တစ်ယောက်မှ သစ်သားတစ်ချောင်းထွက်ပြီးမသယ်ပေးကြဘူး၊ သူတို့ ညီညွတ်တယ်ဆိုတာ ငွေကြေးခနရဲ့ ဟန်ဆောင်ညီညွတ်ရေးပါကွာ၊ ငါတို့အနောက်ပိုင်းလူငယ်တွေကတော့ နှလုံးသားထက်က ဆန္ဒတွေနဲ့ညီညွတ်ကြတာ၊ ပြိုင်စရာမလိုဘဲ အောင်နိုင်မှုကို ရထားပြီးသားပဲ မဟာနိုင်…”

“ကျွန်တော်တို့ကသာ မပြိုင်တာ၊ သူတို့က အမြဲပြိုင်ဆိုင်နေကြတာ ဦးရဲ…”

“ချမ်းသာတဲ့လူတော်တော်များများဟာ သူတို့လုပ်သမျှတွေတိုင်းဟာ အောင်နိုင်မယ်လို့ထင်နေကြတာ သဘာဝပါပဲ ကွာ၊ ငါတို့လို ဆင်းရဲသားအပိုင်းကလေးက သူတို့ထက်သာသွားမှာကို မလိုလားဘူး၊ ဖြစ်နိုင်ရင် ငါတို့အပိုင်းကို သူတို့ရဲ့အောက်မှာရှိနေစေချင်တာ”

“ငွေနဲ့လွှမ်းမိုးချင်တဲ့သဘောပေါ့”

“သိပ်ဟုတ်တာပေါ့ ‘နိုင်’ရေ… မင်းရပ်ကွက်ထဲမှာ စတင်ပြီးလှုပ်ရှားလာကတည်းက သူတို့နဲ့ဆန့်ကျင်ပြီး လုပ်နေပြီလို့ ထင်နေကြမှာ…”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လုပ်တာ သူတို့နဲ့တခြားစီပါ၊ ကိုယ့်ရပ်ကွက်အတွက်လုပ်နေတာ‥"

"မင်းဘက်ကတော့ ဟုတ်တယ်၊ သူတို့ဘက်က မဟုတ်ဘူး၊ ငါတို့အပိုင်းကလူကြီးတွေ ဘယ်လောက်ထိစဉ်းစားထားသလဲဆိုတာ ပြောပြမယ်၊ လွန်ခဲ့တဲ့ (၅)နှစ်လောက်ကတည်းက တို့အပိုင်းအုပ်ချုပ်ရေးကိုတောင် လွှဲပေးဖို့ ပြင်ဆင်ခဲ့တယ်"

"ဟာဗျာ‥မဟုတ်တာ"

"ငါနဲ့အမာခံ(၁၀)ဦးလောက်က ကန့်ကွက်လို့ လွှဲပြောင်းရေးမဖြစ်ခဲ့တာ၊ ဒီနှစ်တွေထဲက ဘာပျော်ပွဲရွှင်ပွဲပဲလုပ်လုပ် ငါတို့ဘက်မှာဘာမှမလုပ်နိုင်ဘူး၊ ဒီတုန်းကလည်း မင်းတို့အရမ်းကိုငယ်သေးတော့ ခုလို ဦးဆောင်ပြီးမလုပ်နိုင်ကြဘူးလေ၊ ငါတို့အပိုင်းမှာ မင်းတို့အုပ်စုလေးပေါ်ထွက်လာမှ ငါတို့အပိုင်းမှာဘာသာရေးပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေက အသက်ဝင်လာခဲ့တာ"

"မင်းကသာ မသိတာ၊ ငါနဲ့မင်းကို သူတို့အကြီးကျယ်ဆုံးမုန်းတီးနေတာ၊ သူတို့လက်အောက်ကို ရောက်လုလုမှ ငါတို့တစ်တွေက ပြန်ပြီးဆန့်ကျင်ခဲ့တာကိုး‥"

"ဦးရဲရယ်‥ကျွန်တော်တို့အပိုင်းကလေးကို သူတို့လက်



www.burmeseclassic.com

www.burmeseclassic.com



အောက်ရောက်တော့လည်း ဘာဖြစ်တာမို့လဲဗျာ၊ ဒါကို ကြီးကြီး ကျယ်ကျယ်လုပ်နေရတယ်လို့"

"အင်း..စံဘော် မင်းက ဒီလောက်ပဲ မြင်တာကိုး၊ သူတို့ ငါတို့ဘက်အခြမ်းကို ကြီးစိုးချင်တာ ဘာကြောင့်လဲ သိလား"

"ဟင့်အင်း.."

"ငါတို့ရပ်ကွက်ငြိမ်းချမ်းရေးလမ်းမကြီးအဆုံးမှာရှိတဲ့ ကွင်းပြင်ကြီးကြောင့်ပဲ"

"ဟာ..ဒီကွင်းပြင်ကြီးကို သူတို့က ဘာလုပ်ချင်လို့လဲ"

"နိုင်ငံတော် စီမံကိန်းတစ်ခုထဲမှာ ဒီကွင်းပြင်ကြီးဟာ ခေတ်မီစက်မှုဇုန်ကြီးတစ်ခုတည်ဆောက်တော့မှာလေ၊ ငွေမရှိတဲ့ မင်းတို့ငါတို့အတွက်တော့အနည်းဆုံး လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ အအေးဆိုင်၊ လက်ဖက်သုပ်ဆိုင်လေးဖွင့်ပြီး စီးပွားရေးလုပ်ငန်းတွေကို လုပ်နိုင်သလို သူတို့ဘက်က အကြီးမားဆုံးစီးပွားရေးလုပ်ငန်းတွေကို လုပ်နိုင်ကြမှာပေါ့၊ တကယ်စက်မှုဇုန်ကြီးနဲ့ ဖတ်သက်ပြီး အနီးကပ်ဆုံးအခွင့်အရေးကို ငါတို့ဘက်ကပဲ ရမှာလေ၊ သူတို့ဘက်က အဝေးကြီး ဒီအတွက် လက်ဝါးကြီးအုပ် နိုင်အောင်ကြိုးစားနေတာပေါ့၊ သူတို့ထဲမှာ ဦးထွန်းခေါ်ကျော်

www.burmeseclassic.com



ဆိုတဲ့ လူဟာ အဆိုးဆုံးပဲ"

မဟာနိုင် ထိုအမည်ကို ဒုတိယအကြိမ်မြောက် ကြားလိုက်ရပြန်ပြီဖြစ်သည်။

"သူက ဒီလောက်ချမ်းသာနေတာတောင် အားမရနိုင်သေးဘူးလား"

"လောဘသမားဟာ ဘယ်တော့မှ အဆုံးသတ်တယ် မရှိဘူး မဟာနိုင်ရေ..ဟား..ဟား..ဟား..."

× × ×



www.burmeseclassic.com

www.burmeseclassic.com

## သံယောဇဉ် ဆုံမှတ်

မဟာနိုင် ပခုံးထက်သို့ လေးလံလှသော တာဝန်တစ်ခု ရောက်လာသလို စိတ်အာရုံထဲတွင် ရွှေရတုပွဲတော်ကြီးအတွက် ဖြစ်နေ၏။ အရှေ့ပိုင်းမှ ငြိမ်းချမ်းရေးလမ်းမကြီးတွင် မုခ်ဦး ကြီးကို ငွေကြေးကုန်ကျခံပြီး ပြုလုပ်သလို စတိတ်ရှိုးတီးဝိုင်းကြီး အဆိုတော်တွေနှင့်ငှားရမ်းပြီး ကျင်းပပြုလုပ်မယ့်သတင်းတွေ တော့ ပေါ်ထွက်နေလေပြီ။

မဟာနိုင်တို့ဘက်မှ ဘာသတင်းမှမထွက်သေးဘဲ လုပ်



www.burmeseclassic.com

www.burmeseclassic.com



စရာတွေကို ကြိုတ်ပြီးလုပ်ကိုင်နေကြသည်။ ဒီနေ့မြို့ထဲသို့ လို အပ်တဲ့ပစ္စည်းတွေကို ဝယ်ယူရန် စံဘော်နှင့်နှစ်ယောက်သား ထွက်လာခဲ့ကြခြင်းဖြစ်သည်။

"လက်ဖက်ရည်ဝင်ပြီးသောက်ရအောင် စံဘော်"

"သောက်လေ..."

လမ်းဘေးလက်ဖက်ရည်ဆိုင်ကလေးထဲသို့ နှစ်ယောက် သားဝင်ပြီး လက်ဖက်ရည်တစ်ခွက်စီမှာပြီးသောက်ကြသည်။

"နိုင်..မုန့်လေးဘာလေး စားလို့မရဘူးလား"

"စံဘော်..ငါတို့လက်ထဲမှာ စုထားတဲ့ငွေလက်ကျန်ဘာမှ မရှိတော့ဘူး၊ လက်ဖက်ရည်တောင် မဖြစ်မနေသောက်ချင်လွန်း လို့ ဝင်ပြီးသောက်တာ၊ မင်းဗိုက်ဆာနေရင် စားပါ"

"မစားချင်တော့ပါဘူးကွာ၊ ဟူး...'နိုင်' ဝယ်ရမယ့် ပစ္စည်း တွေနဲ့ကုန်ကျစရာတွေက အများကြီးကျန်သေးတယ်၊ ဆောင်း ဘောက်ဖိုးစရံပေးစရာလည်းရှိသေးတယ်၊ ဘယ်လိုလုပ်ကြမလဲ၊ ငွေထပ်ပြီး ကောက်ရင်ကောင်းမလား"

"ထပ်ပြီးတော့ မကောက်ချင်တော့ဘူးကွာ၊ ငါတို့ ကောင်တွေ ခုထည့်ထားတဲ့ငွေက နည်းလှပေမယ့် သူတို့ အနေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အတော့်ကိုများနေပြီ၊ မကောက်ရက်တော့ဘူး စံဘော်၊ ဦးရဲဆီက သူ့ဇနီး လက်စွပ်ကလေးတော့ ပေးလိုက်တယ်၊ ဒါလေးကိုရောင်းပြီး ရတဲ့ငွေကိုထည့်ပြီးသုံးတဲ့"

"ဟင်.."

"သူတို့ဇနီးမောင်နှံရဲ့ မင်္ဂလာဦးအမှတ်တရဆိုလို့ ဒီလက်စွပ်ကလေးပဲရှိတော့တာ၊ ငါတော့ မရောင်းရက်ပါဘူးကွာ၊ ရောင်းရင်လည်းဘာမှ မရဘူး"

"အချိန်က ကပ်နေပြီ 'နိုင်' ..တစ်ခုခုတော့လုပ်ရတော့မယ်"

"ငါလည်း ဒါကိုပဲ စဉ်းစားနေတာ၊ အလုပ်ရှင်ဆီက လစာကြိုပြီးထုတ်ထားတာလည်းကုန်ပြီ၊ ဒီကြားထဲ ကြားပေါက်ကားတွေ မပြင်ရတော့ ငွေပြတ်နေပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် ရအောင်တော့ လုပ်ရမှာပဲ စံဘော်ရာ၊ စိတ်ဓာတ်ကျလို့တော့မဖြစ်ဘူး၊ သောက်ပြီးရင် သွားကြမယ်၊ ငါတို့ ပစ္စည်းတွေရောက်မှ လုပ်လို့ရမှာ.."

လက်ဖက်ရည်ကို ဇိမ်ခံပြီး မသောက်တော့ဘဲ ကမန်းကတန်းမော့သောက်ကာ ငွေရှင်းပြီးထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟာ…ဟေ့…မဟာ…"

"ဟင်…"

သူတို့ဘေးမှ (×××)ကားတစ်စီးဖြတ်မောင်းသွားပြီး ခေါ် လိုက်သဖြင့် ကြည့်လိုက်ရာ တက္ကသိုလ်တွင်ခင်ခဲ့ကြသော မောင်မောင်လတ်ကိုတွေ့လိုက်ရသည်။ ကားကို ရှေ့နားတွင် ထိုးရပ်ပြီး စောင့်နေလေသည်။

"မောင်မောင်လတ်…"

"မင်းကိုတွေ့ချင်တာနဲ့အတော်ပဲကွာ၊ မင်းအိမ်ကိုတောင် ညနေ လာခဲ့မလို့ကွ"

"ဘာကိစ္စလဲ"

"ကားပေါ်တက်ကွာ၊ အေးအေးဆေးဆေးစကားပြောကြတာပေါ့…"

"မောင်မောင်လတ်…တစ်မျိုးတော့မထင်နဲ့ကွာ၊ ငါ အချိန်အကြာကြီးမရဘူး၊ ရပ်ကွက်မှာ ကိစ္စလေးတွေ အရေးကြီးနေလို့"

"အေးပါ… ငါကားနဲ့လိုက်ပြီးပို့ပေးပါ့မယ်၊ မကြာစေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မဟာနိုင်နှင့် စံဘော်··ကားပေါ်သို့ ပစ္စည်းတွေနှင့်တက်ခဲ့ကြသည်။

"တစ်ခုခုသောက်ရင်းပြောကြမယ်"

"မောင်မောင်လတ်··· ငါအရက်မသောက်ဘူးနော်"

"အချိုရည်တစ်ခုခုတော့သောက်ပါ"

အအေးမျိုးစုံနှင့်စားသောက်ဖွယ်ရောင်းသောဆိုင်ရှေ့တွင် ကားကလေးကိုရပ်ပြီး ဝင်ခဲ့ကြရပြန်သည်။

"ကဲ···မင်းတွေ့ချင်တဲ့ကိစ္စ"

"မင်းဆီက အကူအညီတစ်ခုတောင်းချင်လို့"

"ဘာကူညီရမှာလဲ"

"ကားမောင်းပေးဖို့"

"ဒရိုင်ဘာလုပ်ခိုင်းတာဆိုရင် မဖြစ်ဘူး"

"ဒရိုင်ဘာလုပ်ခိုင်းတာမဟုတ်ဘူး၊ ကားပြိုင်ပွဲလေးတစ်ခုမှာ ဝင်ပြီးမောင်းပေးဖို့၊ ဒီတစ်ခါပွဲက ကြေးကြီးတယ်မဟာ"

"တခြားတော်တဲ့သူတွေကို ရှာပါလား မောင်မောင်လတ်ရ"

"ရှာပြီးပြီ၊ ပြိုင်တိုင်းအရှုံးကများနေတယ်၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုအပူကပ်ရတာ”

တက္ကသိုလ် ဒုတိယနှစ်တုန်းက မောင်မောင်လတ်နှင့် ကားပြိုင်ပွဲတစ်ခုကို မောင်းပေးဘူးသည်။ ရန်ကုန်ကနေ ပဲခူးထိ ပြိုင်ခဲ့ရသော ကားပြိုင်ပွဲတွင် တစ်ဖက်ကားကို မိုင်ပြတ်ထားခဲ့ပြီး အနိုင်ရခဲ့ဖူးသည်။

“မင်းအတွက် ထိုက်တန်တဲ့ကြေးရစေမယ်၊ ခုပွဲက ငါတစ်ယောက်တည်းမဟုတ်ဘူး၊ တကယ့်ဘော့စ်တွေပါ ပါဝင်နေတာကွ၊ ငါတို့ရှုံးခဲ့တဲ့ပွဲတွေကို သုံးသပ်ရင် ကားရွေးချယ်မှု၊ ပြင်ဆင်မှု အားနည်းတာက အဓိကကျတယ်၊ ပြီးတော့ ကားမောင်းကျွမ်းကျင်တာချင်းက သိပ်မကွာဘူး၊ ကွာသွားတာက ပရိယာယ်ပိုင်းပဲ၊ တစ်ဖက်ကောင်က နည်းနည်း ညစ်ပတ်ပြီး အကွက်ဆင်မောင်းတာကိုခံရတာ မဟာ..”

“ငါ..ငွေကြေးနဲ့စကားမပြောချင်ပါဘူး၊ ဒါပေမယ့် ငါငွေသိပ်လိုအပ်နေတာတော့ အမှန်ပဲ မောင်မောင်လတ်၊ မင်းတို့ပေးမယ့်ငွေက အနိုင်အရှုံးပေါ်မှ ပေးမှာလား”

“မဟုတ်ဘူးမောင်..ကြေးသတ်သတ်အရင်ပေးမယ်၊ နိုင်ခဲ့ရင် ဆုကြေးထပ်ပြီးပေးမယ်၊ တစ်ခုတော့ရှိတယ်၊ ကားပြိုင်ပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်တဲ့ကိစ္စကိုတော့ တာဝန်ယူရမယ်"

"ငါသဘောပေါက်တယ် မောင်မောင်လတ်၊ ဒီအတွက် လက်မှတ်ထိုးရမယ်ပေါ့"

"ထိုးရမယ် မဟာ"

"ကောင်းပြီ.. ငါ့အချိန်မရဘူး၊ ဘယ်နေ့လဲဆိုတာပြော"

"နောက်(၃)ရက်ဆို ပြိုင်ရမှာ"

"တာဝေးလား တာတိုလား"

"တာတို ပြိုင်ရမှာ"

"နေရာကရော.."

"အရှေ့မြင်းလှေ့ကျင့်ရေးကွင်းမှာ မဟာ.."

မောင်မောင်လတ်ပြောသော အရှေ့မြင်းလှေ့ကျင့်ရေးကွင်းဟာ မဟာနိုင်နှင့်မစိမ်းသောနေရာတစ်ခု သူ့ဝပ်ရှော့မှ ကားတွေစမ်းသပ်မောင်းနှင်ခဲ့ရသော နေရာလေးတစ်ခုပင်ဖြစ်ခြင်းကြောင့် လမ်းအခြေအနေကို သဘောပေါက်ပြီးသားဖြစ်၏။

"ကားကို မင်းတို့ရွေးပေးမယ်ဆိုရင် မဖြစ်ဘူး"

"မင်းစိတ်ကြိုက်ရွေးပါ၊ ငါတို့ရှာထားတဲ့ ကား(၁၀)စီးရှိတယ်၊ မင်းကြိုက်တဲ့ကားကိုသုံး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းဆီကို လာခဲ့ရမှာလား"

"မနက်ဖြန် မင်းလာမယ်ဆိုရင် ငါတို့သူဌေးတွေနဲ့ စောင့်နေမယ်··"

"မင်းဘော့(စ်)တွေက ငါ့ကို ယုံကြည်မှုရောရှိပါ့မလား"

"သူတို့ရှာခဲ့တဲ့ကောင်တွေနဲ့ပြိုင်တာ ကုန်ခဲ့ပြီးပြီ၊ ဒါကြောင့် ငါ့ကို အထူးတာဝန်ပေးပြီး ရှာနိုင်းတာ"

"မောင်မောင်လတ်··· မနက်ဖြန်မင်းဆက်ဆက်စောင့်နေ"

"ဟူး··ခုမှပဲ သက်ပြင်းချနိုင်တော့တယ်၊ လက်မှတ်ထိုးပြီးတာနဲ့ မင်းမောင်းကြေးငွေကို တစ်ခါတည်းပေးမှာပါ"

"မင်းကိုကျေးဇူးတင်တယ် မောင်မောင်လတ်၊ ငါငွေလိုနေတာ ငါ့အတွက်မဟုတ်ဘူး၊ ငါတို့အပိုင်းအတွက်"

"မင်းသာ တစ်ဖက်ကကောင်ကို နိုင်အောင်မောင်းခဲ့ရင် မင်းတို့အပိုင်းအတွက် အကောင်းဆုံးဖြစ်အောင် ငါတာဝန်ယူရဲတယ်"

"ငါကြိုးစားပြီးမောင်းမှာပါ"

မောင်မောင်လတ်···သူတို့(၂)ယောက်ကို ရပ်ကွက်ထိပ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ပို့ခဲ့ပြီးပြန်သွားသည်။

"စံဘော်.."

"မင်း ဘာပြောချင်လို့လဲ"

"ခုကိစ္စ ဘယ်သူမှ မသိစေနဲ့ကွာ၊ မနက်ဖြန် မင်းငါလိုက်ခဲ့ပြီး ငွေလိုက်ယူ၊ ငါတစ်ခုခုဖြစ်သွားလဲ ဒီငွေနဲ့ဖြစ်အောင် ဆက်ပြီး လုပ်ရမယ်.."

"နိုင်...မင်းအလုပ်ကြီးက အန္တရာယ်ကြီးတယ်နော်"

"ဒါတွေကို ခေါင်းထဲမှာထည့်မထားနဲ့၊ မင်းခေါင်းထဲမှာ ထည့်ထားရမှာက ရွှေရတုပွဲကြီးဖြစ်မြောက်ဖို့ပဲ"

"မင်းရဲ့စိတ်ဓာတ်နဲ့ စေတနာကို လေးစားပါတယ်ကွာ"

"အချင်းချင်းမြှောက်မနေနဲ့၊ မင်းပါးစပ်က ဘယ်သူ့ကိုမှ မပြောမိဖို့ပဲ အရေးကြီးတယ်"

"စိတ်ချပါကွာ၊ မင်းမသိစေချင်တာကို ဘယ်သူ့ကိုမှ မပြောပါဘူး"

"မင်းတော့မသိဘူး၊ ငါတော့ အတော်လေးကို စိတ်ထဲမှာ ပေါ့သွားတယ်ကွာ၊ ငါတို့အတွက် အရမ်းကိုလိုအပ်နေတဲ့ငွေရ လိုက်လို့ပဲ စံဘော်ရေ..."



www.burmeseclassic.com

www.burmeseclassic.com



စံဘော်အနေဖြင့် မဟာနိုင်စကားကို အလိုက်သင့်လေး ပြန်ပြီး ခေါင်းညိတ်ပေမယ့် စိတ်ထဲမှာတော့ မကောင်းခဲ့…။

× × ×



www.burmeseclassic.com

www.burmeseclassic.com

မဟာနိုင်···သူ့စိတ်ကြိုက် (××××) ကားလေးကိုရွေးချယ်ပြီး မောင်းကြည့်လိုက်သည်။ ပြိုင်ပွဲဝင်ရန် အသင့်လျော်ဆုံးကားဖြစ်သလို သူပြိုင်ရမည့်နေရာနှင့်အကောင်းဆုံးကားဖြစ်သည်။

"ဘယ်လိုလဲမဟာ·· အိုကေလား"

"ငါ ဒီကားကိုသုံးမယ်၊ တစ်ခုတော့ ငါပြင်ချင်တယ်"

"မင်းလုပ်ချင်တာကို လုပ်ပါ"

"ကားဘရိတ်ပိုင်းတွေကို ပြန်ပြီးပြင်ဆင်ချင်တယ်"

"ရတယ်လေ··မင်းကားကို အိမ်ယူပြီးလိုအပ်တာ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သာလုပ်ခဲ့၊ ပြိုင်မယ့်နေ့ မနက်မှ မောင်းလာခဲ့"

"ဒါဆိုရင် မိုပြီးအဆင်ပြေတာပေါ့"

"ကဲ..မင်းလက်မှတ်ထိုးဖို့လုပ်ကြရအောင်"

မောင်မောင်လတ် ..သူ့သူဌေးတွေဆီကိုခေါ်လာပြီး အလုပ်ကိစ္စစကားပြောကြသည်။

"အန်ကယ်တို့ဘက်က ငွေကြေးပိုင်းကို ဘာမှပြောစရာမရှိဘူးမောင်ရင်... ဒီပြိုင်ပွဲကို အနိုင်ရဖို့က သိပ်ကိုအရေးကြီးတယ်"

"ကျွန်တော် ကြိုးစားပါ့မယ်"

"လောင်းကြေးငွေက အန်ကယ်တို့ရှုံးခဲ့တဲ့ပွဲတွေရဲ့ငွေ(၅)ဆလောက်ကိုတင်ပြီး လောင်းထားတာဆိုပေမယ့် အန်ကယ်ငွေရှုံးတာ နိုင်တာ အရေးမပါဘူး၊ အရေးပါတာ နိုရာနိုင်ဆိုတဲ့ကောင်ကို အနိုင်ယူလိုက်ရမှကျေနပ်နိုင်မယ်"

"ဒီလိုမဟာရေ.. ရှင်းအောင်ပြောရရင် နိုရာနိုင်ကြောင့် အန်ကယ်စိုးနောင်ရဲ့သား ခြေထောက်ဖြတ်ခဲ့ရတယ်"

"ဟင်...ကားပြိုင်ပွဲကြောင့်လား"

"ဟုတ်တယ်..နိုရာနိုင်နဲ့ကားပြိုင်ရင်း တစ်ဖက်ကပညာ



www.burmeseclassic.com

www.burmeseclassic.com



ပြုပြီးမောင်းလို့ ဓာတ်တိုင်နဲ့ ဝင်တိုက်သွားခဲ့ရတာ၊ ဒါကို အန်ကယ် စိုးနောင်က ပြန်ပြီးအနိုင်ယူချင်နေတာ၊ သူ့စိတ်ကြိုက်ခေါ်လာ တဲ့ကောင်တွေက မစွံပါဘူး၊ (၂)ခါပြိုင် (၂)ခါရှုံးဖြစ်နေတော့ သိက္ခာတွေ ကျနေတာကွ”

“နိုရာနိုင်က ဘယ်လိုကားမျိုးနဲ့ပြိုင်မှာလဲ”

“(××××)အမျိုးအစား မဟာ··ကားမောင်းကျွမ်းကျင် တာထက် ညစ်ပတ်ပြီးမောင်းတဲ့နေရာမှာတော်တယ်၊ မင်း ဒါကို သတိတော့ထား၊ ပထမကောင်တွေကိုလည်း သတိပေးရက်နဲ့ သူ့ ထောင်ချောက်ထဲကို ဝင်သွားကြတာပဲ”

“ကိုယ်ညွှန်တာက သူ့ကိုတော်တယ်လို့ဖြစ်စေတာပဲ၊ ကိုယ် မညွှန်ရင် သူတော်စရာမရှိပါဘူး မောင်မောင်လတ်ရာ·· ငါ ကား ယူသွားတော့မယ်··· ရပြီမဟုတ်လား”

“ရပြီ···”

မဟာနိုင်···မောင်းကြေးငွေထုပ်နှင့်ကားကိုယူပြီး ပြန်လာ ခဲ့ကြတော့သည်။

“နိုင်··သူတို့ပြောတဲ့စကားအရဆိုရင် တစ်ဖက်က ကောင် က ကောက်ကျစ်မယ့်ပုံပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မြေခွေးတစ်ကောင်ရဲ့ကောက်ကျစ်မှုကိုခံရမယ့် ယုန်သူငယ်မဟုတ်ပါဘူးကွာ.. ငါ နိုရာနိုင်ဆိုတဲ့ကောင်ကို မတွေ့ဘူးပေမယ့် ဒီကောင်မောင်းတဲ့ကားရဲ့ အားနည်းချက်ကိုတော့ကောင်းကောင်းသိလိုက်ပြီ စံဘော်.."

"ဟင်..."

"ကားတစ်စီးမှာ ဘက်စုံကောင်းတဲ့အမျိုးအစားဆိုတာရှိပေမယ့် အားနည်းချက်တစ်ခုတော့ရှိတယ်၊ ဒီအထာကို ငါတို့လိုကားစက်ပြင်သမားတွေကပဲ သိတာကွ၊ ကားပြိုင်ပွဲအတွက်သီးသန့်လုပ်ထားတဲ့ကားတွေမဟုတ်တော့ စက်ကို အမြန်တင်ပြီးမောင်းပြီဆိုရင် ချို့ယွင်းချက်တစ်ခုက ရှိတတ်တာပဲ၊ ဒီအထာကိုနိုရာနိုင် သဘောပေါက်ထားရင်တော့ ကံကောင်း မှာပါ"

"မင်းခုမောင်းတဲ့ ကားကရော.."

"အားနည်းချက်ရှိတယ်၊ ဘာတွေကို ပြင်ဆင်ရမယ် ဆိုတာကို ငါသိတယ် စံဘော်.. ပြီးတော့ ငါတို့ပြိုင်မယ့် အရှေ့ပိုင်းမြင်းလှေကျင့်ကွင်းကြီးပေါ်က လမ်းတွေကို အရှင်းဆုံးပြောရရင်မျက်စိမှိတ်ပြီးတောင် မောင်းလို့ရတယ်"

"ဟာ...နောက်မှာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

မဟာနိုင်တို့နောက်မှ ကားတစ်စီး ဘယ်ယိမ်းညာယိမ်း မောင်းလာသည်ကိုတွေ့လိုက်ရသည်။

"နောက်ကကား တစ်ခုခုဖြစ်လာတဲ့ပုံပဲ စံဘော်"

"အရက်မူးပြီးမောင်းလာတာများလားမသိဘူး"

"မဟုတ်ဘူး… ဘရိတ်ပေါက်တဲ့သဘော‥ ကုန်းဆင်း ဆိုတော့ စီယာတိုင်ကို မနိုင်ဖြစ်နေတာ"

နောက်မှ ပါလာသောကားမှာ အနီရောင်(××××) အမျိုး အစား အမိုးဖွင့်ကားကလေးဖြစ်သည်။ မဟာနိုင် သူ့ကားကိုလမ်း ဘေးသို့ဆွဲချပြီး လွတ်လွတ်ကင်းကင်းရပ်ထားလိုက်သည်။

မိန်းကလေးတစ်ဦး‥

"ကူညီပါဦး‥ကယ်ပါဦး‥"

"ဟာ‥စံဘော်‥မင်းကားကိုမောင်း‥"

"အင်း…"

မိန်းကလေး ကားနောက်ကို မောင်းလိုက်ပြီးဘေးချင်း ကပ်သည်နှင့်….

"စံဘော်ရေ‥ ငါခုန်ကူးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သတိထား.."

"ဘုတ်..."

မဟာနိုင် တစ်ဖက်ကားပေါ်သို့ ခုန်တက်စဥ် နောက်ဘက်သို့ ပြန်ပြီးကျသွားကာ ကားတံခါးကိုတော့ မိမိရရ ကိုင်မိလိုက်သဖြင့် ပြုတ်ကျမသွားပေ။

"နိုင်....သတိထား.."

မဟာနိုင်..ကားတံခါးမှတစ်ဆင့် ကားပေါ်ဆီသို့ရအောင် တက်ပြီး ကားရှေ့ခန်းကို ဝင်လိုက်သည်။

"မင်း..နောက်ကိုဆုတ်.."

"ဟုတ်...ဟုတ်ကဲ့.."

မဟာနိုင်...သူမနေရာတွင်ဝင်ပြီး ဂီယာနှင့်ထိန်းချုပ်ပြီး ကားကို ဘေးဘက်ကြာကန်လေးဆီသို့ ခေါင်းထိုးပေးလိုက်သည်။ ရှေ့တွင် ကလေးသူငယ်တွေ ကျောင်းဆင်းနေသောကြောင့် မဟာနိုင် ကြာကန်ကို ရွေးချယ်လိုက်ရခြင်းဖြစ်သည်။

"ဝုန်း..."

"အမေ့..."

ကားကလေးမှာ ကြာကန်ထဲသို့ ခေါင်းပိုင်းလေးသာကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် နစ်မြုပ်ခြင်းတော့မရှိပေ။ သူမ ကြောက်ကြောက်နှင့် မဟာနိုင်ကို ရေထဲတွင် ဖက်ထားလေသည်။

"ဘာမှမဖြစ်တော့ပါဘူး၊ ကုန်းပေါ်ပြန်တက်ရအောင်"

"ဟုတ်ကဲ့‥"

သူမ‥ကြောက်စိတ်ကလေးတွေကြောင့် မျက်နှာပြင်တစ်ခုလုံး ပန်းနုရောင်လေးသမ်းနေသည်။ မဟာနိုင်ကို မျက်လုံးဝိုင်းကလေးနှင့်သာကြည့်ပြီး ဘာစကားမှမပြော။

"မင်းကို ဘယ်ထိလိုက်ပို့ပေးရမလဲ၊ ရေတွေရွှဲနေတော့ တခြားကားနဲ့ပြန်ရင် မသင့်လျော်ဘူး‥"

"ဟို‥ဟို‥ ဒိုရာ‥ကို‥"

"ရှု‥‥ကျွဲ‥‥"

"ဟာင်‥‥ဒယ်ဒီ‥‥"

ကားနက်ကြီးတစ်စီး ထိုးရပ်လာသည်။

"သမီး‥‥ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်ပါဘူး၊ သူတို့ဝင်ပြီးကယ်လို့"

"ကျုပ်သမီးကို ခုလိုကူညီပေးတာကို ကျေးဇူးတင်ပါတယ် ရှော့‥‥မောင်ရင်တို့ ကူညီပေးခအတွက်‥"



www.burmeseclassic.com

www.burmeseclassic.com



ငွေစက္ကူတစ်ထပ်ကိုထုပ်ပြီးပေးသောကြောင့် မဟာနိုင်ခေါ်သထွက်သွားသည်။ ငွေကြေးရှိသူတွေရဲ့ ကျေးဇူးတရား တုံ့ပြန်မှုတွေမှာ ခံပြင်းစရာ....

"သမီး..သွားကြမယ်.."

"ဟို..."

သူမဆီမှ နောက်ထပ်ထွက်မည့်စကားသံကို ဖခင်လုပ်သူက ပေးမထွက်စေဘဲ အတင်းဆွဲခေါ်သွားသည်။ မဟာနိုင် သူ့လက်ထဲမှ ငွေစက္ကူများကို ဆုပ်ကိုင်ပြီး ကားနားဆီသို့ လိုက်သွားကာ...

"အန်ကယ် ခဏလေး.."

"ဘာကိစ္စရှိသေးလို့လဲ၊ ငွေနည်းလို့လား"

"ငွေက မနည်းပါဘူး၊ ဒါပေမယ့် လူတစ်ယောက်ရဲ့ လူလူချင်း စာနာမှုနဲ့ ကူညီတာဟာ ငွေကြောင့်မဟုတ်ဘူးအန်ကယ်၊ ပိုက်ဆံကိုပြန်ပြီးယူသွားပါ"

"တယ်ပြီးကောင်းတဲ့ လူမှုရေးစကားလုံးကြီးပဲ၊ မလိုချင်ရင်တော့ ပြန်ပြီးယူရတာပေါ့၊ တစ်ခုတော့ပြောခဲ့မယ်၊ ခုလို ကူညီတာလေးကို ခေါင်းစဉ်တပ်ပြီး ငါ့သမီးနဲ့ ရင်းနှီးဖို့တော့ မကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားနဲ့..."

"ဝူး...."

"တောက်..."

မဟာနိုင် ခံပြင်းခြင်းများစွာနှင့်ကျန်ရစ်ခဲ့တော့သည်။ ကားပေါ်တွင် ပါသွားသော သူမ မျက်နှာလေးကတော့ အားနာမှုတွေနှင့်...

"နိုင်...ဒီလူကြီး ဘာတွေပြောသွားတာလဲ"

"ဘာပြောရမလဲကွာ၊ ခနရှင်တွေရဲ့ စကားလုံးတွေ အတိုင်းပေါ့"

"ဒီလူကြီးကို မင်းသိလား"

"ခုမှ မြင်ဘူးတာ"

"အရှေ့ပိုင်းက ဦးထွန်းခေါင်ကျော်ဆိုတဲ့ လူကြီးပဲ"

"ဩော်... ဒီလူကြီးနဲ့နောက်ထပ်တစ်ပွဲတွေ့ဦးမှာပါ"

"ဘာပွဲလဲ..နိုင်.."

"ပြောပြလို့မရသေးတဲ့တွေ့ဆုံမှုတစ်ခုလို့ပဲ ဆိုရမှာပေါ့"

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဆောင်းကိုနှုတ်ဆက်မည့် နွေဦးအဝင်ရာသီလေးဖြစ်ပေမယ့် နှင်းပွင့်ကလေးတွေက သံယောဇဉ်တွယ်ကာ ရှိနေဆဲ။

မဟာနိုင် ပြိုင်ရမည့်နေရာကို ရောက်နေခဲ့ပြီဖြစ်သည်။

"မလာကြသေးဘူးလား မောင်မောင်လတ်··"

"ဒီကောင်က ပြိုင်ကာနီးကပ်မှ ရောက်လာတတ်တာ။ ရောက်လာရင်လည်း ကား(၅)စီးလောက်နဲ့ သူ့ကောင်တွေ ပါလာတတ်တာ"

အန်ကယ်စိုးနောင်··မဟာနိုင်ဘေးနားတွင်ရပ်ပြီး···



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ့်စိတ်ထဲမှာ ဒီတစ်ခါ ကားပြိုင်ပွဲဟာ စိတ်ရှင်းနေသလိုဖြစ်နေတယ်"

"အန်ကယ်စိုးနောင်က နိုင်မယ်လို့ ယုံကြည်နေတယ်ပေါ့"

"ဟုတ်တယ် မောင်မောင်လတ်ရာ၊ အန်ကယ့်သားရဲ့ ရာဇဝင်ကြွေးကို ဒီနေ့ဆပ်နိုင်ပြီလို့ထင်နေတယ်"

"ဟိုမှာ လာနေကြပါပြီ"

မြင်းလေ့ကျင့်ကွင်းထဲသို့ ကား(၅)စီး မောင်းပြီးဝင်လာသည်ကို လှမ်းပြီးတွေ့နေရလေသည်။

"ရူး..ကျွီ...ရူး..ကျွီ..."

ကား(၅)စီးလုံးထိုးရပ်ပြီး ပြိုင်မယ့်ကားလေးက မဟာနိုင်ကားဘေးနားတွင် ယှဉ်ပြီးရပ်လိုက်သည်။

"အန်ကယ်စိုး..ဒီတစ်ခါ အမေရိကန်ထိသွားပြီး ကားမောင်းသမားကို ရွေးခဲ့သလားဗျ...ဟား..ဟား..ဟား... နိုရာနိုင်တို့ကတော့ အင်္ဂလိပ်ကကောင်တွေနဲ့တောင်ယှဉ်ပြီး မောင်းချင်တာ"

"စကားတွေက လက်တွေ့မကျပါဘူး၊ ပွဲပြီးဆုံးတဲ့အခါ စကားပြောကြတာပေါ့ နိုရာနိုင်.."



www.burmeseclassic.com

www.burmeseclassic.com



"ပွဲပြီးဆုံးတဲ့အထိ စောင့်စရာမလိုပါဘူး၊ နိုရာနိုင်ကို ယှဉ်နိုင်သူမရှိသေးဘူး၊ လေင်းကြေးထပ်ပြီး ထည့်ဦးမလား၊ နှုတ်ချင်ရင်လည်း ရတယ်နော်..."

"ငွေကြေးစကားကို မင်းမပြောနဲ့ နိုရာနိုင်၊ မင်းဒယ်ဒီ ချမ်းသာသလောက်တော့ စိုးနောင်တို့က ရင်ဘောင်တန်းလို့ရတယ်"

"နိုရာ..စကားတွေအပိုမပြောနဲ့ မင်းကားပေါ်ကို တက်"

"ဟင်...."

မဟာနိုင်..တစ်ဖက်မှ စကားသံတွေကြောင့် သေချာကြည့်မိလိုက်တော့ သူကူညီခဲ့ဖူးသော သူမနှင့် နိုရာနိုင် အစ်ကို(၂) ယောက်ကိုတွေ့လိုက်ရသည်။

သူမ မျက်ဝန်းလေးထဲတွင် မဝံ့ရဲသောစကားလေးတွေမှာ စိတ်နှင့်လျက်...

"ဦးစိုးနောင်..သတ်မှတ်ထားတဲ့အတိုင်းပဲနော်၊ ပြင်ချင်ရင် ပြင်လို့ရတယ်"

"ပြင်စရာမရှိပါဘူး နိုရာနိုင်.."

"ကျေနပ်ပြီဆိုပါတော့၊ ဒါဆို စကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"စလေ‥မောင်မဟာနိုင်‥"

မဟာနိုင် ကားတံခါးကိုဖွင့်ပြီး ကားပေါ်သို့တက်လိုက်ပြီး အသင့်အနေအထားကို ပြင်ထားလိုက်သည်။ သူ့စိတ်ကို တည်ငြိမ်အောင်ထားပြီးကားဂီယာကို ဖြုတ်လိုက်သည်။

"မောင်း‥‥"

"ရှူး‥‥ရှူး‥‥"

ကား(၂)စီး တစ်ပြိုင်နက်တည်း ထွက်ပေမယ့် မဟာနိုင် အလောတကြီးမမောင်းဘဲ လမ်းကြောင်းပေါ်ကနေ မီရုံလေး စက်ကိုတင်ပြီးမောင်းလာခဲ့သည်။ နိုရာနိုင်ကတော့ ကားကို ရှေ့က နေ ပညာပြပြီးမောင်းကာ လမ်းတစ်ဖက်ဆီသို့ မဟာနိုင်ကား ရောက်သွားအောင် မောင်းနေခြင်းဖြစ်သည်။

နိုရာနိုင်အကြံကို မဟာနိုင် သဘောပေါက်လိုက်သည်။ သူကား ဘေးဘက်သို့ စိတ်မရှည်ဘဲ ကျော်တက်ဖို့ ကြိုးစားတာနဲ့ ရှေ့တွင်ရှိနေသော ဓာတ်တိုင်တွေနှင့် ညှပ်မိအောင် ကြံစည်သော ထောင်ချောက်တစ်ခု‥‥ ကျော်မတက်လျှင် မဟာနိုင်ကား ပန်းတိုင်ကို အရင်ရောက်ဖို့မလွယ်ကူ၊ ရှေ့တွင် ပြိုင်ခဲ့သောသူတွေအားလုံး နိုရာနိုင်လက်ချက်ကြောင့် ဆေးရုံသို့ ပို့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရသူတွေပင်၊ တစ်ဦးမှ ပန်းတိုင်ထိ မရောက်ခဲ့ကြ။ နိုရာနိုင် သူ ဆင်ထားသည့်အကွက်ထဲကို မဟာနိုင် မဝင်လေ ဒေါသထွက် ပြီး စက်ကို ထပ်တင်ပြီးမောင်းလေသည်။ မဟာနိုင် အနောက်က နေ သိပ်မကွာလိုက်လာပြီး ကျော်တက်လို့ရမည့်နေရာကို သူသိ သည်။ ထိုနေရာကိုရောက်သည်နှင့် နိုရာနိုင် ကား၏ ဘယ်ဘက် ခြမ်းအားနည်းသောနေရာမှ ပွတ်ကာသီကာလေးကျော်တက်လိုက် သည်။

နိုရာနိုင် သူ့ကားဖြင့်ဘေးချင်းရိုက်ပြီး ဘေးသို့တွန်းချဖို့ ကြိုးစားပေမယ့် ဘယ်လိုမှမရ၊ မဟာနိုင် သူ့ကားရှေ့ကို ဦးသွား သည်နှင့် လမ်းရဲ့ ညာဘက်အခြမ်းကို အဓိကထားပြီးနေရာယူ ကာ မောင်းခဲ့သည်။ ဘယ်ဘက်အခြမ်းတွင် ရှိသောလမ်းမှာ ကားဘီးတွေကို ဒုက္ခပေးနိုင်သော ကျောက်စရစ်လေးတွေရှိနေ သည်။ ရှေ့ဆိုရင် ကုန်းဆင်းလမ်းကိုရောက်တော့မှာဖြစ်သည်။

"ဒုန်း...ခွမ်း...ဟင်..."

နိုရာနိုင် နောက်မှကားဖင်ကိုဝင်တိုက်ကာ ညစ်ပတ်လေ တော့သည်။ ကုန်းဆင်းဟန်ချက်ပျက်သည်နှင့် အန္တရာယ်ရောက် သွားအောင် တမင်လုပ်ခြင်းဖြစ်သည်။

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

ကားနှင့်သိပ်ပြီးမဝေးသောနေရာတွင် ကျောက်တုံးကြီး တစ်ခုကို ကားလမ်းပေါ်တွင် တင်ထားသည့်ကိုတွေ့လိုက်ရသည်။ အခုင်က ထိုနေရာတွင် ကျောက်တုံးကြီးမရှိ၊ နိုရာနိုင်၏ နောက် ဆုံးကောက်ကျစ်မှုတစ်ခုဆိုတာကို သဘောပေါက်လိုက်တော့ သည်။ ပန်းတိုင်ဆီကို ပြန်ပြီးကွေ့ဝင်တဲ့နောက်ဆုံးနေရာတစ်ခုပင် ဖြစ်သောကြောင့်ဖင်ဖြစ်သည်။

ကျောက်တုံးကြီးမှာ ကားလမ်းမအလယ်တွင်ထားခြင်း ကြောင့် ကားဘက်လွတ်နေသောနေရာကို ကားတစ်စီး မောင်း ဝင်လို့မရ၊ မောင်းဝင်လျှင် ဘေးဘက်ကုန်းပေါ်သို့ ကားဘီး တင်ပြီးစောင်းသွားနိုင်သည်။ ထိုသို့ဖြစ်သည်နှင့် နိုရာနိုင်နောက်မှ အရှိန်နှင့်တိုက်ချလိုက်လျှင် ကုန်းဆင်းအောက်သို့ မှောက်သွားဖို့က သေချာသည်။

မဟာနိုင် ဆုံးဖြတ်ချက်တစ်ခုကိုချပြီး ကားဘရိတ်အား ကိုးပြီး ရက်စက်ရတော့မည်ဖြစ်သည်။ သူ မရက်စက်ပါက သူ့ကို နိုရာနိုင်က သက်ညှာမည်မဟုတ်ပေ။

"ဝူး..ကဲ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ…ဝုန်း…"

ကားစက်ရှိန်အမြင့်ဆုံးမောင်းနေရာမှ ကားဘရိတ်နင်းပြီး ကားကို တစ်ပတ်လည်အောင်ကွေ့ချလိုက်သည်နှင့် နိုရာနိုင် မမျှော်လင့်ဘဲကြုံလိုက်ရသော မဟာနိုင်၏ လုပ်ရပ်ကြောင့် ကားကို စိုးရိမ်စိတ်နှင့် ဘေးဘက်သို့ စီယာတိုင်ကို သတိမေ့ကာဆွဲချလိုက်ခြင်းကြောင့်ကားမှာ ကျောက်တုံးကြီးကို ဝင်တိုက်ပြီး လွင့်စင်ထွက်သွားလေသည်။

မဟာနိုင် ကားရပ်ပြီး မှောက်သွားတဲ့ကားထဲမှ နိုရာနိုင်ကိုဆွဲထုတ်လိုက်သည်။

"မင်း..မင်း..သိပ်ပြီးတော်တယ်.."

"ဟင်…."

နိုရာနိုင် ခေါင်းလေးကျိုးကျသွားတော့သည်။

"ညီလေး…"

"နို….ညီ…"

"ကိုကို့ ကိုဆေးရုံပို့ဖို့လုပ်ကြပါ"

နိုရာနိုင် ညီအစ်ကို တွေနှင့် အပေါင်းအသင်းတွေရောက်လာကြပြီး ပွေ့မသွားကြသည်။ ကျန်ရစ်ခဲ့သော နိုရာ….မဟာ



www.burmeseclassic.com

www.burmeseclassic.com



နိုင် ဘေးနားကိုလာပြီး…

"မင်းနာမည် မဟာနိုင်ဆိုတာ"

"ဟုတ်ပါတယ်"

"ငါရာဇဝင်ထဲမှာ မှတ်ထားမယ်"

"ခင်ဗျား သဘောပဲဗျာ"

ကားပြိုင်ပွဲပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ တကယ်တော့ နိုရာနိုင်တစ်ယောက် သူ့ရဲ့မကောင်းကြံစည်မှုကြီးက သူ့ကိုပြန်ပြီး ဒုက္ခပေးလိုက်ခြင်းသာဖြစ်သည်။ သူ့ဘက်မှ ရက်စက်လိုသော ဆန္ဒမရှိပေမယ့် ကံကြမ္မာကတော့ သူ့ကို ထိုက်တန်သော အပြစ် ပေးလိုက်ခြင်းသာဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

သစ်ပင်အိုကြီးဆီမှ သစ်ရွက်ခြောက်ကလေးတွေ လေနှင့်အတူ မြေပြင်ပေါ်သို့ တပြုတ်ပြုတ်ကြွေခလျက် အထီးကျန်လှသော သုသာန်ကြီးပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လေသည်။

နိုရာနိုင်

အသက် (၂၂) နှစ်

အုတ်ဂူဖြူဖြူလေးရှေ့တွင် မဟာနိုင် နှင်းဆီပန်းစည်းအေးကိုတင်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းပါဘူး နီရာနိုင် ဒီနှင်းဆီပန်းစည်းလေးဟာ ငါရဲ့တောင်းပန်ခြင်းလို့ သဘောထားပေးပါ၊ မင်းနဲ့ငါ့ကြားမှာ အမုန်းတွေ ကင်းမဲ့ခဲ့ပါတယ်။ မင်းရဲ့သေဆုံးခြင်းပေါ်မှာ ငါမပျော်ခဲ့သလို အနိုင်ရခြင်းပေါ်မှာလည်း ငါမခံမင်ခဲ့ပါဘူးကွာ။ ဒါပေမဲ့ မင်းရဲ့ ကံကြမ္မာဟာ မင်းအတွက်ကောင်းခြင်း မဖြစ်တာတော့ ငါမတတ်နိုင်ခဲ့ဘူး။ ငါနဲ့မင်းက ကားပြိုင်ပွဲလေးတစ်ခုကို ဝင်ခဲ့တာပါ ရန်ပွဲကို ဝင်ခဲ့တာမဟုတ်ဘူးဆိုတာတော့ မင်းဘယ်လိုနားလည်ထားလဲ ငါမသိဘူး နီရာနိုင်၊ ထားလိုက်ပါတော့ကွာ အားလုံးဟာပြီးဆုံးခဲ့ပါပြီ၊ ဘာမှ ပြန်ပြီးကောက်ယူလို့မရနိုင်တော့ဘူး၊ ငါ ဆုတောင်းပေးခဲ့ပါတယ်၊ မင်းတစ်ယောက် ကောင်းသောဘဝကို ရောက်ပါစေ..."

"ကိုမဟာနိုင်..."

"ဟင်"

သူနှင့်ဆုံခဲ့ဘူးသော မိန်းကလေး..ဦးထွဋ်ခေါင်ကျော်၏ သမီး နီရာနိုင်၏ညီမ..

"ရှင် ဒီအုတ်ဂူလေးဆီကိုလာတာလား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလာပြီးလုပ်တာလဲ ဟင်··"

"လူတစ်ယောက်အတွက် ဝမ်းနည်းကြေကွဲမှုလေးကို လာပြီးပို့တာပါ"

"ကျွန်မ ဘယ်သူဆိုတာရော သိမှာပေါ့"

"မင်းဟာ နိုရာနီ···နိုရာ့နိုင်ရဲ့ညီမဆိုတာလေးကို သိထားပါတယ်··"

"ရှင် ကျွန်မအစ်ကိုကို အနိုင်ရသွားတယ်နော်"

"ဒီနိုင်ခြင်းဟာ ငါ့အတွက် ဘာမှအသုံးမဝင်ပါဘူး ကိုယ့်ကရည်ရွယ်ချက်ကင်းမဲ့စွာ ကားပြိုင်ခဲ့တာပါ။ မင်းတို့အနေနဲ့တော့ အပြစ်တစ်ခုလို့ သတ်မှတ်ကောင်းသတ်မှတ်နိုင်ပါတယ်။ ဒီအတွက် ငါတောင်းပန်ပါတယ်"

"ကျွန်မ မသတ်မှတ်ထားပါဘူး အန္တရာယ်နှင့်ကစားကြတဲ့သူတွေဆိုတာ အန္တရာယ်ကြုံရမှာပဲလေ၊ ရှင့်မှာအပြစ်မရှိပါဘူး"

"မင်းခုလိုနားလည်ပေးတာကို ကျေးဇူးတင်ပါတယ်"

"ရှင်နဲ့ကျွန်မကြားမှာ ကျေးဇူးတင်ရမယ်ဆိုရင် ရှင့်ကိုသာ ကျေးဇူးတင်ရမှာ၊ တောင်းပန်ရမယ်ဆိုရင် ကျွန်မဘက်ကတောင်းပန်ရဦးမှာပါ၊ ရှင့်ပေါ်မှာဘာမှ မတုံ့ပြန်ခဲ့သလိုဖြစ်သွားတာကို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပေးပါ”

“ငါက လူတွေကို နားလည်ခြင်းတွေပေးနိုင်အောင်ကြိုးစား နေတဲ့သူပါ။ တစ်ယောက်နဲ့တစ်ယောက် ကူညီခွင့်တစ်ခုကိုရခဲ့ကြ တာဟာ တိုက်ဆိုင်မှုတစ်ခုပါပဲ”

“မဟာနိုင်ဆိုတဲ့ လူတစ်ယောက်အကြောင်းကိုကြားဖူးနေ တာကြာပါပြီ”

“လူသိများတဲ့ လူတစ်ယောက်မဟုတ်ဘဲနဲ့ မင်းသိနေခဲ့တာ ကြာပြီဆိုတော့ အံ့သြစရာတစ်ခုပဲ”

“နိုရာ့ဒယ်ဒီနဲ့ရပ်ကွက်ကလူတွေ တွေ့တိုင်းရှင့်နာမည်ကို အမြဲထည့်ထည့်ပြီးပြောရတာကို ကြားဘူးနေခဲ့တာပါ”

“ဒါဆိုရင် တစ်ခုတော့ သေချာတယ်”

“ဘာကိုလဲ”

“ငါ့မကောင်းကြောင်းတွေကို သေချာပေါက် မင်းကြား ဖူးနေမှာပေါ့”

“မကောင်း သတင်းဆိုပေမဲ့ သိပ်အဆိုးဝါးကြီးတော့ မဟုတ်ပါဘူး”

“လူမိုက်ကြီး စာရင်းမဝင်ဘူးလား နိုရာနို”



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုယ်ရှင် လူမိုက်ကြီးလို့ သတ်မှတ်နေရင်တော့မပြောတတ်ဘူး နီရာကတော့ မထင်ထားပါဘူး"

"မင်း ဒယ်ဒီအမြင်နဲ့တော့ မင်းလွဲချော်နေပြီနော်"

"ရှင်ပြောနေတာကို နီရာ ဝန်ခံပါတယ်။ ဒယ်ဒီတို့ကရှင့်ကို အစရင်ကတည်းက အမြင်မကြည်လင်ရတဲ့အထဲ အခုဆို ကိုယ်သေဆုံးတော့ ရှင့်ပေါ်မှာ အမုန်းကြီးမုန်းနေကြပါတယ်"

"သူတို့ မုန်းတီးမှုတွေဖြစ်စေအောင် ငါ့ဘက်က ရည်ရွယ်ပြီးလုပ်ခဲ့တာ တစ်ခုမှမရှိဘူး၊ အရှင်းဆုံးပြောရရင် ကိုယ့်လိပ်ပြာကိုယ်လုံပါတယ်၊ သူတို့ဘက်က မုန်းတီးမှုတွေပေါ်မှာတော့ သူတို့ဆန္ဒအတိုင်းပဲ..."

သူ့သယ်အပေါက်ဝနားဆီက သူမ ကားလေးနား မရောက်ခင်...

"နီရာကို ခွင့်ပြုပါဦး ကိုမဟာနိုင်.."

"ကောင်းပါပြီ နီရာနီ..."

"ဝူး...ကျွီ..."

"ဟင်..."

"ဟယ်.."



www.burmeseclassic.com

www.burmeseclassic.com



မဟာနိုင်… နိုရာနီနှင့်နှုတ်ဆက်ပြီးလမ်းခွဲမည်အပြု ကား တစ်စီး မောင်းဝင်လာပြီး ထိုးရပ်လိုက်သည်။ ကားပေါ်မှ တုတ် ကိုယ်စီကိုင်ထားကြသော လူ(၅)ယောက်ဆင်းလာကြသည်။

"မဟာနိုင်ဆိုတာ မင်းလား"

"သိပ်သေချာတာပေါ့၊ မင်းတို့ကြည့်ရတာ ရန်ပြုချင်တဲ့ ဒီဇိုင်းတွေပဲ"

"မင်းမဆိုးဘူး‥ အကဲခတ်တော်တယ်၊ မင်းကို ဒီသုသာန် ထဲမှာ အစောင့်ထားမလို့ အလုပ်လာပြီးပေးတာ"

"ရှင်တို့ မတရားအနိုင်မကျင့်ကြနဲ့နော်"

"နိုရာနီ‥မင်းဘာမှဝင်ပြီးမပါနဲ့၊ မင်းကားပေါ်ကိုတက် ပြီး ပြန်စရာရှိတာ ပြန်ပါ"

"ရှင်တို့ပြန်ခိုင်းတိုင်းပြန်ရမလား မပြန်ဘူး"

"မင်းကတော့ခက်ပြီ ခေါ်လေးနဲ့ဝက်ကြီးဆွဲခေါ်သွားကွာ"

"ရှင်…ရှင်…တို့အနားမကပ်နဲ့နော်"

"ဟော့ကောင် မင်းတို့ရှင်းချင်တာ ငါ့ကိုမဟုတ်လား"

"ဟုတ်တယ်"

"မဆိုင်တဲ့ သူကိုဘာမှထိပါးစရာမလိုဘူး၊ နိုရာနီမင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၊ ငါ့အတွက်ဘာမှ မဖြစ်လောက်ပါဘူး"

နီရာနီ…မဟာနိုင် မျက်နှာကို စိုးရိမ်မှုတွေနဲ့ကြည့်ပြီး ကားနားဆီသို့ လျှောက်သွားတော့သည်။

"ကဲ…စလို့ရပြီ ကြိုက်တဲ့ ပုံစံနဲ့ ဝင်နိုင်တယ်"

"ဝင်ပြီ ဟော့…ကျား…ယိ…ယား"

(၄)ယောက်တစ်ပြိုင်တည်း ဝင်ပြီးတိုက်ခိုက်တာကို ခုခံဖို့ အခွင့်မသာခြင်းကြောင့် ရှောင်တိမ်းရင်း သစ်ကိုင်းတစ်ခုကို အမြန်ကောက်ယူလိုက်ရသည်။

"ဗိုး…ဖြောင်း…ဒုတ်…အင့်"

မဟာနိုင် လက်ထဲကို တုတ်ရောက်သွားသည်နှင့် တုတ်သမားတစ်ယောက်စတင်ပြီး မှောက်သွားသလို မဟာနိုင်တုတ်လည်း (၂)ပိုင်းကျိုးသွားပြီး လက်ချည်းသက်သက်ပြန်ဖြစ်သွားသည်။

"ဒုတ်…အား"

အမှတ်မထင် ဝင်ပြီး ရိုက်ချက်ကို ရှောင်တိမ်းချိန်မရလိုက်သဖြင့် လက်ဖြင့် ကာလိုက်ရသဖြင့် မဟာနိုင်လက်ကို ရိုက်မိသွားသည်။

"ကိုမဟာနိုင်…ရှော့…ဝါးပိုင်း…"



www.burmeseclassic.com

www.burmeseclassic.com



ဒီရာနီ··ဝါးပိုင်းတစ်ခုကိုကောက်ယူ လှမ်းပစ်ပေးလိုက်သည်။ သူ့အသားကို နာအောင် လုပ်ပြီဆိုရင် ဘယ်လိုမှ ဒေါသကို ထိန်းချုပ်လို့မရတဲ့ မဟာနိုင်၊ ဝါးပိုင်းကို ကိုင်တွယ်ပြီး တစ်ယောက်ချင်းကို ရှင်းတော့သည်။

"ကဲကွာ··ကဲ···"

"ဖြောင်း···ဖြောင်း···ဒုတ်···"

ဒေါသ၏ တိုက်ခိုက်နှုန်းက သိပ်ကိုမြန်သောကြောင့် တုတ်သမား(၃)ယောက် မိနစ်ပိုင်းအတွင်း သွေးသံရဲရဲဖြင့်မှောက်သွားပြီး တုတ်ကိုင်ပြီးဆရာလုပ်နေတဲ့ခနဲ ကားပေါ်သို့ပြေးတက်ဖို့ပြင်သည်နှင့်···

"မင်း ဒီလိုပြေးလို့ရမလား··"

"ဟာ···မ···မ···လုပ်ပါနဲ့···ဗျာ··"

"မင်းအလှည့်ကျတော့ မလုပ်ပါနဲ့တဲ့၊ ခုနကတော့ မင်းတိုယ်မင်း တကယ့်လူမိုက်ခေါင်းဆောင်ကြီး ဂိုက်ဖမ်းနေပါလားကွ၊ မင်းကို ဘယ်သူခိုင်းတာလဲ၊ မပြောရင် ငါ့ဝါးပိုင်းရဲ့နောက်ဆုံးလူက မင်းဖြစ်သွားမယ်···ပြော··"

"ပြောပါ့မယ်ဗျာ··· ပြောပါ့မယ်·· ဟိုးနိုရာမော်က

www.burmeseclassic.com



ပိုက်ဆံပေးပြီး ရှင်းခိုင်းတာ"

"ဟင်.."

"အယ်..."

ထိုလူစကားကြောင့် နီရာနီ မျက်နှာလေးအိုမင်းသွားသည်။

"မင်းကောင်တွေကိုခေါ်ပြီးသွားတော့"

ဒဏ်ရာရထားသည့် သူတွကို ကားပေါ်သို့တင်ပြီး မောင်း ထွက်သွားတော့သည်။

"မင်းကြားလိုက်မှာပေါ့ နီရာနီ..."

"အင်း..."

နီရာနီ လေးပင်စွာခေါင်းလေးကိုညိတ်လိုက်သည်။

"သူတို့ဘက်က ညီတစ်ယောက်လုံးဆုံးရှုံးသွားတယ်ဆို တော့ ဒီလောက်တော့ ရှိမှာပေါ့.."

"ရှင့်လက် ရောင်နေတယ်"

"အရိုးကိုထိသွားတယ်နဲ့တူတယ်၊ ရပါတယ်ဗျာ.."

"ဆေးခန်းသွားလိုက်ပါလား"

"နေပါစေ နီရာနီ.. ငါ့ကြောင့် မင်းမိဘနဲ့ အစ်ကိုတွေ ရဲ့ အဖြစ်တင်ခြင်းကိုခံနေရပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဥပဒေမဲ့ လုပ်ရပ်တွေက မုန်းတီးဖို့ကောင်းတယ်၊ နိုရာ တောင်းပန်ပါတယ်"

"ငါ့ရင်ထဲမှာ ရှင်းလင်းနေပါတယ် နိုရာနိုရယ်··"

× × ×



www.burmeseclassic.com

www.burmeseclassic.com

ရွှေရတု

"ဘယ်လိုလဲ...ဦးထွန်းခေါင်ကျော် စကားသံတိတ်လှ ချည်လားဗျ.."

"စကားသံ တိတ်နေတာမဟုတ်ဘူး၊ ဟိုခွေးမသားကို အပြတ်ရှင်းမယ့်နည်းကို စဉ်းစားနေတာ"

ဦးထွန်းခေါင်ကျော်နှင့် ရပ်ကွက်အရှေ့ပိုင်းမှ စီးပွားရေး သမားတွေ ဦးထွန်းခေါင်ကျော်အိမ်မှာ တွေ့ဆုံပြီး ရွှေရတုပွဲကိစ္စ များကို စကားပြောဆိုနေခြင်းဖြစ်သည်။ ဒါပေမယ့် သူတို့ဆွေး နွေးတဲ့ထဲတွင် ရွှေရတုပွဲကိစ္စက သိပ်ပြီးအရေးမပါ...။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကသာ စဉ်းစားနေ၊ ဟိုကောင်က ခင်ဗျားသား ငယ်ကိုတောင် သတ်လိုက်ပြီပဲဗျ.."

"ဦးမင်းနိုင်..ခင်ဗျားစကားကိုရပ်တော့၊ ကျုပ်ဒေါသတွေကို ဆွမပေးနဲ့.."

"ဟုတ်သားပဲ ဦးမင်းနိုင်ရာ..ကျုပ်တို့ပြောရမယ့်စကားကိုပဲ ပြောကြရအောင်"

"ကျုပ်တို့ပြောရမယ့်စကားကို ပြောကြရင်းလည်း ဒီကောင်တွေအကြောင်းက ပါလာမှာပဲ၊ ဒါက ခင်ဗျား ဒေါသထွက်စေမယ့်စကားမဟုတ်ဘူး ဦးထွဋ်ခေါင်ကျော်... ခင်ဗျားဘက်က ခြေလှမ်းတွေ နောက်ကျရင် ဖြစ်တတ်တဲ့ အခြေအနေကို ကျုပ်က သတိပေးနေတာပါ"

"ဆောရီးဗျာ.. ကျုပ်မှားသွားတယ် ဦးမင်းနိုင်"

"ကျုပ်တို့တစ်တွေ က တစ်စိတ်တည်း လုပ်ကိုင်နေကြတဲ့ သူတွေပါ.. လုပ်စရာရှိတာကို အတူတူလုပ်ကိုင်တိုင်ပင်ကြတာပေါ့"

"ခင်ဗျားတို့ဘက်က ဘာတွေကို လုပ်ချင်လဲ၊ ပြောပြည့်ပါဦး.."



www.burmeseclassic.com

www.burmeseclassic.com



"အနောက်ပိုင်းကို အနိုင်ယူဖို့အတွက် ဦးရဲဆိုတဲ့ ဒုက္ခိတနဲ့မဟာနိုင်ကို ရှင်းဖို့က အရေးကြီးတယ်"

"ရှင်းတာတော့ လွယ်ပါတယ်၊ ခက်နေတာက ဥပဒေကို ပြောင်ပြောင်တင်းတင်းကြီး ချိုးဖောက်လို့မရဘူး၊ ကိုင်တွယ်တာ မပိရိရင် အားလုံးထောင်ထဲကို ရောက်သွားမယ်၊ ဘာမှရလိုက်မှာတောင်မဟုတ်ဘူး"

"စက်မှုဇုန်နယ်မြေကြီးကို ကျုပ်တို့စီးပွားရေးအရ လက်ဦးမှုမရရင် မလွယ်ဘူး၊ စီးပွားရေးသမားတွေက အလုအယက်ပြင်ဆင်နေကြပြီ၊ ခင်ဗျားက ကုမ္ပဏီပိုင်ဆိုင်ထားတဲ့သူဆိုတော့ သိပ်ပြီး မမက်မောပေမယ့် ကျုပ်တို့က မက်မောတယ်၊ အလွတ်ပေးလို့ မရဘူး၊ တစ်နေရာကိုတော့ ရအောင်ကြံရမှာပဲ"

"ကျုပ်မသိလို့ တစ်ခုမေးချင်တယ်"

"ဘာမေးချင်တာလဲ ဦးစိုးမောင်လှိုင်"

"ကျုပ်တို့က ရပ်ကွက်အနောက်ပိုင်းကို ရလိုက်တာ စက်မှုဇုန်ကြီးကို ပိုင်ဆိုင်သွားမှာ ကျနေတာပဲ၊ သက်ဆိုင်တဲ့သူတွေဆီကို ချဉ်းကပ်ရင်ရော မဖြစ်နိုင်ဘူးလား"

"ဦးစိုးမောင်… ခင်ဗျားဘယ်လိုလုပ်ပြီးချမ်းသာခဲ့တာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မိဘအမွေတွေကိုရပြီး ချမ်းသာတဲ့သူပဲဖြစ်မယ်၊ ခုစက်မှုဇုန်နယ်မြေကွက်ကြီးက ကျုပ်တို့ရပ်ကွက်ပိုင် နယ်ဖြစ်သလို အစိုးရအနေနဲ့ ပထမ စာသင်ကျောင်းနဲ့ဆေးရုံဆောက်ဖို့ လျာထားတာ၊ ခုကျမှ ခေတ်မီ စက်မှုဇုန်ကြီးတစ်ခုကို လုပ်ဖို့ စီမံကိန်းချတာ၊ ကိုယ့်ရပ်ကွက်အတွက် အစိုးရဘက်ကနေ အခွင့်အရေးတွေကိုပေးမှာ၊ ဒီအခွင့်အရေးတွေထဲမှာ လုပ်ငန်းပိုင်းဆိုင်ရာတွေကို သေချာပေါက်ရမှာလေ၊ သူတို့အပိုင်းက ခင်ဗျားတို့သိတဲ့အတိုင်း ဖွတ်တွေစုပြီးနေတာ၊ ဘယ်သူက စက်ရုံကြီးတွေနဲ့ပတ်သက်ပြီး မျှော်လင့်မှာလည်း၊ အနည်းဆုံး စားသောက်ဆိုင်လိုင်စင်လောက်တောင် လုပ်နိုင်မယ့်သူမရှိဘူး၊ ကျုပ်တို့သာ အနောက်ပိုင်းကို ချုပ်ကိုင်ထားပြီဆိုရင် ကိုယ်လိုချင်တဲ့ပုံစံကိုရအောင်လုပ်လို့ရတယ်၊ ခုတည်ဆောက်မယ့် စက်မှုဇုန်က ပြည်တွင်းစီးပွားရေးသမားတွေထက် နိုင်ငံတကာက စီးပွားရေးသမားတွေလာပြီးလုပ်ကိုင်ကြမှာ ကျုပ်တို့ဘက်က ဒီလူတွေအတွက် တည်းခိုနေထိုင်ဖို့တွေနဲ့ နောက်ဆုံး ဘီယာကာလပ်တွေဖွင့်ပြီး အမြတ်ထုတ်လို့လည်းရတယ်၊ စက်မှုဇုန်ကြီးထဲမှာ အခွင့်အရေးတွေကိုငွေနဲ့ရင်းပြီး လုပ်ကိုင်လို့ရမယ့် အခွင့်အရေးတွေဗျ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့အရှေ့ပိုင်းအတွက်လည်း သက်ဆိုင်တာပဲလေ"

"သက်ဆိုင်တယ်ဆိုတာတော့ ဟုတ်တယ်၊ ရပ်ကွက်အုပ်ချုပ်ရေးက (၂)ပိုင်းဖြစ်နေပြီလေ၊ အပိုင်း(၂)ပိုင်းကို တစ်ခုတည်းပေါင်းနိုင်မှ တရားဝင်သက်ဆိုင်မှာ.."

"ဘုရင်တွေလက်ထက်ကလို စစ်ခင်းပြီးသိမ်းယူရမယ့်ကိန်းကိုဆိုက်နေပြီ"

"ခုလည်း စစ်ခင်းယူရမယ့်နည်းကို စဉ်းစားနေတာ၊ ကျုပ်ကြံစည်ထားတာတစ်ခုတော့ရှိတယ်"

"ဘယ်လိုအကြံအစည်မျိုးလည်း ဦးထွန်းခေါင်ကျော်"

"ခုကျင်းပမယ့် ရွှေရတုပွဲမှာ ဟို(၂)ကောင်ကို ထောင်ထဲပို့နိုင်တဲ့နည်းကိုသုံးရမယ်"

"ငွေရတုတုန်းက ဦးလှသောင်းကို ပို့သလိုမျိုးလား၊ ဒီ(၂)ကောင်ကခပ်ညံ့ညံ့မဟုတ်ဘူးနော်၊ ဉာဏ်သွက်တယ်၊ ပြီးတော့မဟာနိုင်ဆိုတဲ့ကောင် လက်သံကလည်းပြောင်တယ်"

"ကျုပ်ဘယ်လိုလုပ်မယ်ဆိုတာ ပြောပြမယ်၊ သေသေချာချာ နားထောင်၊ ပေါက်ကြားရင် ခင်ဗျားတို့တာဝန်ပဲ"

"စိတ်ချပြီးသာပြောပါ.."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို.. x x xxxxxxxxxxx xxxxxx xxxx xxxxx xx xxxx xxx xxxxxxx xxx xxx"

"သိပ်ကောင်းတဲ့အကွက်ပဲဗျို့"

"ကျုပ်တို့ဘက်က လိုအပ်တာကိုပြော"

"အောင်မြင်တဲ့အခါကျမှ ဆက်ပြီးစကားပြောကြတာပေါ့..ကဲ.. စကားဝိုင်းဖြတ်ပြီးသောက်လိုက်ကြရအောင်"

"ကောင်းသောအစီအစဉ်ပေါ့ဗျာ..ဟား..ဟား..ဟား"

အခန်းထဲမှ ပြောနေသော စကားသံတွေကို နိုရာနီ အားလုံးကြားလိုက်ရပြီး ထိတ်လန့်သွားခဲ့ကာ သူ့ဖခင်နှင့်သူ့ အစ်ကိုတွေရဲ့ရက်စက်မှုတွေကို မယုံနိုင်အောင်ဖြစ်သွားခဲ့ရသည်။ တကယ်ဆို မဟာနိုင်သည် အပြစ်မဲ့သူတစ်ဦး၊ သူလုပ်ကိုင်နေတာတွေဟာ သူ့အတွက်မဟုတ်၊ ဆင်းရဲသော သူ့အပိုင်းကလေးအတွက် လုပ်ကိုင်နေသူသာဖြစ်ပြီး သူ့ဖခင်တွေနှင့်ယှဉ်ပြိုင်နေ သူလည်း မဟုတ်ခဲ့ပါ၊ ဖခင်ဖြစ်သူနှင့် လောဘသမားတွေကြောင့် မုန်းတီးခြင်းကိုခံနေရသူ၊ အစ်ကိုဖြစ်သူ နိုရာနိုင်သည် ကားပြိုင်ပွဲ ပြုလုပ်မယ့်နေ့မတိုင်ခင်ညက ကျောက်တုံးကြီးကို ကားပေါ်တင် ပြီးသွားခဲ့တာကို သူမကိုယ်တိုင်တွေ့ခဲ့ပြီး ထိုကျောက်တုံးနဲ့ပဲ သူမ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို သေဆုံးခဲ့ရခြင်းဖြစ်သည်။ မဟာနိုင်ဘက်မှ ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းမဟုတ်။

သူ ဘာလုပ်ရမလဲ… မဟာနိုင်အတွက် သူမ လုပ်သင့်တာတစ်ခုကို လုပ်ပေးရတော့မည်‥။

× × ×



www.burmeseclassic.com

www.burmeseclassic.com

ရွှေရတုရက်ကလေးမှာ တဖြည်းဖြည်းနီးကပ်နေပြီဖြစ်သလို မဟာနိုင်တစ်ယောက် အလုပ်တစ်ဖက်နှင့်လုပ်ကိုင်နေသည်။ အလုပ်ရှင်ဆီမှ ရွှေရတုပွဲအတွက် ခွင့်ပေးထားပြီးဖြစ်ပေမယ့် အရေးကြီးသောကားများကို မဟာနိုင် သွားရောက်လုပ်ကိုင်ပေးနေခဲ့ရသည်။ ခုလည်းပဲ သူဌေးတစ်ဦးရဲ့ကားကို အရေးပေါ်သွားပြီး လုပ်ကိုင်နိုင်းသဖြင့် သူဌေးအိမ်သို့သွားပြီးလုပ်ကိုင်၍ပြန်လာခဲ့ခြင်းဖြစ်သည်။

လမ်းမပေါ်တွင် မာကျူရီမီးတိုင်တွေတောင် လင်းနေကြနေလေပြီ၊ ကားပြင်ခကိုသာရှင်းပြီး ပြန်ပြီးလိုက်ပို့ပြီးစကား



www.burmeseclassic.com

www.burmeseclassic.com



ကို မဆိုသဖြင့် ကားပြင်ပစ္စည်းအိတ်ကလေးကိုလွယ်ပြီးခပ်သွက်သွက် ပြန်လာခဲ့ရသည်။

လူမှုရေးကင်းမဲ့သော လူတွေထံမှာ အောက်ကျို့ခံပြီးတော့ ပြန်ပြီးပို့ပေးရေးကို မပြောချင်…

"ဖျပ်··ဖျပ်··ဖျပ်…"

"ဟင်…"

နောက်ဘက်မှခြေသံကြောင့် လှည့်ကြည့်လိုက်စဉ် မိန်းကလေးတစ်ဦးပြေးလာနေသည်ကိုတွေ့လိုက်ရသည်။

"ကျွန်မကို ကယ်ပါဦးအစ်ကို··"

သူမစကားကြောင့် နောက်ဘက်ကိုဆက်ပြီးကြည့်တော့ လူ(၃)ဦးပြေးလိုက်လာနေကြသည်။

"ကောင်မ…လာစမ်း"

"အစ်ကို…"

"ဟေ့ကောင်··မင်းနဲ့မပတ်သက်ရင် ကိုယ့်လမ်းကိုယ်ဆက်ပြီးသွားနော်··"

"ငါ့လမ်းကို ငါဆက်ပြီးသွားဖို့ကိစ္စက မင်းမပြောလဲ သွားရမှာပဲ၊ မိန်းကလေးက အကူအညီတောင်းနေတယ်··"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ..ငါတို့ဇယား..မင်းနဲ့မဆိုင်ဘူး"

"ငါနဲ့မဆိုင်တာတော့ သေချာတယ်၊ သူနဲ့မှ သိမှမသိတာ၊ ဒါပေမယ့် ယောက်ျားကြီးတန်မဲ့ မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်ဖို့လုပ်တာကိုတော့ ရှောင်မထွက်ချင်ဘူး"

"မင်းကသူရဲကောင်း လုပ်ချင်နေတာကိုး"

"ချင်...ချောက်..."

(၃)ယောက်လုံး ဓားကိုယ်စီထုတ်လိုက်ကြသည်။

"မင်းတို့မရှက်ဘူးလား၊ (၃)ယောက်တစ်ယောက်၊ ယှဉ်မှာကို လက်နက်တွေထုတ်ရတယ်လို့ကွာ၊ ထားလိုက်ပါ၊ လက်သီးမထိုးတတ်တဲ့သူတွေကို လက်သီးထိုးလေး သင်ပေးရတာပေါ့၊ မိန်းကလေး မင်းနောက်ကိုဆုတ်နေ..."

"ဟုတ်ကဲ့..."

"ကဲ...စလို့ရပြီ"

"ရရင် ဝင်ပြီပေါ့.. ကျား...ယိ..."

(၃)ယောက်လုံး တစ်ပြိုင်တည်းဝင်ပြီး တိုက်ခိုက်ကြပေမယ့် သာမန်အဆင့်လောက်ပဲရှိသော လက်ရည်တွေဖြစ်သဖြင့်

"ဖြောင်း..ခွပ်..ဒုတ်...အီး..အင့်...အား.."



www.burmeseclassic.com

www.burmeseclassic.com



မဟာနိုင် ကြုံတွေ့ဘူးတဲ့ပွဲတွေထဲမှာ အညံ့ဆုံးပွဲပင်ဆိုရမည်။ မိနစ်ပိုင်းသောက်နှင့် (၃)ယောက်လုံး နောက်ကြောင်းကို ပြန်ပြီးပြေးကြသည်။

"ကျေးဇူးတင်ပါတယ် အစ်ကို"

"ကိစ္စမရှိပါဘူး ကြုံကြိုက်သွားလို့ပါ"

"ရော့..အစ်ကို့အိတ်"

ကားပြင်ပစ္စည်းတွေ ထည့်ထားသော အိတ်ကိုသူမ ပြန်ပြီးကောက်ပေးသောကြောင့် လှမ်းယူပြီးလွယ်ထားလိုက်သည်။

"မင်း ဘယ်ထိပြန်ရမှာလဲ"

"ဒဂုံထိပါ၊ ရှေ့ကားလမ်းမကြီးရောက်ရင် အငှားကားတစ်စီးနဲ့ပြန်မှာပါ၊ ခုလို ကျွန်မကို ကူညီခဲ့တာကို မှတ်ထားပါမယ်.."

"မင်းသဘောပဲလေ၊ ခဏလေး..ငါ့ဦးထုပ်ကျန်ခဲ့လို့၊ သွားပြီးကောက်လိုက်ဦးမယ်.."

သူမကိုထားခဲ့ပြီး ရန်ပွဲဖြစ်ခဲ့တဲ့နေရာကိုပြန်လာပြီး ဦးထုပ်လေးကို ပြန်ပြီးကောက်ယူရင်း သူ့လွယ်အိတ်ထဲသို့ နှိုက်ကြည့်တော့ ဘိန်းဖြူထုပ်(၂)ထုပ်ကိုတွေ့လိုက်ရသဖြင့် အသားဘက်



www.burmeseclassic.com

www.burmeseclassic.com



ရေမြောင်းထဲသို့ သူမ မသိအောင်လွှင့်ပစ်လိုက်သည်။

"သွားကြမယ်.. ကားငှားပေးလိုက်ပါ့မယ်"

"ဒီလောက်ထိ မလိုပါဘူး၊ ဒါနဲ့ အစ်ကို့နာမည်လေး သိချင်တယ်.."

"မဟာနိုင်..'

"ကျွန်မက စံပယ်နွယ်ပါ"

"နာမည်လေးကတော့ ဖြူစင်ပါတယ်"

"အစ်ကို့စကားက လူက မဖြူစင်ဘူးလို့ဆိုလိုတာလား"

"ငါ့စကားက ဒီလောက်ထိ မရည်ရွယ်ပါဘူး"

"ဝူး...ကျွိ..."

"ဟင်..."

သူတို့ရှေ့တည့်တည့်ကို ရဲတပ်ဖွဲ့ကားတစ်စီးထိုးရပ်ပြီး တာဝန်ရှိသူတွေဆင်းလာသည်။

"မင်းတို့(၂)ယောက်က ဘယ်လိုပတ်သက်လဲ"

"မပတ်သက်ပါဘူး၊ လမ်းကြုံလို့စကားပြောလာကြတာ ပါဆရာ.."

"ငါ့ညီ သူပြောတာ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်.."

သူမသည် မြေခွေးမတစ်ကောင်ဆိုတာကို ကြိုပြီးသိထားခြင်းကြောင့် အံ့သြစရာသိပ်ပြီးမရှိ...။

"ငါ့ညီအိတ်ကို ရှာခွင့်ပြုပါ"

"ရှာပါဆရာ"

မဟာနိုင်..ကားပြင်ပစ္စည်းတွကို အောက်ကိုသွန်ချပြီး ရှာပေမယ့် ဥပဒေနဲ့မလွတ်ကင်းသော ပစ္စည်းတစ်ခုမှမတွေ့ရပေ၊ လူကိုယ်ပေါ်ကို ရှာသော်လည်း ဘာမှမတွေ့..။

"အစ်ကိုတို့ဆီကိုသတင်းပေးလို့ပါ၊ ဒီလမ်းပေါ်မှာ ဘိန်းဖြူ အရောင်းအဝယ်လုပ်နေတယ် သတင်းရလို့ ခုလိုရှာဖွေရတာပါ၊ စိတ်မရှိပါနဲ့"

"ရပါတယ်ဆရာ.. ဒါ ကျွန်တော့် ဝပ်ရှော့လိပ်စာကတ်ပါ၊ ခုလည်း ကားပြင်ပြီးပြန်လာတာ၊ သူကတော့ မသိဘူး"

"ကျွန်မ သူဌေးဦးသာလှိုင်အိမ်ကနေ ပြန်လာတာပါ... ဆရာတို့မယုံရင် ဖုန်းဆက်ပြီးမေးပါ"

"ဒီလောက်ထိ မလိုအပ်တော့ပါဘူး၊ သွားနိုင်ကြပါပြီ"

ရဲတပ်ဖွဲ့ ကားကလေးပြန်ပြီးမောင်းထွက်သွားသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မဟာနိုင်တို့လမ်းဆက်ပြီးလျှောက်လာပေမယ့် သူမထံမှ စကားသံကို မကြားရဘဲ တိတ်ဆိတ်စွာ လိုက်လာသည်။

"ဘယ်လိုလဲ စံပယ်နွယ်…စကားလေးဘာလေးပြောပါဦး…ဘာလဲ…မင်း ငါ့အိတ်ထဲကိုထည့်လိုက်တဲ့ ဘိန်းဖြူထုပ်တွေ ပျောက်သွားတာကို အံ့သြနေတာလား"

"ရှင်…ဟို…"

သူမ ဘာပြောရမှန်းမသိ ဖြစ်သွားပြီး မဟာနိုင့်မျက်နှာကို ရီဝေစွာဖြင့် ကြည့်နေတော့သည်။

"မင်းရုပ်ရည်လေးနဲ့ ကောက်ကျစ်မှုတွေကိုပြုလုပ်တာတော့ အံ့အားသင့်စရာပဲ၊ မင်းနဲ့ငါ့ကြားမှာ ဘာအငြိုးတွေရှိခဲ့သို့လဲ၊ ဘာလို့ မင်းလုပ်တာလဲ စံပယ်နွယ်.."

"ကျွန်…ကျွန်မ…ကို ခိုင်းလို့ပါ.."

"ဦးထွန်းခေါင်ကျော် မဟုတ်လား"

"ရှင်..ရှင်သိနေတယ်.."

"သိလို့ မင်းကြံစည်တာကို ငါကြိုတင်ပြီးကာကွယ်နိုင်တာပေါ့ကွ…ကြိုပြီးသာမသိရင် ခုလောက်ဆို ငါသံတိုင်ကြားထဲ ရောက်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတောင်းပန်ပါတယ် အစ်ကိုရယ် ကျွန်မမိသားစု အတွက်အရမ်းကို ဒုက္ခရောက်နေလို့ သူတို့ခိုင်းတာကို လုပ်ခဲ့ရတာ ပါ"

"ပြီးတာတွေကို ပြီးတဲ့နေရာမှာပဲထားလိုက်ပါ။ လမ်းထိပ် ရောက်ပြီ လမ်းခွဲကြရအောင်"

"အစ်ကို"

"မင်းဘာပြောချင်လို့လဲ"

"အစ်ကို့ကိုသူတို့ခုလိုပဲ မကောင်းကြံစည်မှုတွေဆက်ပြီး လုပ်နေကြဦးမယ်။ သတိထားပါ အစ်ကို နောက်မှ ပြန်ပြီးဆုံ ကြတာပေါ့"

သူမကို ခပ်ရေးရေးလေး ပြုံးပြပြီး သူပြန်ရမယ့် လမ်းဆီ ကိုဆက်ပြီးလျှောက်လာခဲ့တော့သည်။ သူ့ကို ခုလိုကယ်တင်လိုက် သူကို သူမသိ…မနေ့ညနေက ကလေးတစ်ယောက်မှတစ်ဆင့် စာလေးတစ်စောင်ရောက်လာပြီး…သူတို့အကွက်ကျကျ ကြံစည် မယ်ဆိုတဲ့ အကြောင်းအပြည့်အစုံရေးထားခဲ့သော စာလေးပိုင်ရှင်ကို သူခုထိ မသိ…။

× × ×



www.burmeseclassic.com

www.burmeseclassic.com

"သူတို့ဘက်က ယုတ်မာမှုကတော့ ကမ်းကုန်နေပြီ၊ ဒီလိုပဲ ငြိမ်နေလို့တော့မရဘူး··· တောက်"

"ရဲထက်ကိုဒေါသကိုလျှော့စမ်းပါ၊ ကိုယ့်ဘက်က သူတို့ကို တိုက်ရိုက်ကြီးစွပ်စွဲဖို့ကလည်း မလွယ်သေးဘူး"

"ဟိုကောင်မကို တစ်ခါတည်း ခေါ်ပြီးရဲလက်ကို အပ်လိုက်ရင်အဖြေပေါ်ပြီကွ"

"စံဘော်··· မင်းဘက်ကတွေးတာမှန်ပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းခေါင်ကျော်တို့ ဘက်ကလည်း သူတို့ကိုထိစေမယ့် ကိစ္စတွေကိုကြိုတင်ပြီးကာကွယ်ကြမှာပဲ"

"မောင်မဟာနိုင် ပြောတာသေချာတယ်၊ သူများကိုမကောင်းကြံတဲ့သူတိုင်းဟာ သူတို့ကိုထိမှာ အရမ်းကြောက်ကြတာ၊ ကိုယ့်ဘက်ကသက်သေ ခိုင်ခိုင်လုံလုံနဲ့မဟုတ်ဘဲ သွားပြီးတွေ့ရင် သူတို့အကွက်ထဲတောင်ဝင်သွားနိုင်တယ်"

ဦးရဲ့စကားကြောင့် ဆက်ပြီးတော့ တုံ့ပြန်မယ့်စကားကို မဆိုကြတော့ဘဲ နေလိုက်ကြတော့သည်။

"မင်းဆီကို သတင်းကြိုပြီးပို့တဲ့ သူကိုရောသိပြီးပြီလား"

"တိတိကျကျတော့ မသိသေးဘူး ငါ့ရင်ထဲကထင်နေတဲ့လူတစ်ယောက်တော့ ရှိတယ်"

"ဘယ်သူလဲ နိုင်"

"နီရာနီ"

"ဟာ..."

"နိုင်ရယ်ဖြစ်နိုင်ပါ့မလားကွာ၊ နီရာနီက ဦးထွန်းခေါင်ကျော်သမီးလေ"

"သူ့သမီးမို့ အတွင်းကိစ္စတွေကို သိနေတာပေါ့။ ဒါက



www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ့စိတ်ထဲ အထင်ပါကွာ၊ ဟုတ်တယ် မဟုတ်ဘူးဆိုတာ တော့ မသေချာသေးပါဘူး။ ဒါတွေထား ပွဲရက်က (၅)ရက်ပဲ ကျန်တော့တယ် ဦးရဲ အဆင်ပြေရဲ့လား”

“အားလုံး အကောင်းဆုံးအနေအထားကို ရောက်နေပြီ”

“ဝူ…ကျို”

“ဟင်…”

အိမ်ရှေ့တွင် ကားရပ်သံကြောင့် ကြည့်လိုက်ရာ…..

မောင်မောင်လတ်နှင့်ဦးစိုးနောင်…

“မောင်မောင်လတ်ရေ ကားကိစ္စဆိုရင်တော့ ငါငြင်းရလိမ့် မယ်ကွာ”

“မင်းကငါ့ကို တွေ့တာနဲ့ကားပြိုင်ဖို့ တစ်ခုတည်းပဲထင် ထားလို့လားကွ”

“တခြား အကြောင်းတွေ ရှိတယ်ဆိုပါတော့”

“အန်ကယ်စိုးနောင်ကမင်းကို တွေ့ချင်လို့လိုက်ပြီးပို့ပေး တာဟေ့…”

“ဪ…အန်ကယ်စိုးနောင် ထိုင်ပါ”

မဟာနိုင်သည် ဦးစိုးနောင်ကို ဦးရဲနှင့်မိတ်ဆက်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အန်ကယ်တွေ့ချင်တာ တခြားအကြောင်းမဟုတ်ပါဘူး ကွာ။ မင်းတို့အနောက်ပိုင်း ရွှေရတုပွဲအတွက် အန်ကယ့်ဘက်က နေဘာတွေ ကူညီပေးရမလဲဆိုတာ လာပြီးမေးတာပါ"

"အန်ကယ့်ဆီက ခုလိုကြားရတာကိုပဲ ကျေးဇူးတင်ပါ တယ်၊ ရက်ကလည်းကပ်နေပြီဆိုတော့ ကျွန်တော်တို့ဘက်က ပြင်ဆင်ထားတာလေးနဲ့ လုပ်ပါတော့မယ်"

"အချိန်ကပ်တာကို ထည့်ပြီးမပြောနဲ့ မောင်မဟာနိုင်၊ မင်းဖြစ်ချင်တာလေးတစ်ခုကို ပြောကြည့်ပါလား"

မဟာနိုင်...ဦးရဲဘက်ကို လှည့်ပြီးကြည့်လိုက်ရာ...

"မင်းဖြစ်ချင်တဲ့ ဆန္ဒလေးတစ်ခုကို ပြောလိုက်လေ.."

မဟာနိုင်၏...ဦးရဲနှင့် တိုင်ပင်ထားသော ရွှေရတုကမ္ပည်း ကျောက်စာကလေးတစ်ခုကို ခံ့ခံ့ညားညား ပြုလုပ်ချင်ပေမဲ့ ငွေကြေးပိုင်းမှာ လိုက်မမီသောကြောင့် လက်လျှော့ခဲ့ရသော ကိစ္စ လေးတစ်ခုရှိသည်။

"အန်ကယ့်ကို ဘာမှအားမနာနဲ့ ပွင့်ပွင့်လင်းလင်းသာ မောင်မဟာနိုင်ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရွှေရတု အထိမ်းအမှတ် ကမ္ဗည်းကျောက်စာလေးတစ်ခုကို လုပ်ချင်ပါတယ် အချိန်က (၅)ရက်နဲ့မမီနိုင်တော့ပါဘူး"

"မင်းဖြစ်ချင်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

"စိတ်ချပြီးနေ၊ အန်ကယ်စီစဉ်လိုက်မယ် မင်းတို့ ရွှေရတုပွဲနေ့ကိုမီအောင်ကို လုပ်ခိုင်းမယ်"

"အန်ကယ်‥ဟို လက်ရာပိုင်း‥"

"အကောင်းဆုံး ဒီဇိုင်းနဲ့ ဖြစ်စေရမယ်ကွာ၊မောင်မောင်လတ်မင်းလည်း ဝိုင်းဝန်းပြီးလုပ်ကိုင်ပေးလေကွာ"

"စိတ်ချပါ အန်ကယ်"

"ဦးရဲနဲ့ ကိုမဟာ"

"ဘာလဲဟေ့ ကိုတာ‥"

မဟာနိုင်တို့ရပ်ကွက်ထဲမှ လူငယ်လေးတစ်ဦး ရောက်လာပြီး…ခေါ်လိုက်သောကြောင့်‥တစ်ခုခုဖြစ်ပြီ ဆိုတာကို သိလိုက်ရသည်။

"ကျွန်တော်နဲ့ ကိုလတ်…ဦးရဲ ခိုင်းလို့ ရွှေရတု အထိမ်း



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ကတ်ကလေးတွေသွားယူပြီးအပြန်မှာ အရှေ့ပိုင်းကကောင်တွေက ကျွန်တော်တို့စက်ဘီးကို တမင်ဝင်တိုက်ပြီး ရိုက်လွှတ်လိုက်ကြတယ်"

"ဘာ..."

"ဟင်"

"ကိုလတ်ကတော့ ခေါင်းကွဲသွားပြီး ဆေးခန်းမှာ...ရွေးရတုကတ်တွေကိုလည်း သူတို့ယူပြီး ဖြဲစုတ်လိုက်ကြတယ်"

"တောက်...တရားလွန်သွားပြီ"

"ဦးရဲ ကျွန်တော်တာလုပ်ရမလဲ၊ သနားခံလို့တော့မရတော့ဘူး"

"ငါ့အထင်မင်းကို အပြင်ထွက်ပြီး ထိပ်တိုက်တွေ့စေချင်လို့လုပ်တဲ့ လုပ်ရပ်ပဲ မဟာနိုင်..မင်းတစ်ယောက်တည်းမသွားနဲ့ငါတို့ပါလိုက်မယ်..သက်ဆိုင်ရာ တာဝန်ရှိသူတွေကိုလည်း အကြောင်းကြားပြီးမှ သွားကြမယ်"

"ဦးရဲ ပြောသလိုလုပ် မောင်မဟာနိုင်၊ ကိုပုံ့ဘက်က ဥပဒေမဲ့ မတုံ့ပြန်နဲ့ အန်ကယ်ပါလိုက်ပြီး ရပ်ပေးမယ်"

"မောင်တာ မင်းရပ်ကွက်လူကြီး ဦးကံမြင့်ကို သွားပြီးခေါ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ ငါတို့ စောင့်နေမယ်"

"ဟုတ်ကဲ့"

"ကဲ အားလုံးကားပေါ်သာတက်ကြဗျာ..ကားနဲ့သွားကြမယ်"

အားလုံးကားပေါ်တက်ပြီး ရပ်ကွက်လူကြီး ဦးကံမြင့်ကို စောင့်နေကြသည်။

"အန်ကယ်မင်းတို့ရပ်ကွက်နဲ့ပတ်သက်ပြီး ကြားသင့်သလောက်တော့ ကြားထားပါတယ်၊ ဒီလောက်ထိ တစ်ဖက်ကမိုက်ရိုင်းမယ်လို့တော့ မထင်ထားဘူးကွာ.."

"အရှေ့ပိုင်းကကောင်တွေ ဒီလောက်ထိ သတ္တိရှိကြတာမဟုတ်ဘူး၊ ဦးထွန်းခေါင်ကျော်ရဲ့ သားတွေက နောက်ကနေမြှောက်ပေးပြီး လုပ်ခိုင်းနေတာ.."

"ဦးထွန်းခေါင်ကျော်ရဲ့ အဓိကပစ်မှတ်က မောင်မဟာနိုင်ပေါ့"

"ဟုတ်တယ်ပဲဆိုရမှာပေါ့ အန်ကယ်၊ သူ့သားကျွန်တော်ကြောင့် သေသွားတော့ အစိမ်းလိုက်ဝါးစားချင်နေတာ"

"ငွေအားကိုးနဲ့ ထင်တိုင်းကြဲနေကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးထွဋ်ခေါင်ကျော် အခြေအနေကအရင်လို မကောင်းတော့ပါဘူး၊ သူ့ကုမ္ပဏီတောင် အကြွေးတွေမဆပ်နိုင်လို့ တခြားတစ်ယောက်ကို ထိုးအပ်ရတော့မယ်··အမေရိကန်မှာနေတဲ့ သူ့ဇနီးကလည်း နိုင်ငံခြားသားခံယူပြီး နောက်အိမ်ထောင်ပြုသွားပြီဆိုတော့ သူ့စီးပွားရေးက အကျဘက်ကို ရောက်နေပြီ···တစ်ခုတော့ရှိတယ်ဒီလူက အကြံတော့ကြီးတယ်နော်··နောက်ထပ်ခြေလှမ်းတစ်ခုကိုပြင်နေတယ်၊ မောင်မဟာနိုင်တို့ရဲ့ ကွင်းကြီးမှာတည်ဆောက်မယ့် စက်မှုဇုန်ကြီးမှာ သူ့စီးပွားရေးကိုပြန်ပြီး မြှင့်တင်ဖို့တောင်ကြံစည်ထားတယ်"

"အန်ကယ်စိုးနောင်က ဦးထွဋ်ခေါင်ကျော် အကြောင်းကိုကောင်းကောင်းသိနေသလိုပဲ"

"သိဆို မောင်မောင်လတ်ရေ ဒီလူနဲ့ငါက ကျောင်းနေဘက်တွေလေ။ သူငယ်ချင်းတော့မဟုတ်ခဲ့ဘူး။ ငယ်ငယ်တည်းကသူ့စိတ်ဓါတ်နဲ့ပေါင်းသင်းလို့မရခဲ့ဘူး၊ ကြီးလာတော့လည်း စီးပွားရေးပြိုင်ဘက်ဖြစ်ခဲ့တယ်"

"ကိုတာ ပြန်လာနေပြီ"

ကိုတာ ကားနားကိုရောက်တော့···



www.burmeseclassic.com

www.burmeseclassic.com



"ဦးကံမြင့်က သူ့တူမဆီကိုသွားနေတယ်၊ မိုးချုပ်လောက်မှပြန်ပြီး ရောက်မယ်တဲ့ ဦးရဲ"

"လူကြီးမပါလည်း သူတို့ဘက်ကတာဝန်ရှိသူတွေကို သွားပြီးတိုင်ရမှာပေါ့..သွားမယ် ကိုတာကားပေါ်ကိုတက်"

ကိုတာ ကားပေါ်ကိုတက်ပြီး ရပ်ကွက်အရှေ့ပိုင်းရုံးသို့ထွက်လာကြတော့သည်။ ရပ်ကွက်ရုံးတွင် ဦးထွန်းခေါင်ကျော်ကိုအဆင်သင့်တွေ့လိုက်ရသည်။

"အနောက်ပိုင်းသားတွေ ဘာကိစ္စလဲ"

"ဦးထွန်းခေါင်ကျော်တို့ ရပ်ကွက်ကလူငယ်တွေက ကျုပ်တို့ကလေး (၂)ယောက်ကို ပိုင်းပြီးရိုက်လွှတ်လိုက်တာကို လာပြီးတိုင်ကြားတာပါ"

"ဒါလား ကျုပ်အားလုံးကို စုံစမ်းပြီးပါပြီ၊ မင်းတို့ရပ်ကွက်ထဲကကောင်တွေက စက်ဘီးကို မစီးဖူးဘူးနဲ့တူတယ်၊ ပရမ်းပတာနင်းလို့ ဝင်တိုက်တာ.."

"ကျွန်တော်တို့တိုက်တာ မဟုတ်ဘူး။ သူတို့ကအသေးလွှတ်ကြီးဝင်တိုက်ပြီးရန်စတာပါ"

"ငါတို့ အရှေ့ပိုင်းက ကလေးတွေဟာ သူ့ဆင့်နဲ့သူနေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ၊ မင်းတို့ကိုတုဖက်ပြီး ရန်ဖြစ်စရာ အကြောင်းမရှိဘူး‥ မင်းပေါက်ကရမပြောနဲ့ ရဲစခန်းကိုရောက်သွားမယ်"

"ကျုပ်တို့က ခင်ဗျားတို့လို ငွေမရှိပေမယ့် စိတ်ဓာတ် အောက်တန်းမကျဘူး"

"ဟေ့ကောင်‥မင်းဘာပြောတယ်"

"မဟာနိုင်‥‥ဦးရဲပြောမယ်"

ဦးရဲ‥‥မဟာနိုင်ကိုတားလိုက်ပြီး‥

"တောင်းပန်ပါတယ် ဦးထွဋ်ခေါင်ကျော်၊ ကျုပ်ကလေး ပြောတဲ့စကားက ဦးထွဋ်ခေါင်ကျော်ရဲ့ ဂုဏ်သိက္ခာကိုထိပါး သလို ဖြစ်သွားတယ် စိတ်မကောင်းပါဘူး‥ကျုပ်တို့ခုလာပြီးပြောတာဟာ အဆင့်အတန်းတွေမြင့်တဲ့ လူကြီးမင်းတို့ရဲ့ ကလေးတွေကိုမှားသည် ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဆုံးမပေးဖို့ပါ‥ဒါဟာ လူကြီးလူကောင်း တွေရဲ့အလုပ်တစ်ခုပါဗျာ‥ရန်မီးကို ကျုပ်တို့ဘက်ကမပွားပါဘူး‥ တစ်ခုတော့ပြောချင်တယ် ဘာလဲဆိုတော့‥ရွှေရတုအမှတ်တရ ကတ်ကို အကြောင်းမဲ့ဖြဲစုတ်လွှင့်ပစ်တာဟာ စက်ဘီးတိုက်မှုနဲ့ တခြားစီဖြစ်နေတယ်၊ ဒါကိုတော့ ဦးထွဋ်ခေါင်ကျော်ပဲ ဆုံးဖြတ် လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"လျော်ကြေးပြန်လိုချင်လို့လား"

"ကတ်ကလေး တွေရဲ့တန်ဖိုးက အရှေ့ပိုင်းထဲမှာ နေကြတဲ့ သူတွေအတွက် ဖိနပ်တစ်ရံဖိုးလောက်ပဲရှိပါတယ်။ ကျုပ်တို့ အတွက်တော့ တန်ဖိုးဖြတ်လို့မရဘူး။ ပြန်လည်းလျော်ကြေး မလို ချင်ပါဘူး…ဘာကြောင့်နိမ့်ကျတဲ့ လုပ်ရပ်ကို လုပ်သလဲဆိုတာ လေးကိုပဲ သိလိုက်ရတာ စိတ်မကောင်းပါဘူး‥သွားခွင့်ပြုပါဦး"

ဦးထွန်းခေါင်ကျော် မျက်နှာတစ်ခုလုံး နီမြန်းပြီးစူးရှလှ သောမျက်လုံးနှင့် စိုက်ကြည့်နေရာမှ ဦးစိုးနောင်ကို တွေ့သွားပြီး

"စိုးနောင် မင်းက ငါ့ကိုတိုက်ခိုက်ဖို့ပါလာတာလား၊ ငါ့ သားသေရတာ မင်းကြောင့်ကွ‥"

"ထွန်းခေါင်ကျော် မင်းအတွေတွေက ခုထိကြီးတုန်းကိုး… မင်းကိုတိုက်ခိုက်ရအောင် မင်းကငါ့ကို တိုက်ခိုက်မှုတွေလုပ်ထား ဘူးတယ်နဲ့တူတယ်။ ငါ့ဘက်ကရှင်းတယ် မင်းနဲ့ပတ်သက်ပြီးဘာ တစ်ခုမှစိတ်မဝင်စားဘူး။ မင်းသားသေရတာ ငါ့ကြောင့်ဆိုတဲ့ စွဲချက်တော့လာပြီး မတင်နဲ့ ထွန်းခေါင်ကျော်၊ ရော့‥ဒီမှာ‥ငါရိုက် ယူထားတဲ့ ဗီဒီယိုမှတ်တမ်းအခွေကို ပြန်ပြီးကြည့်လိုက်၊ မင်းသား ဘာကြောင့် သေရတယ်ဆိုတာကို တွေ့ရလိမ့်မယ်‥ခုန်ကလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကလည်း ငါ့ကိစ္စနဲ့ငါ လာရင်းကြုံလို့ လိုက်ပို့တာ‥ မင်းနဲ့ဆုံမယ်ဆိုတာကို တွေးတောင်မတွေးမိဘူး"

"ဒယ်ဒီ ဘာဖြစ်လို့လဲ၊ ဒီကောင်တွေက မကျေနပ်လို့လာပြီး ပြောတာလား"

"နီရာမော်နဲ့ နီရာဖြိုး‥မင်းတို့မပါနဲ့"

နီရာမော် နီရာဖြိုးတို့နှင့်အတူ တုတ်တွေကိုင်ထားသောလူ အုပ်စုကို တွေ့လိုက်ရသည်။

"မင်းသားတွေက ဥပဒေမဲ့ဒေသကို ရောက်နေတယ်လို့ ထင်နေသလားပဲ၊ မင်းတို့ဘက်က ရန်လုပ်ချင်ရင်လုပ်လို့ရပါ တယ်။ နောက်ဆက်တွဲရင်ဆိုင်ဖို့တော့ ပြင်ထားနော်"

"ခင်ဗျား…"

"နီရာမော် ငါပြောနေတယ် မင်းကောင်တွေကို ပြန်ပြီးခေါ် သွားစမ်း"

"တောက်‥ဟောကောင် မဟာနိုင် မင်းနဲ့ငါ တစ်ပွဲလောက် တွေ့ချင်တယ်"

"မင်းကဘယ်လိုပုံစံမျိုးတွေ့ချင်တာလဲ၊ ပြောကြည့်လိုက် လေ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ထပ် ကားပြိုင်ပွဲလေးတစ်ခု"

"ငါက ကားပြိုင်ပွဲတွေကို လိုက်ပြီးပြိုင်နေတဲ့ လူတော့ မဟုတ်ဘူး··ဒါပေမယ့် မင်းစိန်ခေါ်မှုကို ငါလက်ခံပါ့မယ်"

"ရွှေရတုပွဲကြီး ပြီးသွားရင်တော့ မင်းသိစေရမှာပါ"

ကားပေါ်သို့ အားလုံးပြန်တက်ပြီးထွက်လာခဲ့ကြတော့သည်။

"မောင်မဟာနိုင်ကို. အန်ကယ်အထူးသတိလေးတစ်ခု ပေးချင်တယ်"

"ဟုတ်ကဲ့ပေးပါ အန်ကယ်"

"အရင်ဦးဆုံးသတိပေးချင်တာကတော့ ဦးထွန်းခေါင်ကျော် ရဲ့ကောက်ကျစ်မှုပဲ၊ သူဟာ ငယ်ငယ်လေးကတည်းက သူများတစ် ဖက်သားအပေါ်မှာ မကောင်းကြံမယ်ဆိုရင် ပြိုင်ဘက်ကင်းအောင် တော်တယ်၊ နောက်တစ်ခုက ရှုံးမဲမဲတဲ့ နေရာမှာတကယ်ကို ကြောက်စရာကောင်းတဲ့ လူတစ်ယောက်၊ ခု···ထွန်းခေါင်ကျော် အာ သူ့သားတစ်ယောက်လုံးကို ဆုံးရှုံးထားတာကြောင့် ကျားနာ တစ်ကောင်လို မင်းကိုမဲနေပြီ"

"ကျွန်တော်သဘောပေါက်ပါတယ် အန်ကယ်"

"အမှန်တော့ ဆင်ခြင်တုံတရား ကင်းမဲ့တဲ့ ကိစ္စတစ်ခုပါပဲ·

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ငွေကြေးအင်အားရယ်၊ လူမိုက်သား (၂)ယောက်အားကိုးနဲ့ မင်းကိုအန္တရာယ်ပြုလိမ့်မယ်"

"ကိုယ့်ဘက်ကပြုတဲ့ရန့်လိုမှုမဟုတ်ပေမယ့် သူတို့ဘက်က ရန်လိုတဲ့ တိုက်ခိုက်မှုတွေကို ရှောင်လွှဲလို့မရရင်တော့ ရင်ဆိုင်ဖို့ပဲ ရှိတော့တာပေါ့"

"မောင်မဟာနိုင်ကို အန်ကယ့်ဘက်က စကားကုန်ပြောခဲ့မယ်၊ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် အန်ကယ့်ကို အသိပေးဆက်သွယ်ပါ"

"ဟုတ်ကဲ့ပါ အန်ကယ်"

မဟာနိုင်တို့ အနောက်ပိုင်းဘက်ကူးသော တံတားသို့ ရောက်တော့ ကိုလတ်ကို ဆိုက်ကားနဲ့ ခေါ်ဆောင်လာသည်ကို တွေ့ရသဖြင့်...

"ဦးချို ဘယ်လိုဖြစ်တာလဲ"

"ဦးရဲရေ...လုပ်ပါဦးဗျာ ဆေးခန်းကဆရာမက ဆေးရုံကိုပို့ခိုင်းလို့ ထွက်လာခဲ့ကြတာပါ"

"ဟင်..."

"ဟာ..."



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းက ဒဏ်ရာက အာရုံကြောကိုထိခိုက်နိုင်တယ်လို့ ဒေါက်တာမက ပြောတယ်"

"မောင်မဟာနိုင် ကားပေါ်ကိုတက်ခိုင်းလိုက် ဆေးရုံကို တစ်ခါတည်း သွားကြရအောင်"

"ဦးချိုပဲ လိုက်ခဲ့တော့၊ ကျန်တဲ့သူတွေ လုပ်စရာရှိတာကို ဆက်လုပ်နေကြ"

ကိုလတ်ကို ကားပေါ်ပွေ့တင်ပြီး အားချင်းမောင်းထွက်လာ ခဲ့ကြတော့သည်။

"ဦးရဲတို့ ရဲစခန်းမှာ အမှုဖွင့်စရာရှိတာကို ဖွင့်တော့၊ ဥပဒေ လမ်းကြောင်းပေါ်က ရင်ဆိုင်ကြမယ်။ သူတို့ဘက်က ငွေကြေးနဲ့ စွမ်းနိုင်သလောက် ကျုပ်ဘက်က လိုက်ပြီးကူညီမယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

မဟာနိုင် ရင်ထဲတွင် ခံပြင်းမှုတွေက ဆို့နင့်နေလေသည်။ သူ့သဘောနှင့်သာဆို ဦးထွန်းခေါင်ကျော်သား (၂)ယောက်ကိုလက် တုံ့ပြန်မိမှာ သေချာသည်။

"ကိုလတ်"

"ကိုမဟာနိုင် ကျွန်တော်ဒီကောင်တွေကို မကျေဘူး…

www.burmeseclassic.com

www.burmeseclassic.com



သူတို့ထဲမှာ ရော်နီကောင်းဆိုတဲ့ကောင်ကို ပိုပြီးမကျေနပ်ဘူးဗျာ.. အား..ကျွတ်..ကျွတ်"

"ကိုလတ် မင်းစကားသိပ်ပြီးမပြောနဲ့ကွာ၊ မင်းအတွက်ငါ ဒီကောင်တွေကို လက်စားချေပေးပါ့မယ်"

ကိုလတ်ခေါင်းကဒဏ်ရာဝေဒနာတွေကို ခံစားရင်းလိုက်ပါ လာလေသည်။ ဆေးရုံသို့ ရောက်သည်နှင့် အရေးပေါ်ခွဲစိတ်မှု ပြုလုပ်ရန် ခေါ်ဆောင်သွားလေသည်။

"အန်ကယ်စိုးလည်း ကျွန်တော်တို့ကြောင့် ပင်ပန်းနေပြီ"

"ရပါတယ်ကွာ..မင်းတို့ခုလို မတရားခံနေရတဲ့ပေါ်မှာ ခံပြင်းလွန်းလို့ပါ.."

မဟာနိုင် နှင့်စကားပြောနေရင်း ဦးစိုးနောင် ဟန်းဖုန်းက မြည်လာသဖြင့် နားထောင်စကားပြောပြီး...

"မောင်မဟာနိုင်ရေ ကုမ္ပဏီကိစ္စလေးအကြောင်းပေါ်လာ လို့ အန်ကယ်ပြန်ဦးမယ်"

"ဟုတ်ကဲ့"

"ဒီငွေကို ကလေးအတွက် လိုရမယ်ရယူထား၊ ကိစ္စရှိ တာနဲ့ အန်ကယ့်ဆီကို ဖုန်းဆက်ပါ၊ မောင်မောင်ကော ငါ့ကိုလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးတာနဲ့ ကားကိုပြန်ပြီးယူလာခဲ့၊ ဒီမှာလိုအပ်တာကို သုံးပါစေ"

"အန်ကယ်စိုးရယ် ဒီလောက်ထိမလိုအပ်ပါဘူး"

"မောင်မဟာနိုင် ဘာမှထပ်ပြီးပြောမနေနဲ့တော့ သွားဦးမယ် အန်ကယ်မှာခဲ့တာတွေကို မမေ့နဲ့နော်"

မဟာနိုင် ခေါင်းလေးညိတ်ပြပြီး နေရစ်ခဲ့တော့သည်။ အရေးပေါ်ခွဲစိတ်ခန်းရှေ့ ခုံကလေးတွင် ဦးရဲနှင့်အတူထိုင်ရင်း ကိုလတ်အတွက် စိတ်ပူနေမိသည်။

"ဟင် နိုရာနို..."

မဟာနိုင် မျက်လုံးတွေ မယုံနိုင်အောင်ဖြစ်သွားသည်။ သူ့ဆေးတွင်ရပ်နေသူမှာ ဦးထွန်းခေါင်ကျော်သမီးဖြစ်နေခြင်း ကြောင့်ပင်...

"နိုရာနို...ဒီကိုလာတာလား"

"ဟုတ်တယ် ကိုမဟာနိုင်တို့ ဆေးရုံကိုထွက်သွားတာတွေ့လို့ နောက်ကနေလိုက်ခဲ့တာပါ"

"နိုရာနို မင်းအတွက် မကောင်းဘူး၊ မင်းဒယ်ဒီက ငါတို့ကို ရန်သူကြီးလိုသတ်မှတ်ချိန်မှာ မင်းခုလိုလာတာကိုသိရင် ကောင်းမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီက ရန်သူလိုသတ်မှတ်တာနဲ့ နိုရာနဲ့ကရော ကို မဟာနိုင်တို့ကို ရန်သူလို့သဘောထားရမှာလား"

"ငါဆိုလိုတာ ဒီလိုမဟုတ်ဘူး နိုရာနဲ့၊ မင်းပေါ်ကို မင်း ဒယ်ဒီ ဒေါသဖြစ်မှာကို ပြောတာပါ"

"မသိအောင်တော့ လာခဲ့တာပဲ သိသွားတော့လည်း ရင်ဆိုင် ရုံပဲရှိတာပေါ့၊ ခုဖြစ်သွားတဲ့ရန်ပွဲမှာ ဘယ်သူမတရားဘူးဆိုတာကို ကိုယ်တိုင် တွေ့ခဲ့တယ်၊ ဂျော်နီကောင်းတို့ကစပြီး အသားလွှတ် ရန်စပြီး ရိုက်ကြတာပါ"

"ဥပဒေလမ်းကြောင်းနဲ့ဖော်ထုတ်ဖို့တော့ လုပ်ထားပါတယ်"

"လိုအပ်ရင် နိုရာ သက်သေရှိတယ်"

"နိုရာ ဘက်ကခုလို စကားမျိုးကြားရတာကိုပဲ ကျေးဇူး တင်ပါတယ်၊ ဒါပေမယ့် နိုရာ သက်သေမထွက်ပါနဲ့"

"ဘာလို့လဲ"

"နိုရာနဲ့တို့သားအဖ၊ မောင်နှမတွေကြားမှာပြဿနာကြီး ထွားသွားနိုင်တယ်"

"ဟုတ်တယ်တူမ၊ သမီးရဲ့ စိတ်ဓာတ်ကို ဦးရဲလို့အရမ်း လေးစားပါတယ်ကွယ်၊ ခုဖြစ်သွားတဲ့ မတရားမှုကို အမှန်တရား



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖြစ်စေရမှာပေါ့"

"ဒီက လူနာရှင်တွေလား"

"ဟုတ်ပါတယ် ဆရာမ"

"လူနာအတွက် သွေးလိုတယ်"

"ဘယ်လိုသွေးအမျိုးအစားလဲ ဆရာမ"

"(AB) ရှားတော့ရှားတယ်၊ ရှင်တို့ထဲမှာ မပါရင်အား ချင်းရှာပေးပါ"

"ဆရာမ ကျွန်တော့်သွေးက (AB)ပါ"

"ကျွန်မသွေးလည်း (AB)ပါ"

"ဒါဆိုရင် အဆင်ပြေသွားပြီပေါ့၊ ကျွန်မနဲ့အတူ ဟိုဘက် အခန်းကို လိုက်ခဲ့ကြပါ"

"နီရာနီ"

"ကိုမဟာနိုင် ဘာပြောမလဲ ပြောလေ"

"မင်း သွေးလှူဘူးလား"

"လှူဘူးတာပေါ့၊ ဒီတစ်ခါနဲ့ဆို (၃)ခါရှိပြီ ဘာလို့မေးတာ လဲဟင်"

"မင်းအတွက်စိုးရိမ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမထံမှ ချိုလွင်သော နှုတ်ခမ်းပါးလေးနှင့်အတူ အပြုံးပွင့်ကလေးတစ်စုံကို တွေ့လိုက်ရသည်။

ဖခင် အစ်ကိုတွေနဲ့ စိတ်ခါတ်ကွဲပြားသော သူမစိတ်ထားဖြူစင်မှုလေးသည် ချီးကျူးဖွယ်ကောင်းနေလေ၏။

ခုတင်တစ်လုံးစီမှာ သွေးဖောက်ကြရင်း သူမထံမှစကားသံလေးကို ကြားနေရသည်။

"လူတွေဆီမှာ အတ္တကြီးထွားမှုတွေ မရှိရင်သိပ်ကောင်းမှာပဲနော်"

"နီရာနီက ဘာပြောချင်တာလဲ"

"အတ္တကြောင့် အမှားဖြစ်ခဲ့တာတွေကို ပြောတာပါ"

"လူဆိုတာ အတ္တနဲ့တော့ကင်းလို့မရကြပါဘူး၊ ဒါပေမယ့် အမှန်တရားကို မျက်ကွယ်ပြုတဲ့အတ္တ၊ လူလူချင်း စာနာမှုမဲ့တဲ့ အတ္တကြီးထွားမှုတွေကတော့ မကောင်းပါဘူး"

"ကိုမဟာနိုင်…နီရာ့ဒယ်ဒီကို မုန်းနေမှာပေါ့နော်"

"ငါက မမုန်းပါဘူး၊ သူ့ဘက်က မုန်းတီးနေတာပါ"

"ဒယ်ဒီဟာ အတ္တသိပ်ပြီးကြီးပါတယ်၊ ဒီလိုအတ္တကြီးမှုကြောင့် မာမီနဲ့ ဝေးကွာခဲ့ရတာ…"



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားသံလေးမှာကြေကွဲဝမ်းနည်းမှုလေးတွေ ကပ်ပါနေသည်ကို သတိပြုမိလိုက်တော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

"ရွှေရတုပွဲကို ရပ်ကွက်အရှေ့ပိုင်းက တစ်ရက်စောပြီး လုပ်မယ် ဟုတ်လား စံဘော်"

"ဟုတ်တယ် နိုင်··ငါတို့နဲ့ တစ်နေ့တည်းလုပ်ရတာ သိက္ခာကျတယ်ဆိုပြီး တစ်ရက်စောလုပ်တာတဲ့၊ နောက်သတင်း တစ်ခုက သူတို့လုပ်တဲ့ပွဲနေ့ကို ငါတို့အနောက်ပိုင်းထဲက လူတွေ လာခဲ့ရင် ကောင်းကောင်းကြီး သင်ခန်းစာရသွားမယ်လို့ သတင်း လွှင့်ထားတယ်"

"ငါတို့ဘက်ကနေ မသွားကြဖို့ကိုတော့ သတိပေးထား



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သတိပေးရက်နဲ့သွားကြတာတော့ မတတ်နိုင်ဘူး၊ လူငယ်ပိုင်းတွေကတော့ လုံးလုံးမသွားခိုင်းနဲ့ မောင်မဟာနိုင်··အန္တရာယ်ပေးမှာ သေချာတယ်၊ ကောက်ကျစ်တဲ့ ထောင်ချောက်ကို တိုးမဝင်ဖို့တော့ အရေးကြီးတယ်"

"ဟူး···ငါတို့အခြေအနေတွေက တဖြည်းဖြည်းနဲ့တော့ မဟာရန်သူတော်ကြီးအဆင့်ကို ရောက်နေပြီထင်တယ်"

"ဒါကတော့ကွာ သူတို့ဘက်ကနေ လုပ်နေတာပဲ၊ ဘာတတ်နိုင်မှာလဲ"

"မောင်မဟာနိုင်··· ငါတို့အနောက်ပိုင်း လုံခြုံရေးကို အထူးဂရုစိုက်ကြနော်"

"လူငယ်တွေအလှည့်ကျစနစ်နဲ့ ကင်းချထားပါတယ်"

"သူတို့ချည်းပဲ လွှတ်မထားနဲ့ဦး"

"ကျွန်တော်တို့လည်း ညဘက်ဆိုကင်းလှည့်ကြပါတယ်"

"လူကြီးတွေက ငွေရတုရဲ့အဖြစ်အပျက်တွေကို တွေးပြီးကြောက်နေကြတယ်"

"သူတို့ဘက်ကသေချာပေါက်ဖျက်ဆီးဖို့ကြံစည်နေတာတော့သေချာတယ်။ ကိုယ့်ဘက်ကသတိမလွှတ်ဖို့အရေးကြီးတယ်"

www.burmeseclassic.com



"ကိုလတ် အခြေအနေရော ဘယ်လိုလဲ"

"အတော်လေးကို သက်သာနေပါပြီ"

"ရွှေရုတုကို မီပါ့မလား"

"မီတော့ မမီဘူး ဒီကောင်ကအရမ်းကို ဆင်းချင်နေတာ ဒါနဲ့ ဟိုကောင် ဂျော်နီကောင်းကို မမီဘူးဆို"

"ဒီကောင် လွတ်သွားတယ်၊ သူ့ကောင်(၃)ကောင်တော့ ဖမ်းထားတယ်။ ဦးထွဋ်ခေါင်ကျော်ဘက်က သူ့ကောင်တွေလွတ်ဖို့ အစွမ်းကုန်ကြိုးစားနေတာပဲ…ဂျော်နီကောင်းဆိုတဲ့ကောင်က… နီရာဖြိုးရဲ့ လက်ရုံးတစ်ဆူလို့ပြောတယ်"

BURMESE CLASSIC

"ခုမိတဲ့ကောင်တွေဆီက နီရာဖြိုးနဲ့ပတ်သက်ပြီး ဘာမှ မသိရဘူးလား"

"ဒီကောင်တွေမသိကြဘူး၊ ဂျော်နီကောင်းက ရိုက်ခိုင်းလို့ ဝင်ပြီး ရိုက်တယ်လို့ပဲ ထွက်ဆိုကြတယ်… ဂျော်နီကောင်းကို မိရင်တော့ ဘယ်သူက ခိုင်းတယ်ဆိုတာ သိရမှာပါ"

"ဦးဦးနိုင်…"

"ဟာ…ပေါက်စ မိုးချုပ်မှ ဘာလာလုပ်တာလဲ"

မဟာနိုင်တို့ ရပ်ကွက်မှ ချာတိတ်ကလေးဖြစ်သည့် မိသား

www.burmeseclassic.com

www.burmeseclassic.com



စုဝမ်းရေးအတွက် စပယ်ပန်းလေးတွေကို လိုက်လံရောင်းနေရသူ။

"ကျွန်တော့်ကို အဒေါ်ကြီးတစ်ယောက်က ဦးမဟာဆီကို စာပေးခိုင်းလိုက်လို့"

"ဘယ်က အဒေါ်ကြီးလဲ"

"ကျွန်တော် မသိဘူး၊ ဈေးဘက်မှာ ပန်းရောင်းနေတုန်း မုန့်ဖိုးတစ်ထောင်ပေးပြီး ပေးခိုင်းလိုက်တာ"

"အေး...ပေးခဲ့..."

BURMESE CLASSIC

ပေါက်စဆီမှ စာခေါက်ကလေးကို ယူပြီးဖတ်ကြည့်လိုက်သည်။

*မဟာ*

*ဒီည..မဟာတို့အနောက်ပိုင်းထဲက ဖိုးသေးဆိုတဲ့ အရက်သမားကို ငွေပေးပြီး အနောက်ဘက်က အိမ်တစ်အိမ်ကို မီးကွင်းပစ်ခိုင်းထားတယ်...*

"ဟာ.."

မဟာနိုင် စာကိုဖတ်ပြီး တုန်လှုပ်သွားတော့၏။ စာအောက်တွင် ဘယ်သူဘယ်ဝါဆိုတာကို လက်မှတ်ရေးထိုးမထားသော်ငြားလည်း သူ့ဆီကို စာနှင့်သတိပေးသည်မှာ ဒုတိယမြောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်မဟာနိုင် ... ဘာရေးထားတာလဲ"

"ဦးရဲ ... အန္တရာယ်ကတော့ စပြီနဲ့တူတယ်"

ဦးရဲ စာကိုဖတ်ပြီးသည်နှင့် ...

"မဖြစ်ဘူး .. ဖိုးသေးကို အရရှာကြတော့ဟေ့ .."

အိမ်ပေါ်မှ အားလုံးဆင်းခဲ့ကြပြီး ဖိုးသေးရှိမည့် နေရာတွေကို လိုက်လံစုံစမ်းသော်လည်း ဘာသတင်းကိုမှမရ ...

"ဟူး ... ဒီကောင့်ကိုမတွေ့လို့တော့မဖြစ်ဘူး"

"နိုင် ..."

"ရဲထက်ကို ဘာသတင်းရလဲ"

"ခွေးမသား ဖိုးသေး ... ဇရပ်ပေါ်မှာ မူးပြီးအိပ်နေတယ်၊ ဘယ်လိုမှ ခေါ်လို့မရဘူး၊ ငါတို့ကို သတင်းမှားပြီးပေးတာလား"

"ဖိုးသေးကို အရောင်ပြပြီး တစ်ဖက်ကဝင်ပြီးလုပ်ဖို့ အကွက်ဆင်တာလား မသိဘူးနော် .."

"မောင်မဟာနိုင် .. မင်းဘယ်လိုမြင်လဲ"

"ကျွန်တော့်ဆီကို ပေးတဲ့စာကို ယုံတယ် .."

"ဒီတော့ ဖိုးသေးကိုအတင်းနှိုးပြီးမေးမလား"

"မမေးနဲ့တော့ .. ကျန်တဲ့လူတွေက ရပ်ကွက်အပြင်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို တစ်ညလုံး မအိပ်ဘဲ စောင့်ကြည့်ကြတော့၊ သန်ဘက်ခါဆို ပွဲတော်ရက်စပြီး..ခုကတည်းက အပင်ပန်းခံထားကြမှဖြစ်မယ်"

"ကျွန်တော်..စံဘော်နဲ့ ရဲထက်တို့က ဖိုးသေးကိုစောင့်ကြည့်မယ်.."

"မူးပြီး မထနိုင်တဲ့သူကို စောင့်ကြည့်ဦးမလို့လား"

"စံဘော်..မင်းဘာစကားမှ မရှည်နဲ့၊ မင်းမလိုက်ချင်ရင် နေခဲ့.."

"လိုက်မှာပါကွာ"

လူစုခွဲပြီး ထွက်လာခဲ့ကြသည်။ ဇရပ်နှင့်သိပ်ပြီးမဝေးသောနေရာတွင် သစ်ပင်ကြီးကွယ်ပြီး အိပ်ပျော်နေသောဖိုးသေးကို စောင့်ကြည့်နေကြသည်။

"မင်းစိတ်ထဲမှာ ဘယ်လိုတွက်ထားလဲ နိုင်.."

"ငါ့စိတ်အထင် ဖိုးသေး ဟန်ဆောင်ပြီးမူးနေတာဖြစ်နိုင်တယ်၊ သူ့ကို လူတွေ မရိပ်မိအောင် ပြင်ဆင်ထားတဲ့ပုံစံလို့ထင်တယ်.."

"ဖိုးသေးဆိုတဲ့ကောင် ဒီလောက်တွေးနိုင်လို့လား၊ အရက်သောက်ဖို့ကလွဲပြီး ဘာမှသိတဲ့ကောင်မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုခိုင်းလိုက်တဲ့သူတွေပြောတဲ့အတိုင်း လုပ်တာမျိုး ဖြစ်နိုင်တယ်.."

"စောင့်ကြည့်ကြတာပေါ့.."

"ဝါး..."

"စံဘော်..အိပ်ချင်လို့မရဘူးနော်၊ ဒီနေ့ဒီရက်တွေက သိပ်ကို အရေးကြီးနေပြီ"

"ဘယ်လို အကုသိုလ်ဆိုးတွေနဲ့ တစ်ရပ်ကွက်ထဲမှာလာပြီး နေကြရလည်းမသိပါဘူးကွာ၊ ပွဲတော်လေး လုပ်တာတောင် လွတ်လွတ်လပ်လပ်နဲ့ စိတ်ချမ်းချမ်းသာသာမလုပ်ရဘူး"

"နိုင်...စကားမစပ် မင်းကိုမေးရဦးမယ်၊ မင်းနဲ့နိုရာနို အခြေအနေက ဘယ်လိုလဲ"

"စံဘော်...မင်းမို့ အခြေအနေကိုမေးရတယ်လို့ကွာ၊ နိုရာနိုနဲ့ ငါက ဘယ်လိုမှ ဆက်လို့မရတဲ့ကြိုးတစ်ချောင်းလိုပဲ"

"မင်းကသာ ဆက်လို့မရဘူးပြောနေတာ၊ နိုရာနိုဘက်က မင်းနဲ့ဆက်ဆံရေးကို သတ္တိကောင်းကောင်းနဲ့လုပ်နေတာနော်"

"ငါလည်း ဒါကို အံ့သြနေတာ၊ သူဘယ်လို ခံစားချက်နဲ့ ဆက်ဆံနေတယ်ဆိုတာတော့ မသိဘူး၊ ဖြစ်နိုင်တာ တစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ငါ့အပေါ်မှာ ငြိစွန်းတဲ့ခံစားချက်တော့မဟုတ်နိုင်ဘူး၊ သူ့ကို ကယ်တင်ခဲ့တဲ့ပေါ်မှာ တုံ့ပြန်တဲ့ အဆင့်လောက်ပဲဖြစ်မယ်"

"ခု မင်းဆီကို စာတွေရေးပြီးပို့ပေးနေတာ နိုရာနိုမဖြစ်နိုင်ဘူးလားနိုင်.."

"ရဲထက်ကို..မင်းကတော့ တုံးနေပြီ၊ ပေါက်စပြောတာ မကြားဘူးလား အဒေါ်ကြီးတစ်ယောက်ပါဆို"

"ဒါကတော့ သူကိုယ်တိုင် ပေးတာကို မသိစေချင်လို့ တခြားတစ်ယောက်ကိုပေးခိုင်းတာနေတာပေါ့ကွ"

"ရှူး..."

မဟာနိုင် နှစ်ယောက်စလုံးကို စကားတိတ်ဖို့ ပြောလိုက်ပြီး ဇရပ်ပေါ်သို့ လှမ်းကြည့်လိုက်ရာ ဖိုးသေးထလာပြီး အပြင်အခြေအနေကို အကဲခတ်ကာ ခပ်ကုတ်ကုတ်ထေလေး ဇရပ်ပေါ်မှ ဆင်းခဲ့သည်။

"သူ့နောက်ကိုလိုက်မယ်၊ မရိပ်မိစေနဲ့နော်"

ဖိုးသေး ထွက်သွားသည်နှင့် နောက်မှခြေသံလုံစွာဖြင့် လိုက်ခဲ့ကြသည်။ ဖိုးသေး ရပ်ကွက်အနောက်ဘက်ရှိ သစ်ပင်ကြီးနောက်ကိုဝင်သွားပြီး ပြန်ထွက်လာစဉ် လက်ထဲမှာပုံးလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံးနှင့် ကြိုးခွေတစ်ခုကို ကိုင်လျက်…

"သေချာသွားပြီ"

မဟာနိုင်တို့ ဖိုးသေးရှိရာကို အပြေးသွားလိုက်ပြီး…

"ဖိုးသေး…မင်း ဒါဘာလုပ်တာလဲ"

"ဟို…ဟို…ငါ…ငါ…အိမ်အတွက် ဓာတ်ဆီတွေပါ"

"မင်း မညာနဲ့ မင်း ဘာလုပ်မယ်ဆိုတာကို ငါတို့သိထား တယ်…ခွေးမသား ရပ်ကွက်သစ္စာဖောက်"

"စံဘော် မလုပ်နဲ့၊ ဦးရဲတို့ဆီခေါ်သွားပြီးမှ ဆုံးဖြတ်မယ်"

"ငါ…ဘာ…ဘာမှ…မ…မလုပ်ပါဘူးကွာ"

"မင်း…ပါးစပ်ပိတ်ပြီးလိုက်ခဲ့၊ ငါ့လက်ကယားနေတာ နော်"

စံဘော်…ဖိုးသေးကုတ်ကိုဆွဲပြီး ခေါ်လာလေသည်။ ဦးရဲ တို့တဲဘက်ရှိရာသို့ရောက်မှ…

"ရဲထက်ကို ရပ်ကွက်လူကြီးတွေကို သွားပြီးခေါ်ကွာ၊ သူတို့ရှေ့မှာ မေးတော့ပိုပြီးကောင်းတာပေါ့…"

ဖိုးသေး မျက်နှာတွင် ချွေးစေးများပင် ကျနေတော့သည်…

"ကျွန်တော့်ကို ရဲစခန်းကိုမပို့ပါနဲ့ဗျာ… နောက်မလုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး…ဟီး‥အီး‥အီး‥"

"မင်းကိုဘာလုပ်သေးလို့ မင်းကငိုနေတာလဲ…မင်း အမှန်တိုင်းပြောရင် မပိုဘူး… ညာပြောရင်တော့ စခန်းလက်ကိုအပ်လိုက်မှာပဲ…"

"ပြော…ပြော‥ပြပါ့မယ်…ကျွန်တော့်ကို ကျော်နီကောင်းဆိုတဲ့ ကောင်က ငွေတစ်သိန်းပေးမယ်၊ အပိုင်းထဲက အိမ်တစ်အိမ်ကို မီးရှို့ပေးပါဆိုလို့ လုပ်ရတာပါ…"

"တောက်…ဖိုးသေး မင်းကွာ ငွေတစ်သိန်းနဲ့‥တစ်ပိုင်းလုံး ဒုက္ခဖြစ်အောင် လုပ်ချင်တဲ့ကောင်…"

"စံဘော်…စိတ်ကိုလျှော့စမ်း မင်းလည်း ဒီကောင့် အကြောင်းသိသားနဲ့…အရက်တွေ သောက်တာများပြီး ဦးနှောက် ကသိပ်ပြီး အကောင်းအဆိုးကို ဝေခွဲနိုင်တော့တာမှ မဟုတ်တာ… မင်းကို တစ်ဖက်က အသုံးချဖို့ ကြိုးစားတာပဲ… မင်းကိုခိုင်းတာ ကျော်နီကောင်းတစ်ယောက်တည်းလား မင်းနဲ့ ဘယ်မှာတွေ့တာလဲ"

"တောင်ပိုင်းရပ်ကွက်က ဆန်းထူးအရက်ဆိုင်မှာပါ၊ သူနဲ့ ဆန်နီနဲ့ နှစ်ဦးပါ‥"

www.burmeseclassic.com



"ဆန်နီဆိုတာ တောင်ပိုင်းထဲမှာနေတဲ့ ဖဲသမားမဟုတ်လား"

"ဟုတ်တယ်နိုင်…ဖဲမှုနဲ့ထောင်ကထွက်လာတာမကြာသေးဘူးကွ၊ ဂျော်နီကောင်းနဲ့ တွဲဖက်ပဲ၊ ဂျော်နီကောင်း‥ဆန်နီဆီမှာ ရှောင်တိမ်းနေတာဖြစ်မယ်‥"

ရပ်ကွက်လူကြီးတွေရောက်လာကြပြီး ဖိုးသေးကို အကြောင်းစုံကို ရှင်းပြခိုင်းလိုက်သည်။

"တော်သေးတာပေါ့ကွာ၊ ငွေရတုပွဲတုန်းကလိုဖြစ်တော့မလို့၊ ဖိုးသေးရယ်…မိုက်လှချည်လားကွာ‥"

"ခွေးမသားကို ရဲစခန်းကိုသာပို့လိုက်ပါဗျာ‥"

"မ…မလုပ်ကြပါနဲ့ဗျာ‥ဟီး‥အီး‥အီး…"

"ဟေ့ကောင် ကျက်သရေမရှိဘူး၊ ငိုမနေနဲ့၊ ငါနောက်ကနေ ဆောင့်ကန်လိုက်ဦးမယ်‥"

"ကိုရဲ‥မင်းတို့လူငယ်တွေဘာလုပ်ချင်လဲ‥ပြော‥"

"ဒီကောင့်ကိုပို့လည်း ထောင်ကျတာပဲဖြစ်မှာပေါ့၊ သူ့ဘက်က မကျူးလွန်ရသေးဘူးဆိုတော့ အမိကတရားခံကိုပဲ ကိုယ့်ဘက်ကနေ ဖမ်းဆီးပေးနိုင်အောင် ကြိုးစားစေချင်ပါတယ်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်သားကို ဘေးဒုက္ခမရောက်စေချင်ဘူး··”

ဦးရဲ··ဆုံးဖြတ်ချက်ကိုလူငယ်တွေဘက်မှ စကားသံ ထွက်မလာသဖြင့်····

“ဖိုးသေး··”

“ဗျာ··ဦးရဲ···”

“မင်းကို ဒီအတိုင်းတော့ ပြန်မလွှတ်နိုင်ဘူး၊ စိတ်ကျန်းမာရေးဆေးရုံကိုပို့ပြီး အရက်ဖြတ်ရမယ်၊ ဆေးကုရမယ်၊ ဒါကို ရွေးချယ်မလား၊ ရဲစခန်းကိုသွားမလား··ပြော··”

“စိတ်ကျန်းမာရေးဆေးရုံကိုပဲ သွားပါ့မယ်ဗျာ··”

× × ×



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ..ဦးထွန်းခေါင်ကျော်.. ခင်ဗျားကြံတာတွေ ဘာတစ်ခုမှ မအောင်မြင်ပါလား.."

"ကြည့်ပြီးလုပ်ဦး၊ တော်ကြာ ကျုပ်တို့ဘက်ပါ အမှုပတ်လာဦးမယ်.."

"ဒုန်း..."

"ဒါ ကျုပ်တို့ထဲက သစ္စာဖောက်ရှိနေလို့ ခုလို တစ်ဖက်ကကြိုပြီးသိနေတာ"

ဦးထွန်းခေါင်ကျော် စားပွဲကိုထုပြီးပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းခေါင်ကျော်လုပ်သမျှသည် ကိုယ့်ကိုပြန်ပြီးအန္တရာယ်ပြုဖို့ ဖြစ်လာနေပြီဖြစ်ခြင်းကြောင့် စိုးရိမ်စိတ်ကလေး ဝင်သွားသလို သူတို့ထဲမှာသစ္စာဖောက်ရှိနေပြီဆိုတာကို သေချာပေါက်တွက်ဆ မိလိုက်သည်။

"သစ္စာဖောက်ရှိတယ်ဆိုရင် ခု ဒီမှာထိုင်နေတဲ့ ကျုပ်တို့ (၄)ယောက်ပဲရှိတာ၊ ဒီလူတွေမှ သစ္စာမဖောက်ရင် ဖောက်စရာလူ မရှိဘူး.."

"ကျုပ်တို့ဘက်ကိုတော့ မထင်နဲ့ ဦးထွန်းခေါင်ကျော်... ဒီကောင့်ကို အမှန်ကြိတ်ချင်လောက်အောင် ဖြစ်နေတာ"

တစ်ယောက်ကိုတစ်ယောက် သစ္စာမဲ့ကြောင်းပြောနေ ပေမယ့်လည်း သံသယကိုယ်စီရှိနေကြပြီဖြစ်သည်။

"သစ္စာဖောက်ကိစ္စကိုတော့ နောက်မှ ဘယ်သူဘယ်ဝါဆို တာကို ဖော်ထုတ်ရမယ်၊ ခု ကျုပ်တို့တွေ့ဆုံတဲ့နေရာအခန်းက တခြားဘယ်သူမှ မသိနိုင်ဘူး၊ ကျုပ်အိမ်သားတွေလည်း တစ် ယောက်မှရှိကြတာမဟုတ်ဘူး၊ ကျုပ်တို့ (၄)ယောက်ကလွဲပြီး ဘယ်သူမှ မပေါက်ကြားနိုင်ဘူးဆိုတာကို ခင်ဗျားတို့ယုံတယ် နော်.."



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ် ဦးထွန်းခေါင်ကျော်.."

"ကောင်းပြီ... ကျုပ်တို့ နောက်ဆုံးပွဲကို နွှဲမယ်၊ ခုပွဲဟာ သိပ်ကိုအရေးကြီးတယ်၊ ဂျော်နီကောင်းဆိုတဲ့ကောင်ကတော့ ထပ်ပြီးအသုံးချလို့မရတော့ဘူး၊ ခု အသုံးချရမယ့်သူက လူမိုက်ကြီးတစ်ဦး၊ ကြေးကြီးတယ်၊ လုပ်တဲ့နေရာမှာ ပိရိသေသပ်တယ်၊ လှည့်ကြည့်စရာမလိုဘူး၊ သူ့ကိစ္စကို သူရှင်းတယ်.."

"ခင်ဗျားက အပြတ်ရှင်းမယ့်သဘောလား.."

"ဟုတ်တယ်.. ဒီကောင်(၂)ကောင်ကို ပွဲပြတ်ရှင်းလိုက်တာနဲ့ ပွဲက ပြီးသွားပြီ"

"ဘယ်တော့လောက် လုပ်မှာလဲ"

"ရွှေရတုပွဲ ကျင်းပတဲ့နေ့.."

"ကျုပ်တို့ ကျင်းပမယ့်နေ့လား..သူတို့ကျင်းပမယ့်နေ့လား.."

"သူတို့ ကျင်းပမယ့်နေ့.."

"ခင်ဗျားလူကိုရော စကားပြောဆိုပြီးပြီလား.."

"မကြာခင် ရောက်လာလိမ့်မယ်.."

"တစ်ခု ခင်ဗျားကို သတိပေးစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ··ဦးကျော်လှိုင်··"

"ကျုပ်တို့အပိုင်းထဲက လူတချို့တောင် သူတို့ဘက်ကို ခပ်ပါပါဖြစ်နေပြီနော်··"

"ဘာ···ကျုပ်တို့အပိုင်းထဲကလူတွေ၊ သူတို့ဘက်ကို ခပ်ပါပါဖြစ်နေကြပြီ··ဟုတ်လား··"

"ခုလိုဖြစ်အောင် ဘယ်သူလုပ်နေတယ်မှတ်လဲ၊ ခင်ဗျား သမီးဗျ···"

"ဟင်··"

"သူက အပိုင်းထဲကလူတွေကို နားချပြီး စည်းရုံးနေတာကို ကျုပ်သတင်းကြားတယ်၊ ခင်ဗျားသမီးကိုကြည့်ပြီးပြောထားဦး··"

ဦးထွဋ်ခေါင်ကျော်·· သူ့သမီးစိတ်ဓာတ်နှင့်ဗီဇကို ကောင်းကောင်းသိသူဖြစ်သည်။ ငယ်ငယ်လေးထဲမှ ဖခင်နှင့်ဆန့်ကျင်ဘက်၊ အစ်ကိုတွေနဲ့ သဘောထားခြင်းမကိုက်ညီသူ၊ သူမှန်တယ်ထင်ရင် ဘာကိုမှ ဂရုမစိုက်သော သမီးပင်ဖြစ်သည်။ ကျောင်းအချိန်က ဖခင်လုပ်သူက ဆင်းရဲမွဲတေသူတွေနှင့်မပေါင်းသင်းနဲ့ပြောဆိုခဲ့ပေမယ့် ဘယ်လိုမှ တားမရခဲ့သူ၊ အစ်ကိုတွေက ဆူပူ



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းမောင်းပြောဆိုတာကို ပိုပြီး ဂရုမစိုက်၊ ဦးထွန်းခေါင်ကျော်တို့ နီရာနီကိုတော့ ရိုက်နှက်ပြီး မဆုံးမရဲတာတော့အမှန်၊ ဘာကြောင့်လည်းဆိုတော့ နီရာနီ မိခင်နှင့်အဘိုးအဘွားတွေက သူ့သမီးသူတို့မြေးကို နည်းနည်းလေးမှ အထိမခံကြပေ၊ ဦးထွန်းခေါင်ကျော် ချမ်းသာကြွယ်ဝမှုသည် တကယ်ဆိုရင် မိန်းမဖြစ်သူ၏ စီးပွားရေးနှင့်နီရာနီ အဘိုး အဘွား စီးပွားရေး၏ အစွန်အဖျားလောက်သာရှိသည်။ အရင်းဆုံးဝန်ခံရရင် နီရာနီကြောင့် ဇနီးနှင့်ယောက္ခမတွေဆီက ငွေကို လိမ်ညာတောင်းနေရခြင်းဖြစ်သည်။ ဒါကြောင့် တင်းတင်းမာမာ မပြောရဲပေ။ နီရာနီ စိတ်ဆိုးပြီး သူ့အိမ်က ထွက်သွားသည်နှင့် ငွေထုတ်ကြီးကို လွှင့်ပစ်လိုက်ရသလိုဖြစ်မှာ သေချာသည်။

"ကျုပ်သေသေချာချာမေးပြီး ဆုံးမလိုက်ပါ့မယ်.."

"တီ...တီ..."

အိမ်အောက်မှ ကားဟွန်းသံကြားလိုက်ရသဖြင့် ...

"ရောက်လာပြီနဲ့တူတယ်.."

ဦးထွန်းခေါင်ကျော် အခန်းပြင်ကိုထွက်ပြီး ကြေးစားလူမိုက် ဆိုသူကိုခေါ်လာသည်။ ထိုလူမိုက်နှင့် နီရာဖြိုး ပါလာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုး··မင်းအောက်ထပ်ကပဲသွားပြီးစောင့်နေတော့"

"ဟုတ်ကဲ့ ဒယ်ဒီ··"

နီရာဖြိုးကို အောက်တွင်စောင့်ခိုင်းပြီး လူမိုက်ဆိုသူကို အခန်းထဲသို့ခေါ်ဆောင်လာခဲ့သည်။

"မင်းကို ငါ့သားက ဘာတွေပြောထားပြီးပြီလဲ"

"ထွေထွေထူးထူးတော့ မပြောထားပါဘူး၊ သူ့ဒယ်ဒီက အလုပ်ကိစ္စတစ်ခု စကားပြောစရာရှိတယ်ဆိုပြီးခေါ်လာတာပဲ"

"မင်းနာမည်··"

"ဓားသိန်းဝင်း··အားလုံးခေါ်ကြတာက ဓားမင်း··"

"မင်း ဒီလောကထဲမှာ ရပ်တည်တာ ဘယ်လောက်ကြာပြီလဲ"

"လူရယ်လို့ဖြစ်ကတည်းက ဆိုပါတော့၊ အန်ကယ်တို့က လူမိုက်ရာဇဝင်သမိုင်းပြုစုဖို့ခေါ်တွေ့တာများလား"

"ငါတို့ လုပ်ရမယ့်အလုပ်က သိပ်ကိုအရေးကြီးတော့ မင်းရဲ့ သမိုင်းလေးကိုလေ့လာပြီးမှ အသုံးဝင်မယ်၊ မဝင်ဘူးဆိုတာကို ဆုံးဖြတ်ရမှာ··"

"ကျွန်တော် ပြောသမျှကိုရော ယုံမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က ခပ်ညံ့ညံ့တွေတော့မဟုတ်ဘူး၊ မင်း သမိုင်းကြောင်းကို သိသင့်သလောက်တော့ သိထားပြီးပါပြီ၊ ဗိုဗြိုး ပြည့်စုံသွားအောင် မေးကြည့်တဲ့သဘောပါ.."

"အန်ကယ် ဘာထပ်ပြီးသိချင်သေးလဲ"

"မင်းထောင်ထဲကိုဘယ်နှစ်ကြိမ်လောက်ဝင်ခဲ့ဘူးလဲ"

"(၃)ကြိမ်.. လုယက်မှု၊ ဓားထိုးမှု၊ လောင်းကစားမှု"

"ကြေးစားလုပ်ပေးခဲ့တာ မရှိဘူးပေါ့.."

"ဓားထိုးမှုကတော့ ငွေယူပြီးလုပ်ပေးခဲ့တာ"

"မင်းကိုစစ်တော့ မဖော်ခဲ့ဘူးလား"

"သူ့ဆီက ငွေယူပြီးအလုပ်ကိုလက်ခံကတည်းက သူနဲ့မပတ်သက်တော့ဘူး၊ ကိုယ့်ဘက်ကလည်း ပြတ်သွားပြီလေ၊ ကြေးစားသမားတစ်ယောက်လုပ်ပြီး နှုတ်သစ္စာမရှိဘူးဆိုရင် ကြေးစားလူမိုက်ဘွဲ့ကို ခံယူဖို့မလိုတော့ဘူး.."

"ငါလိုချင်တာ ဒီအချက်ပဲ ဓားသိန်းဝင်း၊ ငါတို့ခုလုပ်မယ့်အလုပ်က ကိစ္စပြတ်ကိုလုပ်ရမှာ၊ မင်းအတွက်ငွေကြေးပိုင်းကို ကြိုက်ဈေးပြော၊ ပထမအချက်က ကိစ္စပြတ်ရမယ်၊ ဒုတိယအချက်ကတော့ နောက်ကြောင်းကင်းရမယ်၊ ငါတို့နဲ့ဆက်နွယ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်မှုကို အပြတ်ဖြတ်နိုင်ရမယ်နော်..''

''အန်ကယ်တို့ ခါးသိန်းဝင်းရာဇဝင် အပြည့်အစုံကို စုံစမ်းကြည့်လိုက်ပါဦး၊ ကျွန်တော်နဲ့ဆက်နွယ်ပြီးလုပ်ခဲ့သူတွေ အများကြီးနဲ့ လုပ်ကိုင်ဘူးပါတယ်၊ ကျွန်တော့်ကြောင့် အမှုပေါ်ခဲ့ခြင်းဆိုတာ တစ်ခုမှ မရှိဘူး၊ ယုံကြည်မှုခိုင်းပါ''

''ငါတို့လည်း မင်းကိုယုံကြည်လို့ ခေါ်ခိုင်းလိုက်တာပဲ''

''ဘယ်သူ့ကို ရှင်းပေးရမှာလဲ''

''မဟာနိုင်ဆိုတဲ့ကောင်ကို..''

''ဘယ်နေ့လဲ..''

''သန်ဘက်ခါ..''

''တစ်ရက်တည်းနဲ့ ရှင်းလို့ရနိုင်မယ့်အခွင့်အရေးရှိမှဖြစ်မယ်...''

''သိပ်ပြီးရှိတာပေါ့၊ ဒီကောင်တွေ အနောက်ပိုင်းမှာ ရွှေရတုပွဲ ကျင်းပနေတဲ့ အချိန်ဆိုတော့ ဒီကောင်အလုပ်များနေမှာ..''

''ကောင်းပြီ.. လူကို မနက်ဖြန်ပြပေးပါ..''

''ငါတို့စီစဉ်ထားလိုက်မယ်၊ ကျန်တဲ့အပိုင်းကတော့ မင်းကိစ္စပဲ..''



www.burmeseclassic.com

www.burmeseclassic.com



"ငွေကို တစ်ဝက်ပေးစရာမလိုဘူး၊ ကိစ္စပြီးမှ အကုန်တစ်ခါတည်းယူချင်တယ်၊ ခုလောလောဆယ်သုံးဖို့ပဲပေး"

"ဘုတ်.."

ဦးထွန်းခေါင်ကျော် ငွေထုပ်ကို စားပွဲပေါ်သို့တင်ပေးလိုက်ပြီး..၊

"မင်းလိုသလောက်ကို ယူသွားပါ.."

မားသိန်းဝင်း ငွေစက္ကူတစ်ထပ်ကို အထုပ်ထဲမှ ယူလိုက်ပြီး အိတ်ကပ်ထဲသို့ထည့်လိုက်သည်။

"မနက်ဖြန်..ငါ့သား နိုရာဖြိုး မင်းကိုလူလိုက်ပြီးပြမယ်.."

"တစ်ခါတည်း ရှင်းခွင့်ရရင် ရှင်းချင်တယ်"

"ငါတို့က ရွေးရတုပွဲမှာပဲ ရှင်းစေချင်တာ"

"ဒီလောက်ဆို အလုပ်စကားပြောဆိုလို့ပြီးပြီထင်ပါတယ်"

"ကျေးဇူးတင်ပါတယ်.."

မားသိန်းဝင်း နှုတ်ဆက်ပြီး အခန်းထဲမှ ပြန်ပြီးထွက်သွားတော့သည်။

"ဦးထွန်းခေါင်ကျော်.. ခုခံဗျူးစီစဉ်တဲ့ကိစ္စဟာ ပူသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ကြီးနော်.. လွဲချော်လို့မရဘူး၊ လူမိုက်တစ်ယောက်ရဲ့သစ္စာကတိ စကားကို သိပ်ပြီးယုံလို့မရဘူး..”

“မပူပါနဲ့ဗျာ.. ဒီကောင့်ကိုလည်း နှုတ်ပိတ်ဖို့ထိ စီစဉ်ထား ပြီးသားပါ၊ ချော်နီကောင်းကို တစ်ခါတည်း ထိုးကျွေးမယ်၊ ကျုပ် ဘက်က တစ်ကွက်မှ မလစ်ဟင်းစေရဘူး၊ ခင်ဗျားတို့ စောင့် ကြည့်ထား၊ ဒီပွဲက ဇာတ်သိမ်းပွဲဖြစ်ကိုဖြစ်စေရမယ်.. ဟား.. ဟား..ဟား...”

ဦးထွန်းခေါင်ကျော် အောင်မြင်သော ရယ်မောသံကြီး ဖြင့် ရယ်မောနေတော့သည်။

“ကျုပ်တို့လူစုမခွဲခင် မနက်ဖြန်ပြုလုပ်မယ့် ရွှေရတုပွဲ အတွက် အားလုံးအသင့်ဖြစ်ပြီလား ဦးထွန်းခေါင်ကျော်”

“ငွေနဲ့ပေါက်ပြီး စီစဉ်ထားတဲ့ ပွဲပဲဗျာ၊ အဆင်မပြေတာ မရှိဘူး၊ ကျုပ်တို့က ဟိုဘက်အပိုင်းလို ရွှေရတုပွဲကြီးကို လုပ်ချင် လို့မှမဟုတ်တာ၊ ခေါင်းစဉ်ပြပြီးတဲ့သဘောပါ၊ အပိုင်းက လူတွေ အမြင်မှာ ကျုပ်တို့ရပ်ကွက်ပေါ်မှာ ဘယ်လောက်စေတနာထား တယ်လို့ မြင်စေချင်တာ၊ တစ်ခုပဲရှိတယ်၊ တခြား ဘာခံစားချက် မှ မရှိဘူး၊ ကဲ..သောက်ပြီးရင် နှုတ်ဆက်ကြတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ချင်…"

လောဘရမ္မက်နဲ့ ကောက်ကျစ်စဉ်းလဲသော တွေ့ဆုံပွဲလေးကို အရက်ခွက်များဖြင့်ရုပ်သိမ်းလိုက်ကြပြီး အသီးသီးပြန်ထွက်သွားကြတော့သည်။

"ဝူး…ကျွီ"

အိမ်ရှေ့တွင် ကားရပ်ပြီးဆင်းလာသူမှာ နိုရာမော်…

"ဒယ်ဒီကိုရုံးမှာ ညှော်သည်တွေစောင့်နေတယ်၊ မနက်ပွဲအတွက် စကားပြောမလို့တဲ့"

"အေး ငါလည်းခုပဲသွားမလို့ မော်…နိုရာတစ်ယောက်ပြန်မလာသေးဘူးလား"

"ဒယ်ဒီ့သမီးအကြောင်းကို မေးမနေနဲ့ လူမှုစည်းကမ်းဆရာမကြီးက ရပ်ကွက်က ကလေးတွေကိုစာပြနေတယ် မပြီးသေး ဘူး၊ အလုပ်မရှိ အလုပ်ရှာလို့"

"မော်‥သူ့ကိုဘာမှမပြောနဲ့ ငါတို့သားအဖတွေခုလိုနေနိုင်တာ သူ့ကြောင့်ကွ"

"ဒါကြောင့်မို့လည်းသူ့ကိုလွှတ်ထားတာ၊ သူလုပ်တာတွေကို ပါးစပ်နဲ့တောင်မဟုတ်ဘူး လက်ကိုယားနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပါပြန်ပြီး လိုက်မှာလား"

"လိုက်ရမယ် တီးဝိုင်းသမားတွေက သားနဲ့ပတ်သက်နေကြတာဆိုတော့ သားပါမှဖြစ်မှာလေ"

"မင်းတီးဝိုင်းခတွေကို ဘယ်လောက်ဖြတ်ပြီး သုံးပြီးပြီလဲ"

"နည်းနည်းပါးပါးပါ ဒယ်ဒီရာ၊ အဓိက ဒယ်ဒီခေါင်းစဉ်ပြန်ပြီးထည့်လိုက်ဖို့ပဲ လိုပါတယ်"

"မင်းတို့ညီအစ်ကို အသုံးအစွဲလျှော့ဦးနော်၊ ဘဏ်မှာငွေကဘာမှမကျန်တော့ဘူး၊ ကုမ္ပဏီက လက်မဲ့ဖြစ်နေပြီ..လူတွေမသိအောင် ဟိတ်နဲ့ဟန်နဲ့သာနေနေရတာကွ"

"ဒယ်ဒီအတွက် ငွေရိုက်ခွင်တစ်ခုလောက် ရှာဦးလေ"

"အေး ခုငါအနောက်ပိုင်းကို သည်းကြီးမဲကြီးလိုက်နေတာ၊ ငွေခွင်အတွက်ကွ..ဟို (၂)ကောင်ကြောင့်ငြိမ်နေရတာ...သွားကြမယ်"

ဦးထွဋ်ခေါင်ကျော်တို့ကား ခြံဝင်းထဲမှအထွက် နိုရာနိုကားလေးမောင်းဝင်လာသည်။ နိုရာနိုအိမ်ကိုရောက်သည်နှင့်...

"ဒေါ်ကြိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော..ဘာလဲ သမီးနိုရာ"

"ဒယ်ဒီတို့ ရပ်ကွက်ကလူတွေနဲ့ စကားပြောဖြစ်ကြလား"

"ပြောကြတယ်ကွဲ့ အပေါ်ထပ်မှာ၊ သူတို့စကားပြောနေတာ အိမ်ထဲ ဘယ်သူမှမဝင်ရဘူးဆိုတာနဲ့ ခြံထဲမှာဆင်းပြီး နေပေးနေကြရတာ၊ ဩော်...သမီးကိုပြောရဦးမယ်"

"ဘာများလည်း ဒေါ်ကြိုင်"

"သမီးအစ်ကိုလည်း လူတစ်ယောက်ကိုခေါ်လာတယ်၊ ဒီလူကဒေါ်ကြိုင်တို့ရပ်ကွက်ထဲက လူမိုက်တစ်ဦးပဲ ဘာလုပ်ဖို့လည်းတော့မသိဘူး၊ ဇာစ်ခုခုတော့ တစ်ခုခုပဲ သမီးနိုရာ"

"ဒီလူနဲ့ ဒေါ်ကြိုင် ရင်းနှီးလား"

"မရင်းနှီးဘူး..ဆိုပေမယ့် ဒေါ်ကြိုင့်မောင်နဲ့တော့ ရင်းနှီးတယ်၊ အရှင်းဆုံးပြောရရင် ဒေါ်ကြိုင့်မောင် အရင်တုန်းက လူဆိုးလူမိုက် တစ်ဦးပေါ့ကွယ်..ထောင်ထဲမှာ ခြေတစ်ဖက် အကြောသေပြီး ပြန်လွတ်လာကတည်းက လူဆိုး လူမိုက်ဘဝကို စွန့်လွှတ်ခဲ့တာပဲ၊ ခုလာသွားတဲ့ သိန်းဝင်းဆိုတဲ့ကောင်က တစ်ချိန်က ဒေါ်ကြိုင့်မောင်ရဲ့ တပည့်အဆင့်လောက်ပဲရှိတာ"

"သမီးကို တစ်ခု ကူညီပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ သမီး"

"ဒေါ်ကြိုင့်မောင်နဲ့တွေ့ချင်တယ်"

"သမီးရယ်..ဘာကိစ္စတွေများ ရှိလို့လဲ"

"သိန်းဝင်းဆိုတဲ့ကောင်ကိုဘာတွေခိုင်းခဲ့သလဲဆိုတာကို သမီးသိချင်လို့ပါ"

"ဒေါ်ကြိုင်တို့ရပ်ကွက်ကို သမီးတစ်ယောက်တည်း သွားလို့တော့မသင့်ဘူး၊ မနက်ဖြန်ဆိုရင်လည်း မအားဘူး၊ သမီးဒယ်ဒီ ဧည့်သည်တွေအတွက် ထမင်းဟင်းတွေကို မနက်ကတည်းက ချက်·ပြုတ်ပေးရမှာ၊ နောက်နေ့ဆိုရင်တော့ သွားလို့ရပါပြီ"

နီရာနီ တစ်ချက်တွေဝေသွားပြီး ရွှေရတုရက်က နှစ်ရက်ဆက်တိုက်..ဒယ်ဒီ လူမိုက်ကိုခိုင်းရင် (၂)ရက်ထဲမှာ တစ်ရက်ကိုရွေးချယ်ပြီးခိုင်းမှာသေချာသည်၊ ဖြစ်နိုင်တာ အနောက်ဘက်ပိုင်းမှ ကျင်းပသော ရွှေရတုပွဲနေ့ပင်ဖြစ်နိုင်သည်။ ဒယ်ဒီတို့က အနောက်ပိုင်းရွှေရတုပွဲကို ပျက်စေချင်တဲ့ဆန္ဒက ရှိနေခြင်းပင်။

"သမီးက မနက်ဖြန်အားချင်းသွားချင်တာ ဒေါ်ကြိုင်"

"သမီး စိတ်ချရတဲ့ လူတစ်ယောက်နဲ့သွားလေ၊ ဒေါ်ကြိုင် စာရေးပေးလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နိုရာနို..ခေါင်းထဲတွင် သူမ ခေါ်သွားရမည့်သူကိုစဉ်းစားရင်း မဟာနိုင်ကို မြင်ယောင်လာမိသည်။ မဟာနိုင် ရပ်ကွက်ထဲသို့သွားပြီးခေါ်ဖို့က မလွယ်..။

"ဟုတ်ပြီ..."

မဟာနိုင်တို့ ရပ်ကွက်ထဲမှ လက်ဖက်ရည်ဆိုင်ဖုန်းနံပါတ်လေးကို သူမ ရထားသည်။ ထိုမှတဆင့် ခေါ်ခိုင်းရမည်ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

သူမနှင့် တွေ့ဆုံခြင်းသည် အကြောင်းတစ်ခုခုရှိနေမည်ဟု မဟာနိုင် ယုံကြည်မိသည်။ သူမအမည်ဖြင့် ဖုန်းဆက်ပြီးခေါ် ခိုင်းတာကို မယုံနိုင်အောင်တော့ ဖြစ်မိသည်။

သူမ… မဟာနိုင်ရပ်ကွက်တွင်ရှိနေမည့် အချိန်၊ နေရာတွေကို သိနေသူဖြစ်နေသည်။ သူတို့ထိုင်နေကျ လက်ဖက်ရည်ဆိုင် ဖုန်းနံပါတ်ကိုတောင် သိနေသဖြင့် သူမဘက်က လေ့လာထားမှုမှာ စေ့စပ်လှသည်။ သူမဘာကြောင့် သူ့ပုံရိပ်ကို လိုက်နေတာလဲ‥



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ အလေးထားမှုသည် အိပ်မက်တစ်ခုလိုပင် ထင်မှတ်နေမိသည်။ မတူညီသော ဘဝ(၂)ခုကြားမှာ သူမဘက်မှ လှမ်းနေသော ခြေလှမ်းများ၏ အဓိပ္ပာယ်ကို နားမလည်နိုင်ဖြစ်မိသည်။

မဟာနိုင်လက်မှနာရီကိုကြည့်လိုက်တော့ သူမချိန်းဆိုထားသောအချိန်ကိုရောက်နေလေပြီ။ သူမ သူ့ကို စောင့်ခိုင်းသော ကမ္ဘာ့အေးစေတီရှေ့အအေးဆိုင်ကလေးတွင်ထိုင်နေသည်။

"ဝူး..ကျွိ..ကျွိ.."

"ဟင်..."

အအေးဆိုင်ရှေ့တွင် (××××) အနက်ရောင်ကားလေး တစ်စီးရပ်သွားပြီး သူ့ကိုသူမ လှမ်းပြီးလက်ယက်ခေါ်လိုက်သဖြင့် အအေးဖိုးရှင်းကာ သူမကားဆီသို့ထွက်လာခဲ့သည်။

"ရှင်..ကားမောင်းနော်.."

သူမ ကားမောင်းတဲ့နေရာတစ်ဖက်ကို ရွှေ့ထိုင်ပြီး မဟာနိုင်ကို ကားမောင်းခိုင်းသည်။ မဟာနိုင် ဘာဆင်ခြေမှ မပေးဘဲ ဝင်ထိုင်လိုက်သည်။

"ဘယ်ကိုမောင်းရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြောက်ဥက္ကလာ၊ (×××) ရပ်ကွက်မောင်းရမှာ"

သူမပြောသည့်နေရာဆီသို့ ကားလေးမောင်းထွက်လာလေသည်။

"ရှင့်ကိုဘာကြောင့် ခုလိုချိန်းရသလဲဆိုတာကို သိချင်မှာပေါ့"

"ပြောပြမယ်ဆိုသိချင်ပါတယ် အကြောင်းမဲ့တော့ မဖြစ်နိုင်ပါဘူး"

"ရှင်နဲ့ နိုရာကြားမှာ အကြောင်းမဲ့ တွေ့ဆုံခြင်းဆိုတာမရှိဘူးပေါ့"

"ရိုးသားစွာပြောရရင် ရှိနိုင်ခြေမရှိတဲ့ဘဝနှစ်ခုဖြစ်နေတယ်လို့ ယုံမိတယ်"

"မတူညီတဲ့ဘဝဆိုတာကို နိုရာ သိပ်နားမလည်ဘူး··· ရှင်းပြပါလား"

"လူ့ဘဝဒဿနတွေကို နောက်မှပြောကြမယ်၊ မင်း ပြောမယ့်စကားလေး နားထောင်ပါရစေဦး··"

"ကောင်းပါပြီရှင်·· နိုရာ့ဒယ်ဒီ လူမိုက်တစ်ယောက်ကိုခေါ်ပြီးတွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ခေါ်ခိုင်းဖို့ပဲနေမှာပေါ့"

"ဘာလုပ်မလဲဆိုတာတော့ နီရာမသိဘူး၊ လူကိုလုပ်နိုင်းတာလား၊ ရပ်ကွက်ကို လုပ်ခိုင်းတာလားဆိုတာကို သိရအောင် လူတစ်ယောက်ဆီကို သွားမလို့ခေါ်လိုက်တာ၊ သူနဲ့တွေ့မှ အကြောင်းစုံကို စုံစမ်းနိုင်းရမယ်"

မဟာနိုင်…နီရာနီဘက်ကို တစ်ချက်လှည့်ကြည့်ပြီး ကားကို အာရုံစိုက်မောင်းလိုက်သည်။

"ရှင်ဘာကြောင့်လှည့်ကြည့်တယ်ဆိုတာ နီရာသဘောပေါက်ပါတယ်၊ နီရာပြောပြရမလား"

"မင်း ပြောကြည့်လိုက်လေ"

"ဖခင်တစ်ယောက်ရဲ့လုပ်ရပ်တွေကို ဖော်ထုတ်နေလို့ အံ့ဩနေတာမဟုတ်လား"

"မင်း ညဘက်တရားထိုင်၊ ပုတီးစိပ်တာတွေ ဘာတွေလုပ်လား"

"ဘာလို့မေးရတာလဲ"

"အကြားအမြင်တွေများ ရနေသလားလို့ပါ၊ မင်း ပြောလိုက်တာ ကွက်တိပဲ၊ မလွဲဘူး၊ ဖခင်တစ်ယောက်ရဲ့ဒုက္ခဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စေမယ့်ကိစ္စတွေကို သမီးဖြစ်သူက လုပ်နေသလိုဖြစ်မနေဘူးလား"

"အင်း...ရှင်ပြောသလို လုပ်နေပါတယ်၊ ဒါပေမယ့် နိုရာ ခုလိုလုပ်ပေးနေတာ ရှင့်အတွက်ရော၊ ရှင်တို့အပိုင်းကလူတွေ အတွက်လည်းပါပါတယ်၊ တစ်ဦးတစ်ယောက်ကြောင့် လူတွေ အများကြီးနစ်နာမယ်ဆိုရင် နိုရာဟာ ဖခင်ဆိုတဲ့စိတ်တစ်ခုနဲ့ လူ ပေါင်းများစွာဒေးဒုက္ခရောက်သွားမှာကို ဥပေက္ခာမပြုသင့်ဘူး လို့ ယူဆထားတယ်၊ နိုရာ့ဖခင်ဘက်ကကြည့်ရင် သစ္စာဖောက် လို့ သတ်မှတ်မှာပဲ၊ ရှင်တို့ဘက်က ကြည့်ရင် သူရဲကောင်းပေါ့၊ သမီးမိုက်ဘွဲ့ကိုခံယူခဲ့ရတာဟာ မြတ်သောအလုပ်အတွက်လို့ပဲ မှတ်ယူထားပါတယ်၊ ပြီးတော့ နိုရာ့ဖခင် တစ်ယောက် ပြစ်မှု တစ်ခုကို ကျူးလွန်ပြီးမှရတဲ့အမှားထက် ပြစ်မှုတစ်ခုကို မကျူး လွန်ခင်မှာ နိုရာ ထိန်းသိမ်းနိုင်ခြင်းဟာ ဖခင်ရဲ့အမှားတွေကို တားဆီးပေးတယ်လို့လည်း သဘောထားပါတယ်"

"မင်း စိတ်ဓာတ်ကို ငါအရမ်းလေးစားတယ် နိုရာ"

"နိုရာလည်း ရှင့်စိတ်ဓာတ်ကိုလေးစားမိပါတယ်"

"ငါ့လုပ်ရပ်တွေက လေးစားစရာဘာတွေကိုလုပ်ကိုင်နေ သလဲဆိုတာကို မင်းသိလို့လား နိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အကြောင်းနဲ့ပတ်သက်ပြီး အရိုးသားဆုံးဝန်ခံရရင် နီရာ တော်တော်များများကို စုံစမ်းမိခဲ့ပါတယ်၊ ဘာကြောင့်စုံစမ်းရသလဲဆိုရင် နီရာ ဖခင်ရဲ့အမုန်းဆုံး လူတစ်ယောက်ဘာကြောင့် ဖြစ်နေသလဲဆိုတာကို စိတ်ဝင်စားခဲ့လို့ပါ"

"မင်း ဖခင်ကြီးဘာကြောင့် ငါ့ကိုမုန်းတီးရသလဲ ဆိုတာ ရောမင်းသိပြီးပြီပေါ့"

"သိထားသင့်သလောက်တော့ သိထားပြီးပါပြီ၊ ခွဲခြမ်းပြီး တော့မပြောချင်ပါဘူး"

"မင်း ဖခင် ငါ့ကိုသူ့သားနဲ့ပတ်သက်ပြီးမုန်းတီးတာက ဒုတိယမြောက်သူ့ရဲ့ အမုန်းမီးကို လောင်ကျွမ်းစေတဲ့ လောင်စာ တစ်ခုပါ၊ ဒါကလည်း ငါ့ဘက်ကနေ အငြိုးတရား အမုန်းတရား မပါဘဲ ဖြစ်ပွားရတဲ့တိုက်ဆိုင်မှုတစ်ခုပါပဲ နီရာ"

"နီရာသဘောပေါက် နားလည်ပါတယ်၊ သူ့တို့ကတော့ နားလည်ကြမှာ မဟုတ်ဘူး။ ဒယ်ဒီဟာ ရှင်တို့ အပိုင်းပေါ်မှာ စိုးမိုးနိုင်အောင်ကြိုးစားနေတာကို ရှင်နဲ့ဦးရဲဆိုသူကြောင့် သူ့ရဲ့ စိုးမိုးမှုကြီးကို ဟန့်တားထားသလို ဖြစ်နေတာကို နီရာသိထားပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ အပိုင်းကိုတကယ်တော့ရှိုးသားစွာ လှုတန်းစားဘဝ လေးတွေကာကွယ်ထားတာပါ၊ မင်းဒယ်ဒီသာ ငါတို့အနောက်ပိုင်း ပေါ်မှာကောင်းမွန်သော စိုးမိုးမှုဆိုရင် ရပ်ကွက်ကြီးဟာ ခုလို တကွဲတပြား ဖြစ်ခဲ့ကြမှာမဟုတ်ဘူး၊ နိုရာ သူတို့ရဲ့စိုးမိုးမှုဟာ အကောင်းတရားဘက်မှာမဟုတ်ဘူး၊ အဆိုးတရားဘက်မှာ ဖြစ်နေ လို့ကာကွယ်ပေးနေရတာပါ၊ ငါတို့ဆင်းရဲသားလှုတန်းစားတွေကို ငွေနဲ့အနိုင်ကျင့် စိုးမိုးမှုကိုလက်မခံနိုင်ဘူး နိုရာ၊ ဒီအပေါ်မှာတော့ မင်းသဘောပေါက်ပေးပါ"

"နိုရာ စကားတွေကို ကိုမဟာနိုင် သဘောပေါက်လောက် ပါပြီနော်..."

နှစ်ဦးသားတိတ်ဆိတ်စွာနှင့် လိပ်စာထဲက ရပ်ကွက် ကလေးထဲကို ကားလေးမောင်းဝင်သွားခဲ့သည်။

"ရှေ့နားမှာ ရပ်ပြီး မေးကြရအောင်"

ရပ်ကွက်လမ်းထိပ်ရှိ ကွမ်းယာဆိုင်ကလေးရှေ့တွင် ကား ရပ်ပြီး မဟာနိုင် ဝင်ပြီးမေးလိုက်သည်။

"နိုရာ ဒီလမ်းရဲ့ (၅)အိမ်လောက်ဆိုရောက်ပြီတဲ့ ကားနဲ့ဝင် လို့တော့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကားထားပြီး လမ်းလျှောက်ဝင်ကြတာပေါ့"

ကားကို လမ်းထိပ်တွင်ထားခဲ့ကြပြီး ဝင်လာခဲ့ကြသည်။ ရပ်ကွက်အိမ်ကလေးတွေမှာ ပူးပူးကပ်ကပ်နှင့် နေထိုင်နေကြသည်ကိုတွေ့မြင်ရသဖြင့်…

"နီရာ…ဘာယ်လိုလဲ"

"ကိုမဟာနိုင် ဘာကိုမေးတာလဲ"

"အခြေခံလူတန်းစားတွေရဲ့ ဘဝနေထိုင်မှုပုံရိပ်တွေကိုပါ"

"ဒါကသိပ်ပြီးထူးခြားတာမှ မဟုတ်တာ လူ့ဘဝဆိုတာ အနိမ့်အမြင့်အောက်မှာ ဘဝရဲ့ပုံသဏ္ဍာန်က ပေါ်ထွက်နေတာပဲ‥ လူတစ်ယောက်ဘဝမှာ အရေးကြီးဆုံးတစ်ခုက မြင့်မြတ်တဲ့ စိတ်ကလေးရှိမယ်ဆိုရင် ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုတာ အနိမ့်စားအဆင့်ကိုရောက်သွားပြီလေ…ဒီအိမ်နဲ့တူတယ်"

"ဟုတ်မယ်. ခေါ်ကြည့်ရအောင်‥ဦးထိုက်မောင်

"ဟေး ဘယ်သူတွေလဲ ဟေ့ အိမ်ပေါ်တက်ခဲ့"

အိမ်လေးပေါ်သို့ နှစ်ယောက်သားတက်လာရာ ပက်လက်ကုလားထိုင်ပေါ်တွင် ပုတီးစိပ်နေသော ဦးထိုက်မောင်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ နှောင့်ယှက်သလို ဖြစ်သွားလား ဦးလေး"

"မဖြစ်ပါဘူးကွယ် ညှော်သည်တွေကို ရေနွေးကြမ်းကလွဲပြီး တခြားညှော်ခံစရာမရှိတာကို အားနာပါတယ်၊ အစ်မဖြစ်သူက သူဌေးအိမ်မှာ ထမင်း၊ ဟင်းချက်လုပ်ကိုင်ပြီး ကျွေးမွေးနေတာလေးကို ကပ်ပြီး စားသောက်နေရတာ…"၊

"ကဲ…လာရင်းကိစ္စလေးကိုပြောကြကွယ်"

"ကျွန်မတို့ကို ဒေါ်လေးကြိုင်က ဒီစာကလေးပေးခိုင်းလိုက်ပါတယ်"

"မမ လွှတ်လိုက်တာကိုး ပေး…ပေး"

နီရာနီ လှမ်းပေးသောစာခေါက်လေးကို ဦးထိုက်မောင်ယူဖတ်လိုက်ပြီး…နီရာနီနှင့်မဟာနိုင်တို့ကို သေသေချာချာကြည့်လိုက်တယ်။

"သိန်းဝင်းနဲ့ ပတ်သက်နေတာ မင်းလား"

"ဦးလေးပြောတာ သဘောမပေါက်ဘူး"

"ဒီလို ငါ့တူ မနေ့တုန်းက သိန်းဝင်း…ဦးလေးဆီကိုငွေတစ်သောင်း လာပြီးကန်တော့တယ်။ ဒီကောင်တွေပိုက်ဆံကိုတစ်ချိန်ကတော့ ဦးလေးယူပေမယ့်၊ ထောင်ကထွက်လာပြီးက



www.burmeseclassic.com

www.burmeseclassic.com



တည်းက တစ်ပြားတစ်ချပ်တောင်မယူတော့ဘူး၊ သူများဆီက မတရား ယူတဲ့ငွေကြေးတွေကို မသုံးချင်တော့ဘူးလေ‥ ဦးလေးဆီ ကိုရိုးသား စွာရှာပေးတဲ့ငွေကြေးကိုသာ သူတို့ကန်တော့သလောက် ယူခဲ့တယ်‥‥ သိန်းဝင်းကို ဒီငွေဘယ်ကရလဲလို့မေးတော့ ပွဲစား လုပ်လို့ ရတယ်လို့ ပြောပြီးပြန်သွားတာကို ဦးလေးစိတ်ထဲမှာ မသင်္ကာတာနဲ့ နောက်တစ်ယောက်ကို စုံစမ်းခိုင်းတော့မှ သူ လက်ခံရတဲ့ ကိစ္စကိုသိရတာ၊ ဒီကောင်တွေကြေးစားလောကမှာ ခုချိန်ထိ ဦးလေးကို ထိန်ချန်ပြီးမလုပ်ရဲကြဘူး‥ သူတို့ ဝမ်းစာအတွက် လုပ်ကိုင်နေတာတွေကိုတော့ ဦးလေးတားမြစ်နေ ပေမယ့် ရတဲ့သူကရတယ်၊ မရတဲ့သူကမရဘူး၊ ဒီထဲမှာ သိန်းဝင်း တို့လည်းပါတာပေါ့၊ မဟာနိုင်ဆိုတဲ့ ‘လူတစ်ယောက်ကို သူ့ပြောပုံ အရဆိုရင် မနက်ဖြန်ရှင်းရမယ်၊ ဒီနေ့ လူကို ကြည့်ရမယ်ဆိုတာပဲ”

“ဟင်”

“အယ်”

“ဒီကောင်က ဓါးပစ်တော်တယ်‥လုပ်ကြံမယ်ဆိုရင် အဝေးကနေ ဓားနဲ့လှမ်းပြီးပစ်မှာပဲ‥‥ သူ့ဓားမြှောင်က(၃)လက်မ လောက်ပဲ ရှိတယ်၊ လက်လှုပ်ရှားမှုက သိပ်မြန်ပြီး လူကြားသူကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲက ချိန်ပစ်စရာမလိုဘဲ လှုပ်ရှားလို့ရတယ်၊ သူ့ရှေ့မှာ သူ့ကောင်နှစ်ကောင်လောက်ကို ကွယ်ပြီးလှုပ်ရှားလိုက်တာနဲ့ရတယ်၊ ဒီလိုနည်းနဲ့ပဲကြေးစားလုပ်စားခဲ့တာကြာပြီ၊ ဒါကြောင့်လည်း ဓားသိန်းဝင်းလို့ နာမည်ရခဲ့တာပေါ့"

"သူရဲ့ဓားပစ်မှတ်က နေရာစုံအောင်ပစ်တတ်တာလား"

"ဒီကောင်ဓားပစ်မှတ်က (၂)နေရာပဲရှိတယ်၊ လူကိုသေစေအောင်ပစ်ရင် နှလုံးဘက်ခြမ်း၊ ဒဏ်ရာရရုံဆိုရင် ဝမ်းဗိုက်ပိုင်းပဲ‥ ကျန်တဲ့နေရာတွေကို သေသေချာချာချိန်ပြီး ပစ်နိုင်းရင်တောင်မရဘူး၊ သူ့ဓားချက်ကို ကာကွယ်ဖို့အတွက် မင်းတို့စဉ်းစားပေါ့"

"သူ့ကိုအရင်ဆုံး သက်ဆိုင်ရာကိုအကြောင်းကြားပြီး ဖမ်းခိုင်းရင်ရော မကောင်းဘူးလား"

"သူ့ကို ဖမ်းမိရင်တော့ကောင်းတာပေါ့၊ ဒီကောင်ကို ဖမ်းဖို့ကတော့ မလွယ်လှဘူး တခြားနည်းလမ်းကို စဉ်းစားကြပါ"

"ဦးလေးဆီက ဒီလောက်သိခွင့်ရတာကို ကျေးဇူးတင်ပါတယ်‥‥ ကျွန်တော် တစ်ခုတော့သိချင်တယ် သိန်းဝင်းဓားနဲ့လုပ်ကြခဲ့တဲ့ထဲမှာ နောက်ကျောကနေ လုပ်ကြခဲ့တာမျိုးမရှိဘူးလား ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"လူမိုက်တွေထဲမှာ ဒီကောင် ဒါတော့စည်းကမ်းရှိတယ်၊ သူ့ဘက်ကမပိုင်ဘူးဆိုရင် ဘယ်တော့မှ နောက်ကနေချောင်းပစ်တာမျိုးကို မလုပ်ဘူး၊ ဒါတော့ ဦးလေးရဲရဲကြီးအာမခံပါတယ်"

မဟာနိုင်သူသိချင်တာတွေကိုသိရပြီးနောက် ဦးထိုက်မောင်ကို နိုရာနို ဒေါ်ကြိုင်မှ ငွေပေးခိုင်းတယ်ဆိုပြီး ငွေပေးကာပြန်ခဲ့ကြသည်။

"ကိုမဟာနိုင် ဘယ်လိုစဉ်းစားထားလို့လဲ"

"မားသိန်းဝင်း မားချက်နဲ့မသေတဲ့နည်းကိုတော့ သေသေချာချာ စဉ်းစားရမှာပေါ့ဗျာ"

"ရှင့်ကြည့်ရတာ မားမြှောင်နဲ့ ပစ်မှာကို ပန်းနဲ့ပေါက်တယ်လို့များသတ်မှတ်ထားသလိုပဲနော်၊ ကျွန်မကတော့ သိန်းဝင်းကို ဒီနေ့ရအောင်ကို ဖမ်းခိုင်းချင်တာ"

နိုရာနို ဆန္ဒတွေစောပြီး ပြောဆိုနေတာလား စိုးရိမ်မှုလေးတွေလွှမ်းကဲပြီး ပြောဆိုနေတာလားဆိုတာတော့မသိ...

"ငါ့အနေနဲ့ မားသိန်းဝင်းကို မဖမ်းစေချင်ဘူး နိုရာ"

"ဘာဖြစ်လို့လဲ ဟင်"

"မားသိန်းဝင်းကိုဖမ်းမိတာနဲ့ နောက်ဆက်တွဲကိစ္စတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပါပေါ်သွားနိုင်မယ်လေ…သူလုပ်ကြံတာ မအောင်မြင်ရင်ပွဲက သိမ်းသွားမှာပါ"

"နောက်တစ်ကြိမ်လုပ်ကြံရင်ရော"

"ဓားသိန်းဝင်း နောက်တစ်ကြိမ်မလုပ်ကြံနိုင်အောင် တစ်မျိုးကြံစည်ကြတာပေါ့…ဒီအပိုင်းတွေကို ငါ့တာဝန်ထားပါ၊ နီရာဘက်က ခုလိုကူညီနေတာကိုတော့ သတိထားပါ… ငါ ကားမှတ်တိုင်တစ်ခုမှာ ဆင်းပြီးနေခဲ့တော့မယ်"

"ကောင်းပြီလေ ရှင်သတိမမူမဖြစ်ပါစေနဲ့နော်"

"စိတ်ချပါ နီရာ ငါ့သတင်းကို နီရာကြားနေရမှာပါ"

"သတင်းကောင်းပဲကြားရပါစေ"

"ရွှေရတုပွဲကြီးကို အောင်မြင်စွာနဲ့ရော အသက်ရှင်လျက်နဲ့ အဆုံးသတ်နိုင်မှာပါ…နီရာ ရှေ့ကမှတ်တိုင်မှာတို့ဆင်းတော့မယ်"

ကားမှတ်တိုင်နှင့်မနီးမဝေးတွင် ကားရပ်ပြီး မဟာနိုင်ကား ပေါ်မှဆင်းလိုက်သည်။ သူမရဲ့နှုတ်ဆက် အပြုံးကလေးတွေကြား မှာခပ်နွမ်းနွမ်း ဗိုးရိမ်မှုကလေးတွေ ပေါ်လွင်လျက်….

× × ×



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်အရှေ့ပိုင်းတွင်ပြုလုပ်ခဲ့သော ရွှေရတုအကြိုပွဲလေးကတော့ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားခဲ့ရသည်။

စတိတ်ရှိုးပြုလုပ်ခဲ့သော နေရာတွင် ရန်ပွဲတွေ‥ရမ်းကားမှုတွေနဲ့ထိန်းသိမ်းလို့မရနိုင်အောင်ဖြစ်ခဲ့ကြသည်၊ ထိုရန်ပွဲတွေနှင့်ပြဿနာတွေကို ဦးဆောင်သူက နိုရာဖြိုးပင်ဖြစ်သည်။ ရပ်ကွက်ပေါင်းစုံမှ လူဆိုးလူမိုက်တွေကိုခေါ်ယူပြီး အရက်ဝိုင်းဖွဲ့ပြီး ရပ်ကွက်အနောက်ပိုင်းမှလူတွေကို အန္တရာယ်ပြုဖို့ စီစဉ်ခဲ့ပေမယ့် တကယ်တမ်းရန်ပွဲတွေ ဖြစ်ပွားခဲ့တော့ လူမိုက်အချင်းချင်း ရန်ငြိုးရန်စတွေ ထိပ်တိုက်တွေ့ပြီး ဖြစ်ပွားခဲ့ခြင်းဖြစ်၏။ နောက်ဆုံးသက်ဆိုင်ရာအဖွဲ့တွေက အင်အားသုံးပြီး ဖမ်းဆီးတော့မှပဲ ရန်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ ချုပ်ငြိမ်းသွားသည်… ဖမ်းဆီးခံရသည့်ထဲတွင် နိုရာဖြိုးလည်း ပါဝင်သွားခဲ့တော့သည်…

ဦးထွဋ်ခေါင်ကျော်သားကို ပြန်ပြီးလွတ်မြောက်ရေးအတွက် လုပ်ကိုင်နေတုန်းမှာပဲ စတိတ်ရုံးတွင်တာဝန်ယူထားသော နိုရာမော် ၏တီးဝိုင်းသမားနှင့် အဆိုတော်တွေ၏ အသောက်အစားများပြီး စတိတ်စင်ပေါ်တွင် သရုပ်ပျက်မှုတွေကြောင့် ပရိသတ်နှင့်ပဋိပက္ခ တွေဖြစ်ပွားပြီး… ရိုက်ပွဲတွေထိ ထပ်မံဖြစ်ပွားခဲ့သည်။ ကွဲတဲ့ သူကွဲ… ဆေးရုံပို့ရတဲ့သူပို့ရ အဖမ်းခံရသူခံရနှင့် နောက်ဆုံး စတိတ်ရုံးပွဲကြီးကိုရပ်ပြီး ရွှေရတုပွဲကျင်းပမှုကို သက်ဆိုင်ရာမှ ရပ်ဆိုင်းလိုက်တော့သည်။

ဦးထွဋ်ခေါင်ကျော်အတွက် အဆိုးဆုံးကိစ္စတစ်ခုကတော့ လျှပ်စစ်ဝါယာရှော့ဖြစ်ပြီး… မီးလောင်ကျွမ်းမှုကြောင့် အိမ်(၃) အိမ်မီးထဲ ပါသွားခဲ့ပြန်သည်။…

ဦးထွဋ်ခေါင်ကျော်တို့အတွက် တစ်ချိန်ကပြုခဲ့သော ယုတ်မာ ဖောက်ကျစ်မှုက သူတို့ထံကိုပြန်ပြီး ရောက်ခဲ့ခြင်းမဟုတ်ပါ သား… အရှေ့ပိုင်းသားတွေကတော့ စိတ်ပျက်ဖွယ်နေ့တစ်နေ့ကို ရင်ဆိုင်လိုက်ရပြီး ဦးဆောင်ခဲ့ကြသော ဦးထွဋ်ခေါင်ကျော်တို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကဲ့ရဲ့ဝေဖန်မှုတွေကို စတင်ပြီးပြုလုပ်နေပြီး အရှေ့ပိုင်းတွင်ဖြစ်ပွားခဲ့သော ကိစ္စတွေကြောင့် အနောက်ပိုင်း ရွှေရတုပွဲကို သက်ဆိုင်ရာမှ ခွင့်ပြုဖို့ကို ရုပ်ဆိုင်းထားသဖြင့် ဆရာတော်ကြီးနှင့် သူ့တပည့်ဒကာတွေရဲ့ အာမခံမှုနှင့်ခွင့်ပြုမှုကို ပြန်ရခဲ့ပြီးနောက်… ဆရာတော်ကြီးမှ ဦးဆောင်လုပ်ကိုင်သူတွေဖြစ်သည့် ဦးရဲ၊ မဟာနိုင်၊ စံဘော်၊ ရဲထက်ကိုတို့ အပါအဝင် လူကြီးပိုင်းမှ ပါဝင်သူတွေကို ခေါ်ယူတွေ့ဆုံတော့သည်။

"ခု…ကျင်းပမယ့် ရွှေရတုပွဲဟာ သိပ်ကိုအရေးကြီးသွားခဲ့ပြီး… အရှေ့ပိုင်းမှာလို ထပ်ပြီးဖြစ်မယ်ဆိုရင် ဆရာတော်ဘုရားကြီးကို အရှက်ရစေအောင်လုပ်သလိုမျိုးဖြစ်မှာ… ဒီတော့ ဦးရဲဦးဆောင်တဲ့ လူငယ်တွေအနေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ပူးပေါင်းပြီး လုံခြုံရေးတာဝန်ကို လုပ်ဆောင်ရမယ်… ရပ်ကွက်ထဲမှာ ရှိနေကြတဲ့ လူကြီး၊ လူလတ်ပိုင်းတွေကလည်း… ရွှေရတုပွဲကြီး အောင်အောင်မြင်မြင်ပြီးဆုံးသွားနိုင်ဖို့ကို ဝိုင်းဝန်းလုပ်ဆောင်ကြဖို့လိုအပ်တယ်… ဦးလေးပြောတာကို သဘောပေါက်မှာပေါ့…"

"ဟုတ်ကဲ့… သဘောပေါက်ပါတယ် လူငယ်တွေကိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရမယ့် တာဝန်တွေကို အသီးသီးခွဲဝေပေးထားပါတယ်… အရှေ့ပိုင်းသားတွေအနေနဲ့ သူတို့လုပ်ခဲ့တဲ့ ရွှေရတုပွဲပျက်ခဲ့တာမို့ အနောက်ပိုင်းပွဲကို ဖျက်ဆီးဖို့အရေးကို ကြံစည်နိုင်တယ်… ဒါကို အထူးဂရုပြုဖို့တော့လိုတယ်…”

ဆရာတော်ဘုရားကြီးမှ ထိန်းသိမ်းမှုအပိုင်းတွင်ရန်သဘော မဆောင်ဘဲ အေးအေးချမ်းချမ်းဖြေရှင်းဖို့သာ မှာကြားပြီးဆရာတော်ကြီးကျောင်းမှ ပြန်ခဲ့ကြတော့သည်။

“နိုင်ရေ… တကယ်ကို မလွယ်တဲ့ညကို ဖြတ်သန်းရမှာပဲ ဟော့”

“စံဘော်…မင်းရပ်ကွက်က အရက်ဆိုင်တွေကို မဖွင့်ဖို့ ကိုသွားပြောလေကွာ…”

“ပြောစရာတောင်မလိုဘူး မနွယ်တို့ ဦးကလောင်တို့က အရက်ဆိုင်တွေကို ဒီနေ့မနက်တည်းက မဖျက်တော့ဘူး သန်ဘက် ခါမနက်ကျရင်တော့ လျှော့ဈေးနဲ့ရောင်းမယ်ဆိုပြီး ဆိုင်းဘုတ် ထောင်ချိတ်ထားတယ်…”

“သူတို့ဘက်က ခုလိုပါဝင်လာတော့ ကောင်းတော့ ပေါ့ကွာ…”



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲထွဋ်နှင့် မဟာနိုင်တို့ ဆက်ပြီးလျှောက်လာကြ၏…

"ဟာ…ကိုသံချောင်းတို့ အုပ်စုပါလား၊ အရက်သမားတွေ အရက်ဆိုင်ပိတ်လို့ပြဿနာလုပ်တော့မယ်နဲ့တူတယ်"

"အကျိုးအကြောင်းလေး ရှင်းပြပြီး မေတ္တာရပ်ခံတာပေါ့ ကွာ"

မဟာနိုင်တို့အနားသို့ရောက်တော့…

"မဟာနိုင်…မင်းတို့က ဘာသဘောလဲ"

"ဗျာ… ကိုသံချောင်း ဘာဖြစ်လို့လဲ အရက်ဆိုင်တွေပိတ်ထားခဲ့လို့လား… ဒီကိစ္စ ဒီလိုကြောင့်…"

"တော် တော်…အရက်ဆိုင် ကိစ္စကိုပြောတာမဟုတ်ဘူး မနွယ်တို့ နီကလောင်တို့ဆိုင်တွေ ပိတ်ထားလည်း တခြားရပ်ကွက် သွားပြီး သောက်လို့ရတယ်… ငါတို့ ပြောတဲ့ကိစ္စက ရပ်ကွက် ရဲ့ ရွှေရတုပွဲလုပ်မယ့်ညမှာ ငါတို့က ဘာတာဝန်မှ မယူရဘူးလား ကွ…"

"ဘာလဲ ငါတို့ကို အရက်သမားတွေဆိုပြီး အထင်သေး သဘောပေါ့"

"ဟာ…မဟုတ်ရပါဘူးဗျာ ကိုသံချောင်းတို့ ပါဝင်မယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပိုပြီး ကောင်းတာပေါ့… ကျွန်တော်တို့က စိတ်မဝင်စားဘူး ထင်မိလို့ပါဗျာ"

"အရင်ကတော့ စိတ်မဝင်စားဘူး ဟို…အရှေ့ပိုင်းက သတင်းကြားရပြီး ငါတို့အပိုင်းလည်း သူတို့အပိုင်းလို အဖြစ်မခံနိုင်ဘူးဆိုပြီး ရပ်ကွက်ထဲက အရက်သမားအားလုံး ဒီနေ့ အရက်လုံးဝမသောက်ဘဲ ရပ်ကွက်လုံခြုံရေးကို လုပ်ကြမလို့…"

"ဟာ…သိပ်ကောင်းတာပေါ့"

မဟာနိုင်…ဦးရဲတို့အတွက် အားတက်စရာ သတင်းတစ်ခုပဲဖြစ်သည်။ ကိုသံချောင်းလို လူတွေမှာ ရပ်ကွက်ပေါင်းစုံက အရက်သမားတွေ ဆိုးသွမ်းတဲ့လူတွေကို သိထားကြသလို သူတို့ချင်းကိုင်တွယ်နိုင်သည်…

"ငါတို့ တာဝန်ပိုင်းကို စိတ်ချပြီးသာနေ… ဆိုးပါတယ်ဆိုတဲ့ကောင်တွေ သံချောင်းကိုမြင်တာနဲ့ ဖိန့်ဖိန့်တုန်သွားစေရမယ်…"

"ကိုသံချောင်းကို တစ်ခုတော့ မေတ္တာရပ်ခံချင်တယ်"

"ဘာကိုလဲ… မဟာနိုင်"

"ထိန်းသိမ်းတဲ့နေရာမှာ လက်လွန်ခြေလွန်တော့ မလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဗျာ… အေးအေးချမ်းချမ်း ဖြေရှင်းပါ…"

"မဟာနိုင် အရက်သမား ဆိုးပေတောတဲ့ကောင်တွေကို ကိုင်တွယ်တဲ့နည်းကို မင်းမသိပါဘူး… ပိုင်ပါတယ် ဘာမှ စိတ်မပူနဲ့ အသံတိတ်ဖြေရှင်းသွားမှာ… ငါတို့ တခြားရပ်ကွက်ဘက်တွေကို သွားဦးမယ်…"

"ဟာ…ဘာသွားလုပ်မှာလဲ"

"လူမိုက်ဆိုတဲ့ကောင်တွေကို သဘောထားကြေညာချက်တွေကို ထုတ်ပြန်မလို့"

"ကိုသံချောင်း… မြင့်လှချည်လားဗျာ… ဘယ်လိုသဘောထား ကြေညာချက်လဲ…"

"ညီကြီး… မင်းပြောပြလိုက်"

*"အဟမ်း… ရပ်ကွက်အတွင်း ရှိကြသော လူမိုက်များနှင့် အရက်သမား အားလုံးသိစေရန် ရပ်ကွက်အနောက်ပိုင်း အရက်သမားကော်မတီမှ သဘောထားထုတ်ပြန်လိုက်သည်၊ ထိုသဘောထားမှာ ရပ်ကွက်အနောက်ပိုင်းတွင် ပြုလုပ်သော ရွှေရတုပွဲကို နှောင့်ယှက်ခြင်း၊ ဖျက်စီးရာ ဖျက်စီးကြောင်း လုပ်ကိုင်လာခြင်း အရက်ဝင်ရောက်သော လမ်းကြောင်းများကို ပိတ်ဆို့လိုက်မည်*



www.burmeseclassic.com

www.burmeseclassic.com



*ဖြစ်ကြောင်း သတိပေးလိုက်ပါသည်။*

*ပုံ ...*

*သံချောင်း"*

"တယ်ပြီးဟုတ်ပါလား ကိုသံချောင်း၊ ခင်ဗျားအဆင့်က ဒါဆိုမသေးဘူး၊ အရက်ဝင်လမ်းကြောင်းကို ပိတ်နိုင်တယ်.."

"ဒါကြောင့်ပြောတာပေါ့၊ ဒီနားမှာရှိကြတဲ့ အရက်ဆိုင်တွေ သံချောင်းကို ကျော်လို့မရဘူးလေ... ပင်မအရက်ဆီတွေကို သံချောင်းတစ်ယောက်ပဲဝယ်လို့ရတဲ့နေရာကိုသိတာ၊ အရက်ဆီ မရဘူးဆိုရင် တကယ့်အရက်သမားတွေ အကြီးအကျယ် ဒုက္ခတွေ့ သွားမယ်၊ အခု ပေါ်နေတဲ့ ချိတ်ပိတ်အရက်တွေက အပျော့စား အဆင့်လောက်ပဲရှိတာ၊ တွက်ခြေမကိုက်ဘူး၊ သွားမယ်.. ရပ်ကွက်က များတယ်"

"ကောင်းပါပြီဗျာ.."

× × ×



www.burmeseclassic.com

www.burmeseclassic.com

နာရီလက်တံကလေးတွေ ကုန်ဆုံးခဲ့သည်နှင့်အမျှ ညပိုင်းဆီသို့ရောက်ရှိခဲ့လေပြီ၊ မဟာနိုင်တို့၏ ငြိမ်းချမ်းရေးလမ်းမကြီးတွင် လူတွေစည်ကားစပြုနေလေပြီ။

မဟာနိုင်တို့ စီစဉ်ထားသော ကာတွန်းပြပွဲကို လာရောက်ကြည့်ရှုသူတွေ၏ ရယ်မောပျော်ရွှင်မှုလေးတွေကြောင့် စိတ်ထဲတွင် ချမ်းမြေ့စရာကောင်းနေလေသည်။

ကလေးသူငယ်တွေအတွက် ချားရဟတ်နှင့်တခြားသော ကစားစရာတွေမှာလည်း ကလေးသူငယ်များအတွက် ပျော်ရွှင်ဖွယ်နှင့် စိတ်ဝင်စားဖွယ် ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာနိုင်တို့ ရွှေရတုပွဲကြီးကို သီးသန့်ကွင်းကြီးထဲတွင် လုပ်တာမို့ ကာရာအိုကေ စတိတ်စင်ကို ကွင်းကြီးတွင်ပြုလုပ်စေခဲ့သည်။ လုံခြုံရေးပိုင်းကို သက်ဆိုင်ရာတာဝန်ရှိသူတွေနှင့် ရပ်ကွက်လူငယ်၊ လူကြီးတွေ ပူးပေါင်းပြီးဆောင်ရွက်ကြရသည်။

"နိုင်ရေ..."

"ဘာလဲ ရဲထက်ကို.."

"မင်း သတိထားမိလား"

"ဘာကို မင်းသတိထားခိုင်းနေတာလဲ"

"ငါတို့ကျင်းပတဲ့ ရွှေရတုပွဲကို အရှေ့ပိုင်းကလူတွေ တော်တော်များများလာကြတယ်"

"အခြေအနေကိုလာပြီး အကဲခတ်တာနေမှာပေါ့ကွာ... ဦးထွန်းခေါင်ကျော်သားနှစ်ယောက်တော့မတွေ့ဘူး"

"ကောက်ကျစ်ဖို့ ကြံစည်နေမှာပေါ့"

"မောင်မဟာနိုင်"

"ဗျာ...ဦးရဲ"

"ဒီကောင် (၂)ကောင်ပျောက်နေတာအကြောင်း တစ်ခုခုရှိမယ် လျှော့ပြီးမတွက်ထားနဲ့ လုံခြုံရေးသတိကတော့အပြည့်ထားရ



www.burmeseclassic.com

www.burmeseclassic.com



မယ်"

လုံခြုံရေးကိစ္စတွေကို ဦးရဲ စီမံပြီးလုပ်ကိုင်ထားခြင်းကြောင့် လွတ်လပ်မှုတော့သိပ်ပြီးမရှိ...

"ဘာသတင်းရသေးလဲ"

"ကားတွေကို ဝင်ခွင့်မပေးဘဲ သီးသန့်ကားရပ်ဖို့နေရာလုပ်ပေးထားတယ်၊ အဲဒီကားပါကင်မှာ တာဝန်ယူတဲ့ မောင်တင်စိုးဆီကတော့ လူစိမ်း(၃)ယောက်တော့ တွေ့ရတယ်.. ငါတို့မြို့နယ်ကမဟုတ်ဘူး တခြားမြို့နယ်ကကောင်တွေဖြစ်မယ်.. အင်းစိန်ဘက်မှာ သံချောင်းတွေ့ဖူးတယ်တဲ့..."

"သိန်းဝင်းဆိုတဲ့ကောင်တွေဝင်လာတာလား"

"ကျွန်တော် ဒီကောင်တွေကိုမတွေ့ဘူးတော့ လူချင်းမျက်နှာချင်းဆိုင်တွေ့တာတောင် သိမှာမဟုတ်ဘူး၊ ဦးရဲ ကျွန်တော်တို့ ဈေးတန်းဘက်ကိုတစ်ခေါက်လောက်လျှောက်ပြီး ဖျော်ဖြေရေးဘက်ကိုသွားလိုက်ဦးမယ်"

"မောင်မဟာနိုင်...ဦးရဲပြောထားတဲ့ပုံစံအတိုင်း လူအုပ်စု(၂)စုခွဲပြီးသွားကြ...မပေါ့ဆနဲ့နော်"

"စိတ်ချပါဦးရဲ"



www.burmeseclassic.com

www.burmeseclassic.com



မဟာနိုင်နှင့် စံဘော်တို့မှာနောက်ကလိုက်ခဲ့ပြီး…ရဲထက်ကိုတို့မှ အရှေ့ကနေသွားကြပြီး ဈေးတန်းကွင်းဘက်သို့ရောက်တဲ့အထိ လူပ်ရှားမှုအရိပ်အရောင်ကိုမတွေ့သေးပေ…ဈေးတန်းမှအထွက်…

"မိန်းကလေးတစ်ယောက် မူးလဲလို့တဲ့"

လူတွေဝိုင်းအုံတဲ့ နေရာဆီကို မဟာနိုင်တို့ အပြေးကလေးသွားပြီး မိန်းကလေးကို ကျန်းမာရေးဆေးခန်းလုပ်ထားသည့်နေရာသို့ပို့မည်အလုပ်…

"ဝိုး…အင့်"

"ဟာ…နိုင်…"

လူအုပ်ကြားထဲမှ ဓါးမြှောင်တစ်ချောင်းထွက်လာပြီး မဟာနိုင် ရင်ဘတ်တွင်စိုက်ဝင်သွားသည်…

"ပြေး…ပြေးပြီ…လိုက်…လိုက်"

မဟာနိုင်ကို ဓါးမြှောင်နှင့်ပစ်ပြီးပြေးတဲ့ လူတွေနောက်ကိုလူစုခွဲပြီးလိုက်ခဲ့ကြသလို၊ ဈေးတန်းကွင်းကြီးထဲတွင် လုံခြုံရေးလက်ပတ်မပါဘဲ လူတွေနဲ့ရောထွေးထားသောသူတွေက ပြေးသည့်လူတွေကို ခဏတွင်းမှာပင်ဖမ်းဆီးနိုင်လိုက်ကြသည်…လုံခြုံရေး



www.burmeseclassic.com

www.burmeseclassic.com



သမားများ(၂)ယောက်ကိုသာ ဖမ်းဆီးမိလိုက်သည်…။

"ဟေ့ကောင်… မင်းတို့(၂)ယောက်တည်းလား"

"ဟုတ်ပါတယ်"

"မင်းတို့ထဲက ဓားသိန်းဝင်းဆိုတာ ဘယ်သူလဲ"

"ကျွန်တော်တို့ မဟုတ်ပါဘူး"

"ဟင်…"

မဟာနိုင် သဘောပေါက်လိုက်သည်…ဓားသိန်းဝင်း သူ့လူ (၂)ယောက်ကို ထိုးကျွေးပြီးသူကလွတ်အောင်လုပ်သွားခြင်း ဖြစ်သည်…။

"နိုင်…မင်း…ဓားဒဏ်ရာ"

"ဘာမှမဖြစ်ပါဘူး…ရင်ညွန့်နားမှာ ဦးရဲပေးထားတဲ့ ရော်ဘာပြားထူထူကို ခံထားတာလေ…"

"ဟူး…တော်ပါသေးရဲ့ကွာ"

"သိန်းဝင်းကတော့ လွတ်သွားပြီ ဒီကောင်(၂)ကောင်ကို သက်ဆိုင်ရာလက်ထဲကိုပို့လိုက်တော့…"

စံဘော်တို့ အုပ်စုတွေခေါ်ဆောင်သွားပြီး… လုံခြုံရေး အခန်းထဲတွင် မဟာနိုင်အပြင်ကိုမထွက်ဘဲ ထရံပေါက်မှ အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှလူတွေဆီကို အကဲခတ်နေပါသည်။ ဓားသိန်းဝင်း တစ်ယောက်လူအုပ်ကြားထဲတွင် သူ့ကောင်တွေအခြေအနေကို စောင့်ကြည့်မှာသေချာသည်။

"ရဲထက်ကို"

"ခိုင်..."

"ဒီကနေလာပြီးကြည့်...ဟိုလူအုပ်ကြားထဲမှာ ကုတ်အင်္ကျီအနက်နဲ့ရပ်နေတဲ့ကောင်ကိုတွေ့လား"

"အင်း တွေ့တယ်"

"မင်းကောင်တွေကို ဒီကောင်နားကိုမသိမသာလေးသွားပြီး ရပ်ခိုင်းလိုက်...ငါပြီးရင်ထွက်ခဲ့မယ်"

ရဲထက်ကို ရပ်ကွက်မှလူငယ်တွေကို တိုးတိုးတိတ်တိတ်လေးပြောလိုက်ပြီး...မဟာနိုင်ပြသော လူနားဆီသို့သွားခိုင်းလိုက်သည်။ ထိုလူခဏမျှမှနေပြီး ထွက်လမ်းဘက်ကို ခပ်သွက်သွက်ကလေးလျှောက်သွားသည်။ မဟာနိုင် အနောက်ကနေခပ်သွက်သွက်ကလေးလိုက်ဟန်ပြလိုက်သည်နှင့် ထိုလူခြေလှမ်းပိုပြီးသွက်တာကြောင့် သေချာသလောက်ဖြစ်သွားသည်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ…မဟာနိုင်တို့ရှေ့မှာတင် ခွေပြီးကျသွားခြင်းကြောင့်အံ့အားသင့်သွားသည်။

"အား··ကျွတ်··ကျွတ်…"

ထိုလူ ရင်ဘတ်တွင် ဓားမြှောင်တစ်ချောင်းစိုက်ဝင်လျက်…

"ရဲထက်ကို·· ဆေးရုံပို့ဖို့လုပ်တော့ကွာ"

အန်ကယ်စိုးနောင်မှ ပေးထားသောကားဆီသို့ခေါ်ဆောင်လာခဲ့ကြသည်။

"ကျုပ်…ကျုပ်ကို နှုတ်ပိတ်··ပိတ်တာပဲ··တောက်"

"မင်း…ဓားသိန်းဝင်းဆိုတာလား"

"ဟုတ်··ဟုတ်ပါတယ်၊ အား··ကျုပ်··ရေ··ရေဆာတယ်၊ မျက်လုံးတွေပြာ··ပြာလာပြီ၊ ကျုပ်ကိုခိုင်းတာ ဦး…."

"ဟာ…"

မဟာနိုင် လက်ပေါ်တွင် ဓားသိန်းဝင်းဇက်ကျိုးကျသွားတော့သည်။ ဓားတစ်လက်နှင့်ကြေးစားလူမိုက်အဖြစ် လှုပ်ရှားခဲ့သော ဓားသိန်းဝင်းတစ်ယောက် ဓားနှင့်ပဲ ဇာတ်သိမ်းခဲ့ရလေပြီ။ ဓားသိန်းဝင်းနှုတ်ဖျားဆီမှဆက်ပြီးမထွက်ခဲ့သောနာမည်ကို မဟာနိုင်သိပြီးသားဖြစ်၏။ ကြောက်စရာကောင်းလှသော ဦးထွန်းမြင့်ကျော်

www.burmeseclassic.com

www.burmeseclassic.com



၏ ရက်စက်မှုတွေကို မပဟာနိုင်တစ်ခုခု တို့ ပြန်ဖို့လိုအပ်ပြီဆိုတာကို သဘောပေါက်လိုက်တော့သည်။ ဆက်ပြီး သူလုပ်သမျှတွေကို ရင်ဆိုင်နေရင် ဦးထွဋ်ခေါင်ကျော် လက်ချက်ဖြင့် အသက် အန္တရာယ်ကြုံလာနိုင်မည်မှာသေချာသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ရွှေရတုပွဲကြီးကိုအောင်မြင်စွာအဆုံးသတ်နိုင်ခဲ့သလို ရွှေရတုကမ္ဘည်းကျောက်စာတိုင်ကြီးကိုလည်းစိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ဦးထွဋ်ခေါင်ကျော်တို့အတွက် အကြီးမားဆုံးပေးဆပ်ခဲ့ရခြင်းတစ်ခုကတော့ အရှေ့ပိုင်းရပ်ကွက်သူ ရပ်ကွက်သားတွေဟာ အနောက်ပိုင်းနှင့်ရင်းနှီးစွာ နွေးနွေးထွေးထွေးဆက်ဆံခဲ့ခြင်းဖြစ်သည်။ အရှေ့ပိုင်းတွင်ဦးဆောင်ခဲ့သော ဦးထွဋ်ခေါင်ကျော်ပေါ်တွင် ယုံကြည်မှုကင်းမဲ့ကြလေပြီ...

ဦးထွဋ်ခေါင်ကျော်ကို ယုံစားပြီးငွေကြေးပံ့အေးကာ ဖူး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလုပ်ခဲ့သူတွေလည်း နောက်ကိုဆုတ်ခဲ့ကြပြီဖြစ်တာကြောင့် ဦးထွန်းခေါင်ကျော် မဟာအကြံအစည်ကြီးမှာ လက်လျှော့ရမလို ဖြစ်နေလေပြီ…။

"ဒယ်ဒီ…ဘာဆက်ပြီးလုပ်မလဲ"

"ဒီအတိုင်းဆိုရင်တော့ ရပ်ကွက်ကကျွန်တော်တို့ကိုလက်ခံကြတော့မှာ မဟုတ်ဘူး"

ဦးထွန်းခေါင်ကျော်သား(၂)ယောက်၏ စကားကိုနားထောင်ပြီး…

"မင်းတို့ (၂)ကောင်ကဘာမှအားကိုးလို့မရဘူး ရပ်ကွက်ရဲ့ ယုံကြည်မှုလျော့တာ မင်းတို့အသုံးမကျတာတွေလည်းပါတယ် ဟိုကောင်ကြောင့်ချည်းပဲ ပြောမနေနဲ့…ကိုယ့်ဘက်ကသူတို့ထက် ငွေကြေးအများကြီး အကုန်ခံပြီးလုပ်ခဲ့တဲ့ ပွဲကိုမင်းတို့ (၂)ကောင် ကြောင့်ပျက်သွားရတာ…ငါ့အလိုက်ကောင်းလို့ ထောင်ထဲကို ရောက်တာမှတ်…ဒါတွေထက် အရေးကြီးတာရော မင်းတို့ဘာ သိလဲ"

နိုရာမော်နှင့် နိုရာဖြိုးတို့ ဘာမှမပြောနိုင်…

"မင်းတို့သိတာ သောက်မယ်၊ စားမယ်၊ လောင်းကစား



www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ်၊ ဒါပဲသိတယ်…ခုငါတို့ဒီအိမ်ကြီးပေါ်က ဆင်းရတော့မယ်ကွ…”

“ဗျာ..

“ဟာ…”

“စက်ဘ်ပူကနေ မှောင်ခိုဆေးဝါးတွေကို မြန်မာပြည်ထဲပို့ဖို့ ရှိသမျှငွေတွေအပြင် အိမ်ကိုပါပေါင်ပြီးမြှုပ်နှံပြီးလုပ်လိုက်တာ၊ စက်ဘ်ပူအစိုးရက သင်္ဘောကိုမိသွားပြီ၊ တစ်ပြားမှမရလိုက်ဘဲ ရှိသမျှတွေ ကုန်သွားပြီ၊ မင်းတို့ဘာအားကိုးရလဲ…စီးပွားရေးဘက်မှာ စိတ်ဝင်စားမှုတစ်ခုမှမရှိဘူး…ခု ဘယ်ပလပ်ဖောင်းမှာခေါင်းချရမယ်ဆိုတာ စဉ်းစားထားကြတော့”

“ဒယ်ဒီ မာမီဆီကို အကူအညီတောင်းကြည့်ပါလား”

“မင်းတို့ မိထွေးကို မင်းတို့အားကိုးနေသေးတယ်…သူ့သမီးအတွက်ကလွဲပြီး တစ်ပြားတစ်ချပ်တောင်ပေးမှာမဟုတ်ဘူး..သူ့ဆီက လျော်ကြေးငွေနဲ့ အပြီးသတ်သွားပြီကွ…”

“ဒါဆို ဘယ်လိုလုပ်ကြမလဲ ဒယ်ဒီ”

“လုပ်စရာတစ်ခုပဲ ရှိတော့တယ်”

ဦးထွဋ်ခေါင်ကျော်စကားကို မဆက်ဘဲ မြေးတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အပြုံးနှင့်ပြုံးလိုက်ပြီး…။

"မင်းတို့ (၂)ကောင် ဒီတစ်ခါငါနိုင်းတာလွဲချော်ခဲ့ရင် မင်းတို့ဘဝတွေကို လမ်းဘေးမှာပဲ နေဖို့စဉ်းစားထားကြတော့"

"ဒီတစ်ခါ ဒယ်ဒီနိုင်းတာကိုပီပြင်အောင် လုပ်ပါ့မယ်"

"ဘာလုပ်ရမလဲဆိုတာပြောပါ"

"နိုရာနီကို ပြန်ပေးဆွဲရမယ်"

"ခင်ဗျာ"

"ဗျာ…"

ဖခင်ဖြစ်သူစကားကြောင့် မယုံနိုင်အောင်ဖြစ်သွားကြသည်။

"ဒယ်ဒီရယ် မကောင်းဘူးထင်တယ်"

"စဉ်းစားပါဦး"

"မင်းတို့ပါးစပ်တွေ ပိတ်ထားတော့…ငါနိုင်းတာကိုပဲလုပ်ကြ…သူ့အဘွားနဲ့သူ့အစ်မဆီကငွေရဖို့က သူ့ကိုအသုံးချဖို့ပဲရှိတယ်၊ မင်းတို့ကိုအရှင်းဆုံးပြောမယ်၊ နိုရာနီဟာငါ့သမီး မဟုတ်ဘူး… မင်းတို့ညီမအရင်းလည်းမဟုတ်ဘူး…"

နိုရာမော်တို့ လူမှန်းမသိသေးတဲ့အရွယ်တွင်မိခင်ဖြစ်သူ တိမ်းပါးသွားပြီး နောက်အိမ်ထောင်ပြုခဲ့တာကိုတော့သိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သီရိမြိုင်က မိတွေးဆိုပေမယ့် ညီအစ်ကို(၃) ယောက် ပေါ်မှာ သားအရင်းပမာချစ်ခဲ့သော်လည်း...ဒယ်ဒီကြောင့် သဘောထားကွဲလွဲပြီး နိုင်ငံခြားသို့ထွက်သွားခြင်းဖြစ်သည်။ ထိုအချိန်ကား နိုရာနီမှာ (၈)တန်းကျောင်းသူ အရွယ်ကလေးပင်ဖြစ်သည်...။ ဦးထွဋ်ခေါင်ကျော်နှင့်ဒေါ်သီရိမြိုင် ပေါင်းသင်းပြီး (၂)နှစ် ပြည့်သောနှစ်တွင် နိုရာနီကိုမွေးဖွားခဲ့ခြင်းဖြစ်သည်။

"ဒယ်ဒီ စကားကိုသားတို့နားမလည်ဘူး"

"သီရိ ဆေးရုံမှာကလေးမွေးတုန်းက သူ့ရင်သွေးစစ်စစ်က မွေးပြီးပြီးချင်းဆုံးပါးသွားတယ်၊ သီရိနဲ့အချိန်ချင်းကပ်မွေးတဲ့ အမျိုးသမီးကတော့ ကလေးရှင်ပြီးမိခင်ကဆုံးပါးသွားတာနဲ့ တိုက်ဆိုင်ပြီး ဒီကလေးကိုအစားထိုးခဲ့တာပဲ..."

"မာမီက ခုထိမသိဘူးပေါ့"

"မသိလို့ သူ့သမီးအရင်းထင်နေတာပေါ့ ငါကဒီကလေးကိုမွေးစားတာ အကြောင်းရှိတယ်၊ သီရိရမယ့် အမွေတွေကို နိုရာနီပဲအကျုံးဝင်တယ်လေ...ခုလည်းသူ့ကိုအသုံးချရဦးမှာပဲ...ခု နိုရာနီ ဘယ်ကိုသွားလဲ..."

"သူ့သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပွဲကိုသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပဲခူးက သူ့သူငယ်ချင်းဆိုတာလား"

"ဟုတ်ပါတယ် ဒယ်ဒီ"

"ဒါအခွင့်အရေးပဲ မင်းတို့ (၂)ယောက်လုံးသူ့ကိုစနစ်တကျ အကွက်ချပြီးလုပ်တော့..."

× × ×



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာလွမ်းမိသလို…သူမရဲ့အသံလေးတွေကို မကြားရသည်မှာ (၅)ရက်မြောက်ခဲ့လေပြီ…

မဟာနိုင် သူတို့စုပြီးထိုင်နေကျ လက်ဖက်ရည်ဆိုင်ကလေးကိုရောက်ပြီဆိုရင် သူမဆီမှဖုန်းခေါ်သံလေးကိုပဲ မှန်ကြားနေကျ သူမနှင့်အကြောင်းအရာတွေကို စကားလေးတွေပြောရင်း သူ အိပ်မက်ကလေးတွေမက်ခဲ့ပေမယ့် မတူညီသော ဘဝတွေကြောင့် နှလုံးသားက တီးတိုးစကားလေးတွေနဲ့ပဲ ကျေနပ်ခဲ့သူ…။

သူငယ်ချင်းတွေက ဖွင့်ပြောဖို့တိုက်တွန်းခဲ့ပေမယ့် နှုတ်များထက်ဆီမှ သူမကိုပြောရန် ခွန်အားကင်းမဲ့ခဲ့သည်။ သူနဲ့ခင်မင်မှု



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ကလေးပေါ်မှာတော့ အရောင်မဆိုးခဲ့…သူမကိုချစ်နေရ ရင်ပဲ ကျေနပ်နိုင်သူတစ်ဦး…။

မိသားစု တစ်စုထဲမှာမတူညီသော သူမ၏စိတ်ဓါတ်ကလေး သည် မဟာနိုင် ရင်သို့တိုးဝှေ့စေခဲ့သော ဆွဲငင်အားလေးတစ်ခု ပင်ဆိုရမည်။

အဖေ အစ်ကိုတွေနဲ့ လုံးလုံးခြားနားနေသော သူမ၏ရပ် တည်မှုကြောင့် မဟာနိုင်ခုထိ ရှင်သန်နေရသည်ကိုမငြင်းလိုပေ။ သူမကို သူတစ်ခါသာကယ်ခဲ့ပေမယ့် သူမကတော့သူ့ကိုအကြိမ် ပေါင်းများစွာ ကယ်ခဲ့သည်။

"ဟူး…"

သူမနှင့်စကားပြောခွင့်မရတဲ့ ရက်ကလေးတွေကိုတွေးပြီး သူမတစ်ခုခုဖြစ်နေမလားဆိုပြီး စိုးရိမ်မိခဲ့သည်။ သူမဆီမှမဆက် သွယ်ရင် မဟာနိုင်ဘက်မှ ဆက်သွယ်နိုင်ရေးမှာ မလွယ်ကူ… ချစ်သူတွေမဟုတ်တော့ ကိုယ့်ဘက်မှဆင်ခြင်ပြီးနေခဲ့ရပေမယ့် ရင်မှာတော့လွမ်းလျက်…။

အလုပ်ရှင်မှ ပဲခူးကိုကားကိစ္စတစ်ခုနှင့်ခိုင်းတာကြောင့်သွား ခဲ့ပြီးကိစ္စတွေပြီးပြတ်သည်နှင့် လိုင်းကားနှင့်ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချိန်က ညနေ နေဝင်လုလု…ဟိုက်လပ်ကားရှေ့ခန်းတွင်လိုက်ပါလာရင်း သူ့မကိုလွမ်းတဲ့စိတ်ကလေးနှင့်လိုက်မါလာခဲ့တယ်…။

"ဆရာ ဘာသီချင်းနားထောင်ချင်လဲ"

ဒရိုင်ဘာမှ လှမ်းမေးသောကြောင့်…

"အလွမ်းသီချင်း ကောင်းကောင်းလေးဖွင့်ဗျာ…"

"ဆရာက အလွမ်းဓါတ်ခံ ရှိတယ်နဲ့တူတယ်"

"အလွမ်းဆိုတာလေးကို သိချင်လို့ပါဗျာ"

မဟာနိုင်စကားကို ကားဒရိုင်ဘာပြုံးပြီး ခင်မောင်တိုးအခွေလေးကို ဖွင့်ပေးလိုက်သည်။

"ဟာ…"

သီချင်းလေးတစ်ပုဒ်ပင် မဆုံးခင်မှာ…နိုရာနိုကို တွေ့လိုက်ရသည်။ ကားတစ်ခုခုဖြစ်၍ ကားအပြင်ထွက်ပြီးရပ်နေသောအသွင်…

"ကားဆရာ…ကား ရပ်ပေးပါ"

"ဘာဖြစ်လို့လဲ"

"အလွမ်းကို တွေ့လို့ဆင်းနေခဲ့တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

ကားဒရိုင်ဘာ မဟာနိုင်ကိုအူတူတူမျက်နှာလေးဖြင့်ကြည့်ပြီးကားကို ရပ်ပေးလိုက်တော့သည်။

"စောင့်ပေးရမှာလား"

"တစ်ခါတည်း မောင်းသွားပါ"

နိုရာနို...မဟာနိုင်ကားပေါ်ကဆင်းလာတာကိုမသိ ကျောပေးပြီးကားအောက်ကိုသာ ကြည့်နေသည်။

"နိုရာ"

"ဟင်...ကိုမဟာနိုင်"

မဟာနိုင်ကိုတွေ့သည်နှင့်နိုရာနိုမျက်နှာလေး ချက်ချင်းလန်းဆန်းသွားတော့သည်။

"ကား ဘာဖြစ်လို့လဲ"

"ဘီးပေါက်သွားလို့ ဘာလုပ်ရမှန်းမသိဖြစ်နေတာ အကူအညီတောင်းရမှာလဲ မဝံ့ရဲတာနဲ့ရပ်နေတာကြာပြီ"

"နိုရာရယ် ကားတစ်စီးစီးကိုတားပြီး အကူအညီတောင်းလိုက်ရောပေါ့..."

"မတောင်းမိတာဘဲ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"တောင်းမိရင် ကိုမဟာနိုင်နဲ့ဆုံရမှာ မဟုတ်ဘူး…"

သူမ စကားလေးမှာ ရိုးရိုးစင်းစင်းလေးဆိုပေမယ့် သူ့နှလုံးသားအတွက် တုန်လှုပ်ချောက်ချားစေခဲ့သည်။

"ကား ဘီးအပိုပါတယ်မဟုတ်လား"

"ပါတယ်"

မဟာနိုင် ကားနောက်ခန်းမှ ကားဘီးကိုချပြီး…ပေါက်နေသည့်ဘီးကိုလဲ ယူတပ်ဆင်ပေးလိုက်သည်။

"ကဲ…ကိစ္စတွေပြီးသွားပြီ"

"ကိုမဟာနိုင်ပဲ မောင်းတော့…မြို့အဝင်ကျမှ နီရာမောင်းမယ်"

"အမိန့်အတိုင်းပါပဲဗျာ"

"ကားလေးမောင်းခိုင်းတာပါ၊ အမိန့်ပေးတာမဟုတ်ရပါဘူးနော်၊ အမိန့်ပေးခြင်းဆိုတာ ခိုင်းစေခြင်းတစ်မျိုးထဲမှာပါဝင်တယ်၊ နီရာက ခိုင်းတာမဟုတ်ရပါဘူး…အကူအညီတောင်းတာ…"

"ငါးတော့ ငါးပဲ အမျိုးအစားမတူတဲ့ သဘောပေါ့နော်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲ ဖြစ်ဖြစ်လုပ်ပေးရတဲ့သူ ကျေနပ်ဖို့က အဓိကအကျဆုံး ပါပဲ…"

"ကျေနပ်တယ်ပေါ့"

"ဒီထက်မက ကူညီခွင့်ကိုရချင်သူပါ…နိုရာ ငါ့ကို ကူညီ ခဲ့တာတွေက ဘဝမှာဘယ်လိုမှမေ့လို့မရတဲ့ မှတ်တမ်းတွေပါ…"

"နိုရာလည်း ကိုမဟာနိုင်နဲ့ ပတ်သက်ပြီးမှတ်တမ်းလေးရှိ ထားပါတယ်"

တစ်ဦးနှင့်တစ်ဦးတူညီသော မှတ်တမ်းကလေးတွေရှိနေကြ ပေမယ့် နှလုံးသားရဲ့ တူညီမှုလေးကတော့ ဝေးကွာနေဆဲ…။

"ကိုမဟာနိုင်က ပဲခူးကိုအလုပ်ကိစ္စနဲ့လာတာလား"

"ဟုတ်တယ် နိုရာ…အလုပ်ရှင်က ကားတစ်စီးသွားကြည့် ခိုင်းလို့လာပြီးကြည့်တာပါ နိုရာကရော"

"သူငယ်ချင်းရဲ့ မွေးနေ့ပွဲကို လာတာပါ"

"ခရီးဝေးကိုတစ်ယောက်တည်း ကားနဲ့သွားတာကခုလို အခက်အခဲတွေ့ရင်အန္တရာယ်များတယ်၊ ယောကျ်ားလေးဆိုရင် ကိစ္စမရှိဘူး နိုရာက မိန်းကလေး"

"ဟုတ်ပါတယ် ဒရိုင်ဘာနဲ့သွားမလို့ပါပဲ အိမ်မှာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာကတစ်ယောက်တည်း၊ ဒယ်ဒီကအမြဲအပြင်ထွက်နေတော့ ကိုယ်တစ်ယောက်တည်းပဲထွက်လာခဲ့တာ"

ညနေခင်းလေးအရောင်ပြောင်းပြီး ညနယ်နိမိတ်ထဲကိုတိုး ဝင်သည်နှင့် အဝေးပြေးလမ်းမပေါ်တွင် မာကျူရီ မီးအလင်းတွေကို တွေ့မြင်နေရလေပြီ…။

"နိုရာ"

"ဘာလဲဟင်"

"ငါတို့နောက်မှာ ကားတစ်စီးလိုက်လာတယ်"

"ဟယ်"

"သတိထားမိတာကြာပြီ၊ ထက်ကြပ်မကွာလိုက်နေတာ နိုရာ့ကိုအန္တရာယ်ပြုဖို့လား၊ ငါ့ကိုလား ဆိုတာတော့မပြောတတ်ဘူး"

မဟာနိုင် စကားမဆုံးခင် နောက်မှလိုက်လာသောကား ကျော်ဖို့ ကြိုးစားနေတော့သည်။

အဝေးပြေးလမ်းမပေါ်မှာ ဖြစ်နေသောကြောင့် ကား(၂)စီး အပြိုင်မောင်းသလိုဖြစ်နေသည်။ ကျော်တက်သည့်ကားမှာ မဟာနိုင်တို့ကားရှေ့မှ ဝိတ်ပြီးရပ်ဖို့ကြိုးစားနေသဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



"မြို့ဝင်ဖို့က ဝေးသေးတယ် ခုချိန်အဝေးပြေးကုန်တင်ကားကြီးတွေ ဒီလမ်းမှာသွားနေကြတာ ခုလိုဆက်ပြီးမောင်းနေရင် အန္တရာယ်ဖြစ်နိုင်တယ်"

"ဘယ်လိုလုပ်မလဲဟာင်"

"အံ့ဖြေတစ်ခုသိရအောင်ရှင်းလိုက်ချင်တယ်၊ နိုရာကားပေါ်ကလုံးလုံးမဆင်းနဲ့ ကားတံခါးကိုလော့ချပြီးနေ"

"ဟုတ်"

မဟာနိုင်ကားကိုထိုးရပ်ပစ်လိုက်သည်။ မဟာနိုင်ရပ်သလို ရှေ့ကားကလည်းရပ်ပြီး လူ(၃)ယောက်ဆင်းလာသည်။

"မင်းတို့ဘာသဘောလဲ"

"မင်းနဲ့မဆိုင်ဘူး မင်းလမ်းမင်းသွား"

"ငါ့လမ်းငါသွားနေတာကို နှောင့်ယှက်နေတာ မင်းတို့"

"ငါတို့စကားအပိုတွေ မပြောချင်ဘူး၊ ကားထဲက မိန်းကလေးကိုခေါ်သွားမယ်၊ မင်းကိုယ်မင်းသနားတတ်ရင် ရပ်ပြီးကြည့်နေ..."

"မင်းတို့စကားလုံးတွေကလွယ်လှချည်လား၊ အတူလိုက်လာနေတဲ့သူကိုခေါ်သွားမယ့်အရေးကို ငါကရပ်ပြီးကြည့်ပေးရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား…မင်းအငြိမ့်ထဲမှာ လူရွှင်တော်လုပ်ပါလား ရယ်စရာဖြစ်နေပြီ"

"ဒီလောက်တောင် ရယ်ချင်တဲ့ကောင် ရှင်းလိုက်ကွာ"

"ရှင်းပြီးသားပဲဟေ့…ယား…ယိ…အူး"

(၃)ယောက်လုံးအသံပေးပြီး ဝင်တိုက်ခိုက်ကြသည်။

"ခပ်တုံးတုံးလက်ရည်တွေပဲကွာ လူ(၃)ယောက်လုံးဝင်ပြီး ထိုးတာတောင် ထိအောင်မထိုးနိုင်ဘူးဆိုရင် ငါကလက်သီးထိုးလေးသင်ပေးရတာပေါ့…ရော့…"

"ခွပ်…အီး…ဖြောင်း…အား…ဒုတ်…အင့်"

မဟာနိုင်၏ မြန်ဆန်လှသော လက်သီးထိုးချက်တွေမှာ (၃)ယောက်လုံးမျက်နှာပေါ်ဆီသို့ရောက်သွားပြီး လက်နှင့်မရတော့မှန်းသိပြီးနောက် ခါးကြားမှ ဓါးမြှောင်ကိုယ်စီကို ထုတ်ပြီး ဒုတိယအကြိမ်တိုက်ခိုက်ပြန်သည်။

"ဒီတစ်ခါတော့ ခြေထောက်အရသာပါမြည်းကြည့်တော့ဟေ့"

"ဖြောင်း…အား"

မဟာနိုင်၏ ခြေကန်ချက်တစ်ချက်နဲ့တင် အရင်ဆုံးပြေးဝင်



www.burmeseclassic.com

www.burmeseclassic.com



လာသည့်ဓါးမြှောင်သမား ကတ္တရာလမ်းမပေါ်တွင်မှောက်ကျသွားသည်။

""ဒီလောက်တောင်ဖြစ်တဲ့ကောင်သေစမ်း""

""ဗိုး…ဒုန်း…အီး…ကျိ…ကျိုးပါပြီ""

မဟာနိုင်ကို အနီးကပ်ဝင်ပြီးထိုးသည့်လက်ကို လိမ်ချိုး၍ လက်ထဲကဓါးမြှောင်ကို ယူလိုက်သည်။ နောက်ဆုံးကျန်တဲ့ကောင်က သူ့ကားဆီသို့ပြေးတော့သည်။

""တောင်း…တောင်း…ပန်…ပန်…ပါတယ် လွှတ်…လွှတ်ပေးပါဗျာ""

""မင်းတို့ကို ဘယ်သူခိုင်းတာလဲ""

""နိုရာဖြိုးပါဆရာ…""

""ဟင်…""

""ငါ့ကိုရှင်းခိုင်းတာလား""

""မ…မဟုတ်ရပါဘူး နိုရာနိုကို ဖမ်းခိုင်းလိုက်တာပါ""

""ဘာ…""

""ဟယ်""

အနားသို့ရောက်လာသော နိုရာနို အံ့အားသင့်သွားသည်…



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလက်က ဖမ်းခိုင်းတယ်"

"ဟုတ်ပါတယ် မင်းကိုဖမ်းပြီး အရှေ့ကတိုက်ပျက်ကြီးဆီ ခေါ်သွားရမှာပါ..."

"ငါ့ကိုခေါ်ပြီး ဘာလုပ်မလို့လဲ"

"ဘာလုပ်မလဲဆိုတာတော့ အပြည့်အစုံမသိပါဘူး၊ ပြန်ပေး ဆွဲတာလို့ပဲ သိထားပါတယ်"

နိုရာနိုတကယ်ပင် နားမလည်နိုင်အောင်ဖြစ်သွားတော့သည် အစ်ကိုဖြစ်သူတွေ ရူးသွပ်သွားကြပြီလားလို့တောင် ထင်လိုက်မိ တော့သည်။

"ကျွန်မအစ်ကိုတစ်ယောက်တည်းလား"

"နိုရာမော်လည်းပါတယ်"

"ဒယ်ဒီကို ပြန်ပြီးတိုင်ရမယ်၊ ကိုမဟာနိုင် သူ့ကိုလွှတ် ပေးလိုက်ပါတော့..."

"သွားတော့"

မဟာနိုင်ခါးမြှောင်သမားကို လွှတ်လိုက်ပြီးကားဆီသို့ပြန် သွားရန်ပြင်လိုက်ချိန်...

"တီ...တီ..."



www.burmeseclassic.com

www.burmeseclassic.com



စားပွဲခြောင်သမား ခါးကြားမှ ပြုတ်ကျသွားသော ဟန်းဖုန်းလေးက ဖုန်းခေါ်သံကိုကြားရသဖြင့် မဟာနိုင်ကောက်ယူပြီး နားထောင်လိုက်သည်။

"ဟဲလို..ပြောပါ"

"ဒေးဗစ်လား"

"ဟုတ်တယ်.."

"ဘာလိုလဲ မင်းတို့ကိစ္စပြတ်သွားပြီလား"

"ပြတ်သွားပြီ၊ ခုပဲခေါ်လာကြတော့မလို့"

"ခေါ်စရာရှိတာ ခေါ်ခဲ့ကြကွာ၊ ငါ့ဒယ်ဒီက ဒီတစ်ခါပွဲမပြတ်ရင် မလွယ်ဘူးလို့ကြိမ်းမောင်းထားတယ်"

"ဒေးဗစ်တို့လုပ်ရင် မပိုင်တာမရှိဘူး၊ စောင့်သာနေ"

မဟာနိုင်...ဖုန်းကိုပိတ်ပြီးယူလာခဲ့တော့သည်။

"ဒီဖုန်းက အစ်ကိုလတ်ဖုန်းပဲ၊ နိုရာတော့ ဘာပြောရမှန်းအောင်မသိဘူး၊ ဒယ်ဒီကိုပြောပြပြီး ရှင်းကိုရှင်းရမယ်"

"နိုရာ..."

"ကိုမဟာနိုင်.."

"မင်းကိုပြောရမှာ စိတ်မကောင်းပါဘူး၊ ခုကိစ္စမှာ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီကိုယ်တိုင်ပါဝင်နေတယ်"

"ရှင်..."

"စောစောက ဖုန်းနဲ့မင်းအစ်ကိုပြောတဲ့စကားထဲမှာ မင်းဒယ်ဒီနိုင်းတာလို့ သိလိုက်ရတယ်"

"ဘုရား..ဘုရား..ဘုရား.."

နီရာနီ မျက်လုံးလေးဝိုင်းသွားပြီး ဝမ်းနည်းမှုလေးတွေ ရစ်ဝဲလာတော့သည်။

"မင်းအိမ်ရောက်တာနဲ့အန္တရာယ်က ဆီးကြိုနေမှာပဲ နီရာ"

"နီရာ ဘာလုပ်ရမလဲ စဉ်းစားလို့တောင်မရတော့ပါဘူး"

"ငါအကြံပေးချင်တယ် မင်းတစ်နေရာရာမှာခဏရှောင်ပြီး အဖြေတစ်ခုကိုရှာသင့်တယ်၊ ဖခင်တစ်ယောက်အနေနဲ့ ဒီအလုပ်မျိုးကိုကျူးလွန်တာဟာ လုံးဝမဖြစ်သင့်တဲ့ ကိစ္စပဲ"

"နီရာ့ အဘွားက မိုးကုတ်ဘက်မှာနေကြတယ်၊ သူတို့ဆီကို သွားချင်တယ်၊ ရန်ကုန်မှာနီရာနဲ့ရင်းနှီးတဲ့သူငယ်ချင်း မရှိဘူး၊ ပဲခူးက သူငယ်ချင်းကယောက်ျားလေးဆိုတော့ သူ့ဆီမှာနေဖို့လည်းမသင့်ဘူး...နီရာဘာလုပ်ရမှန်းတောင်မသိတော့ပါဘူး ကိုမဟာနိုင် ဆက်ပြီးကူညီပါဦး..."



www.burmeseclassic.com

www.burmeseclassic.com



မဟာနိုင်အတွက်မငြင်းနိုင်သော အခြေအနေကိုရောက်ရှိနေပြီဖြစ်ခြင်းကြောင့် သူမအတွက်ဆက်ပြီးလုပ်ပေးရတော့မည်။

"ငါမင်းကို ကူညီမယ် ဒါပေမယ့် မင်းဘက်ကငါ့အပေါ်မှာ ယုံကြည်ဖို့တော့ လိုအပ်မယ်နီရာ"

"နီရာ…ကိုမဟာနိုင်ပေါ်မှာအကြွင်းမဲ့ယုံကြည်ထားပါတယ်"

"မင်းဒယ်ဒီနဲ့မင်းကြားမှာ ရှုပ်ထွေးမှုတွေ၊ အသက်အန္တရာယ်နှင့်နီးစပ်နေတယ်"

"ကိုမဟာနိုင်ပြောတာ ဟုတ်ပါတယ်… နီရာဒယ်ဒီတို့ပေါ်မှာဘယ်လိုမှစဉ်းစားလို့တောင်မရတော့ဘူး၊ နားမလည်နိုင်အောင်ပါပဲ…"

"အဖြေတစ်ခုကတော့ရှိနေမှာပါ…မော်ဘီဘက်မှာ ကျူပ်သူငယ်ချင်းခြံတစ်ခြံရှိတယ်၊ ဒီမှာ မင်းကိုထားပြီး အခြေအနေကိုစောင့်ကြည့်တာပေါ့…အကောင်းဆုံးကတော့ မိုးကုတ်ကမင်းအဘွားဆီကို အဆက်အသွယ်လုပ်ကြည့်ပါလား…"

"ဘွားဘွားတို့ဆီကို နီရာနိုကြုံနေရတဲ့ အဖြစ်အပျက်တွေကိုပြောပြရမှာပဲ…ခုလောလောဆယ် သူတို့လက်ကလွတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ရှောင်ပုန်းရမယ်…မော်ဘီကာ ကိုမဟာနိုင်သူငယ်ချင်းအိမ်က လုံခြုံရဲ့လား…”

“လုံခြုံပါတယ် သူတို့ဘက်ကဘယ်လိုမှ မသိနိုင်ဘူး”

“ကျေးဇူးတင်ပါတယ် ကိုမဟာနိုင်”

မဟာနိုင်တို့ကားလေး မော်ဘီမြို့ထဲကိုမောင်းဝင်လာပြီး…

“ကိုမဟာနိုင် ညစာအတွက်တစ်ခုခုစားဖို့ဝယ်သွားကြရင် မကောင်းဘူးလား”

“ရှေ့နားမှာ စားသောက်ဆိုင်ရှိတယ် ဝင်ဝယ်ကြတာပေါ့ အလုပ်ရှင်ဆီကိုလည်း ဖုန်းဆက်ချင်တယ်”

“အင်း…”

“နိုရာ ကားပေါ်ကပဲစောင့်နော်…ငါဆင်းပြီးဝယ်လိုက်မယ်”

“ဟုတ်”

နိုရာနိုကို ထားခဲ့ပြီးဆိုင်ထဲသို့ခပ်သွက်သွက်လေးဝင်ကာ စားစရာတွေကိုမှာရင်း အလုပ်ရှင်ဆီသို့ဖုန်းဆက်ပြီး အကျိုး အကြောင်းပြောပြလိုက်သည်။ ထို့နောက်စားစရာများဝယ်ပြီးဆိုင် ပြင်သို့ပြန်ပြီးထွက်လာစဉ်…



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

နီရာကားရှေ့တွင် ကားတစ်စီးပိတ်ရပ်ပြီး ကားပေါ်မှ နီရာဖြိုးနှင့်လူ (၃)ယောက်ဆင်းလာသည်ကို တွေ့လိုက်ရသဖြင့် ကားဆီသို့အပြေးကလေး သွားလိုက်သည်။

"နီရာ နင်အိမ်ကိုပြန်ပြီးလိုက်ခဲ့စမ်း"

"မလိုက်ဘူး မလိုက်ဘူး၊ ကိုလတ်တို့ဘာတွေလုပ်ကြမယ် ဆိုတာ နီရာသိတယ်"

"နီရာ နင်ကောင်းကောင်းပြောလို့မရဘူးလား"

"ကိုမဟာနိုင်"

"သူ မလိုက်ချင်တာကို ခေါ်မနေပါနဲ့"

"ဘာ… မင်းက ဘာဝင်ပြီးရှုပ်ပြန်ပြီလဲ၊ ကိုယ့်ညီမ ကိုယ်ခေါ်တာ… ဟောကောင်မဟာနိုင် ဒီတစ်ခါတော့မင်းအတွက် ကံကောင်းမှာ မဟုတ်ဘူးနော်၊ မဆိုင်ရင် မဆိုင်သလိုနေ"

"သေချာသွားပြီလား… ငါနဲ့ မဆိုင်ဘူးဆိုပေမယ့် မသိချင် ယောင်ဆောင်ထားလို့မရဘူး၊ ဘာလို့လည်းဆိုတော့ မင်းတို့ မဟုတ် တာတွေကို လုပ်မယ်ဆိုတာကိုသိနေလို့ပဲ"

"ကြာတယ်ကွာ ရှင်းတော့"



www.burmeseclassic.com

www.burmeseclassic.com



နိုရာဖြိုးနောက်မှာရပ်နေကြသော(၃)ယောက်၊ မဟာနိုင်ကို ဝင်တိုက်ခိုက်ကြတော့သည်။

"ခပ်ပေါ့ပေါ့လက်သီးလေးနဲ့ ထိုးတာလောက်တော့ကွာ ပျင်းဖို့ကောင်းတယ်၊ ယောကျ်ားလက်သီးဆိုတာ ဒါမျိုးကို ခေါ်တယ်"

"ဂွမ်း…ဖြောင်း…နင်…အီး…အား…အင်း…"

သုံးယောက်ဆိုပေမယ့် လက်ရည်ချင်းကွာသောကြောင့် တိုက်ပွဲလေးက ခဏတွင်းမှာ ပြီးဆုံးသွားတော့သည်။

"ကိုလတ် လွှတ်…လွှတ်နော်"

"နိုရာ နင့်ပုါးစပ်ပိတ်ပြီးလိုက်ခဲ့၊ ငါ့လက်ထဲက ဓါးက စကားသိပ်မပြောဘူး"

"ကိုမဟာနိုင်…ကယ်ပါဦး"

"ဟေ့ကောင် မင်းဝင်ရင် ငါ့ဓါးက အရှင်ထားမှာမဟုတ် ဘူးနော်"

"ဘယ်လိုဖြစ်ရတာလည်း နိုရာဖြိုး ကိုယ့်ညီမကိုကိုယ်ဓား ထောက်ပြီး ဓါးစာခံလုပ်ရတယ်လို့ မင်းတို့ စိတ်ရောဂါမှန်ဖြစ်ရဲ့ လား"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ငါတို့က ဘာမှမတော်ဘူး"

"ဟင်"

"သေချာပါတယ်၊ မင်းတို့ စိတ်ဓာတ်တွေနဲ့ ဒါကြောင့် တခြားစီဖြစ်နေတာကိုး၊ မင်းခေါ်သွားလို့ ရမယ်ထင်ရင် ခေါ်သွားလေတစ်ခုတော့ရှိတယ်၊ ငါ့ကို မလိုက်နိုင်အောင်တော့ လုပ်ခဲ့မှရမယ်"

"အား… ခွေးမ ကိုက်တယ်"

နီရာနီ…နီရာဖြူးလက်ကိုကိုက်ပြီး ရုန်းထွက်လိုက်သည်နှင့် မဟာနိုင်ပြေးပြီး ကန်လိုက်သည်။

"ဖြောင်း…အား"

"ဝူး…ကျွီ"

"ဟင်"

"ဟာ"

မဟာနိုင်နှင့် နီရာနီကားပေါ်တက်သည်နှင့် နောက်ထပ်ကားတစ်စီးရောက်လာသည်။ ထိုကားပေါ်တွင် နီရာမော်နှင့် ချော်နီကောင်းအပါအဝင် လူ(၅)ယောက်ကို လက်နက်ကိုယ်စီနှင့် တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝူး ..."

မဟာနိုင် ကားစက်နှိုးပြီး တစ်ခါတည်းမောင်းထွက်ခဲ့တော့သည်။

"လိုက်ကြစမ်း..မလွှတ်စေနဲ့.."

ကားပေါ်ကို ပြန်တက်ကြပြီးနောက်မှ လိုက်လာခဲ့ကြတော့၏။ မြို့ထဲလမ်းမပေါ်ဖြစ်သောကြောင့် နောက်မှလိုက်သူများ အတင့်ရဲစွာမလိုက်ကြ၊ ကားနှင့်ကပ်လျက် လိုက်ခဲ့ကြသည်။

"ဒီအတိုင်းဆက်ပြီးမောင်းနေရင် မြို့ပြင်ထွက်တာနဲ့ မိကြမှာသေချာတယ်"

"သူတို့လက်ထဲမှာ လက်နက်တွေနဲ့..ကိုမဟာနိုင် ရင်ဆိုင်လို့ မလွယ်ဘူးထင်တယ်"

"ဒီကောင်တွေကို မျက်ခြည်ဖြတ်ခဲ့ရမှာပဲ"

မဟာနိုင်...အိမ်ခြေကင်းဝေးသွားသော ဘေးဘက်မြေနီလမ်းတစ်ခုထဲသို့ ကွေ့ဝင်လိုက်သည်။ နိုရာမော်တို့ ကား(၂)စီးလုံး နောက်မှဆက်ပြီးလိုက်နေဆဲ..

"ဝူး...ကျွို..."

"နိုရာ..ကားပေါ်ကဆင်းတော့"



www.burmeseclassic.com

www.burmeseclassic.com



ကားကိုရပ်ပြီး··နီရာနီ့လက်ကိုဆွဲပြီး မြေနီလမ်းကြားလေး အတိုင်း ပြေးခဲ့ကြတော့သည်။ နီရာမော်တို့သည် မဟာနိုင်တို့ နောက်မှလိုက်ခဲ့ကြပေမယ့် နယ်မြေကျွမ်းကျင်မှုမရှိသည့်အပြင် ဓာတ်မီးတွေ မလာခြင်းကြောင့် အမှောင်ထုထဲတွင် စမ်းတဝါး ဝါးနှင့်လိုက်နေခဲ့ကြသည်။ မဟာနိုင်အတွက်တော့ ဒီနယ်မြေနှင့် မစိမ်းတဲ့သူဖြစ်သောကြောင့် လမ်းအနေအထားကျွမ်းကျင်နေပြီး သားဖြစ်၏။

"နီရာ··ဒီဘက်ကိုဆင်းမယ်··"

ကုန်းမြင့်လမ်းကလေးအတိုင်းဆင်းခဲ့ပြီး မိုးအခါ ရေနုတ်ပြီး နွေအခါ ဒူးဆစ်သာသာသဲချောင်းကလေးတစ်ခုကို ဖြတ်ပြီးကူး လာခဲ့ကြသည်။

"ဆရာ···ဘာမှမမြင်ရတော့ဘူး"

"ဟုတ်တယ် ကိုနီရာမော်·· ဘယ်လိုလုပ်ကြမလဲ"

"တောက်···ဒီကုန်းဆင်းအတိုင်းဆင်းကြကွာ··"

"ဟာ···ဆရာ··"

"ဘာမှ စကားမရှည်နဲ့၊ ဆင်းဆိုဆင်း··"

နီရာမော် ခိုင်းသည့်အတိုင်းဆင်းကြရင်း ချော်လဲကျပြီး



www.burmeseclassic.com

www.burmeseclassic.com



ချောင်းနားဆီသို့ရောက်သွားကြသည်။

"ကိုနိုရာမော်··ဒီအတိုင်းဆက်ပြီးလိုက်ရင်လည်း ဘာမှထူးခြားမှာမဟုတ်ဘူး၊ မနက်ကျမှ ဆက်ပြီးခြေရာခံမယ်၊ သူတို့ ဒီနယ်ထဲက ထွက်လို့မရပါဘူး"

"အင်း···တွေ့ကြသေးတာပေါ့ မဟာနိုင်ရယ်·· မင်းနဲ့ ငါက ကမ္ဘာမကြေပဲဟေ့··· ပြန်သွားကြမယ်··"

နိုရာမော်တို့ လက်လျှော့ပြီးနောက်ကြောင်းပြန်ပြီးလှည့်သွားကြတော့သည်။

မဟာနိုင်နှင့်နိုရာနိုတို့ကတော့ ချောင်းကလေးတစ်ဖက်ကမ်းဆီသို့ ရေစိုတွေနှင့်ရောက်နှင့်နေလေပြီ။

"သူတို့ မျက်ခြည်ပြတ်ပြီး ကျန်ရစ်ခဲ့ကြပါပြီ"

"ဟူး···တော်ပါသေးရဲ့၊ ဟီး··ဟီး·· ရေက ခုမှအေးလာတယ်၊ ဖြတ်ကူးတုန်းကတော့ ဇော်နဲ့ဆိုတော့ အေးရမှန်းတောင် မသိဘူး··"

"ရှေ့နားက အိမ်ကလေးကိုရောက်ရင် ခဏနားပြီးသွားကြတာပေါ့··"

"ကိုမဟာနိုင်က ဒီနေရာကို ရင်းနှီးနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်သူငယ်ချင်းနဲ့ဒီကို ခဏခဏ ရောက်ဘူးတယ်လေ၊ ကျောင်းပိတ်ရက်ဆို ဒီမှာပဲလာပြီးနေတယ်"

"အ..."

"ဟင်..ဘာဖြစ်လို့လဲ နီရာ"

"ခြေဖဝါးတွေ ကျင်ပြီးနာနေတယ်"

နီရာ ခြေထောက်တွင်ပြေးလွှားရင်း ဖိနပ်က ကျွန်ခဲ့တာမို့ ခြေဖဝါးလေးများ နာကျင်နေလေသည်။

"ငါ့ကိုတွဲပြီး ဖြည်းဖြည်းချင်းသာလျှောက်ခဲ့လေ..ရမလား၊ မရရင် ပွေ့ပြီးခေါ်သွားမယ်.."

"ရ...ရပါတယ်..နီရာတွဲပြီးလိုက်ခဲ့ပါ့မယ်"

"သိပ်ပြီးမဝေးတော့ပါဘူး"

ညှို့၏ လေနုအေးကလေးတွေ တိုးဝှေ့တဲ့ မြေနီလမ်းကလေး အတိုင်း နှစ်ယောက်သား လျှောက်လာကြရင်း မီးရောင်ပျပျနှင့် အိမ်ကလေးတစ်လုံးကို လှမ်းပြီးမြင်နေရသည်။

"ဟိုမှာမြင်နေရတဲ့ အိမ်လားဟင်.."

"ဟုတ်တယ်နီရာ..."

တဲအိမ်ကလေးနားဆီသို့ရောက်တော့..



www.burmeseclassic.com

www.burmeseclassic.com



"ဖထီးနဲ့အမိုး‥"

"ဝေ‥ဘယ်သူတွေလဲဟေ့‥"

"မဟာပါ…"

"ဟဲ့ကောင်လေး‥အချိန်မတော်ကြီးကွာ‥လာ‥လာ ကြ"

ဖထီး မီးခွက်ကြီးကိုကိုင်ပြီးဆင်းလာကာ‥

"ဟာ‥ငါ့ကောင် မိန်းမခိုးလာတာကိုးကွ"

"ဟာ…ဖထီး‥"

မဟာနိုင် အကြောင်းစုံကို ရှင်းပြချင်ပေမယ့် ရှုပ်ထွေးနေသော နိုရာနို မိသားစုအရေးကို လူတစ်မ်းကို မသိစေချင်တာကြောင့် ဘာမှဆက်ပြီးမပြောတော့ဘဲ နေလိုက်တော့သည်။ နိုရာနိုတစ်ယောက် ဒါကိုနားလည်နိုင်မည်ဟု ထင်မိလိုက်သည်။

"အမိုးရေ…နင့်ကောင်တွေရေတွေပါရွဲနေတယ် အဝတ်အစားလဲဖို့လုပ်ပေးဦးဟ…"

"ကောင်မလေး…လိုက်ခဲ့"

အမိုး…နိုရာနိုကို အခန်းထဲသို့ခေါ်သွားပြီး အဝတ်အစားလဲခိုင်းတော့သည်။ မဟာနိုင်ကတော့ ဖထီးအဝတ်အစားတွေကို



www.burmeseclassic.com

www.burmeseclassic.com


လဲယူပြီးရေစိုတွေကို လှူးထားလိုက်တော့သည်။

"ဘယ့်လိုကြောင့် စမ်းချောင်းဘက်ကလာကြရတာလဲ"

"လမ်းကောင်းတွေရှိရဲ့သားနဲ့ကွာ"

"သူ့အစ်ကိုတွေက တွေ့သွားပြီးလိုက်လာတာနဲ့ စမ်းချောင်းဘက်ကနေပြေးခဲ့ရတာ"

"မင်းကောင်စောကလူဆီကိုသွားမှာလား"

"ဟုတ်ကဲ့ စောကလူဆီကိုလာခဲ့ရင်း လမ်းမှာတွေ့သွားကြပြီး ဖထီးတို့ဆီကိုပြေးလာခဲ့ရတာပဲ"

"ဒါဆိုမနက်မှပဲသွားကြတာပေါ့ကွာ… ဒီညငါ့ဆီမှာသာအိပ်ကြ ဒီနေရာကိုရောက်ပြီဆိုရင် ဘယ်ခွေးကောင်မှဝင်လာလို့မရဘူး စိတ်ချပြီးသာနေကြ…အမိုး"

"ဘာလဲ ဖထီး"

"နင်နဲ့ငါက အပြင်မှာထွက်ပြီးအိပ်မယ်…သူတို့ နှစ်ယောက်အခန်းထဲမှာ လွတ်လွတ်လပ်လပ်နေကြပါစေ"

"ဟယ်"

"ဟိုက်"

ဖထီးစကားကြောင့် တစ်ယောက်မျက်နှာကိုတစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးဘာပြောရမှန်းမသိဖြစ်သွားကြသည်။

"နင်လည်းဒီမှာ အိပ်ဖို့မစဉ်းစားနဲ့"

"ဘာလို့လဲဟ"

"အဲဒီထီးကော် ဓနီးမွေးဖွားမှာ သွားပြီးစောင့်ကြရမယ်"

"ဝေ့...ဟုတ်သားပဲ၊ မင်းတို့ပဲ လွတ်လွတ်လပ်လပ်နေခဲ့ကြ တော့ဟေ့...မနက်ငါပြန်လာမှ စောကလှဆီကို လိုက်ပို့ပေးမယ်"

"ဟုတ်..ဖထီး"

ဖထီးနှင့်အမိုး မီးအိမ်အုပ်ဆောင်းကလေးဆွဲပြီး ဆင်းသွား ကြတော့ အိမ်လေးပေါ်တွင် ကျန်ရစ်ခဲ့သူကတော့ မဟာနိုင်နှင့် နီရာနီ...။

"ငါလည်းအကြောင်းစုံကိုပြောပြရင် နီရာမိသားစုအရေး ပြောရမှာဖြစ်နေလို့ သူတို့ထင်တဲ့အတိုင်းနေပေးလိုက်တာပါ... ဒီအပေါ် မှာဘာယ်လိုမှသဘောမထားပါနဲ့နီရာ"

"နီရာကခုဘာပြောနေလို့လဲ"

"နှုတ်ကမပြောပေမယ့် စိတ်ထဲမှာတစ်မျိုးထင်နေမှာစိုးလို့ ပါ"

"ကိုမဟာနိုင်ရယ် ယုံကြည်လို့လိုက်ခဲ့သူပါ...ကဲအခု



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအိပ်ရမလဲပြော"

"နိုရာ အခန်းထဲမှာအိပ်လေ"

"ဟင့်အင်း ကြောက်တယ် မအိပ်ရဲဘူး"

"ဘာကြောက်စရာရှိလို့လည်း၊ ငါလည်းအိမ်ထဲမှာရှိနေတာပဲဟာ"

"ကိုမဟာနိုင် နိုရာ ဒီမှာပဲအိပ်ပါရစေနော်၊ စိတ်ထဲမှာ ချောက်ချားသလို ခံစားနေရတယ်"

မဟာနိုင် နိုရာဖြစ်ပေါ်နေသော အခြေအနေကိုသဘော ပေါက်ပြီး ခေါင်းလေးသာညိတ်လိုက်တော့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## ဇာတ်သိမ်းခန်း

မဟာနိုင် သူငယ်ချင်းဖြစ်သူ၏ခြံဝန်းလေးထဲတွင် ရောက်နေသည်မှာ(၃)ရက်မြောက်နေ့သို့ရောက်ခဲ့လေပြီ…။

"နီရာ ဒီအတိုင်းဆက်ပြီးနေလို့တော့မဖြစ်ဘူး"

"ကိုမဟာနိုင် ဘာဆက်လုပ်ရမလဲဆိုတာ စီစဉ်ပါ။ အမှန်တိုင်းပြောရရင် နီရာဘာဆက်ပြီးလုပ်ရမှန်းမသိအောင်ဖြစ်နေပါတယ်"

"ငါ့သူငယ်ချင်း စံဘော်တို့ဆီကိုတော့ စာကလူကိုလွှတ်ပြီးအခြေအနေတွေကို စုံစမ်းခိုင်းထားတာပဲ သူတို့ရောက်လာရင်တော့အကြောင်းတစ်ခုခုကိုသိရလိမ့်မယ်…"



www.burmeseclassic.com

www.burmeseclassic.com



"နိုရာ…ကိုလတ်ပြောလိုက်တဲ့စကားတွေကို တစ်မျိုးဖြစ်နေတယ် နိုရာဟာ သူတို့ညီမမဟုတ်ဘူးတဲ့…မာမီကတော့နိုရာကိုပြောဘူးတယ်…သမီးအစ်ကိုတွေဟာ သမီးအတွက်သွေးရင်းသားရင်းလို သဘောထားမှာမဟုတ်ဘူးတဲ့ သူတို့ပေါ်မှာ သိပ်ပြီးမယုံကြည်နဲ့လို့တော့ပြောဘူးပါတယ်။ နိုရာကဘာကြောင့်လည်းမေးတော့ သမီးနောက်တော့သိရမှာပေါ့ ဆိုပြီးဆက်ပြီးမပြောဘူး…ဒီစကားတွေဆက်စပ်ကြည့်ရင် နိုရာမသိတဲ့ လျှို့ဝှက်ချက်တစ်ခုခုရှိနေပြီလို့ထင်တယ်"

"ရှိနိုင်တယ် နိုရာ…အဖြေမှန်တော့ ပေါ်လာမှာပါ"

"နိုင်ရေ နိုင်"

"ဟာင်…စံဘော်နဲ့အန်ကယ်စိုးနောင်"

စောကလူနှင့်အတူ စံဘော်နှင့်အန်ကယ်စိုးနောင်တို့ပါလာသည်ကိုတွေ့လိုက်ရသည်။ အိမ်ကလေးပေါ်တွင် ဝိုင်းကလေးဖွဲ့ကြပြီးနောက်…။

"အန်ကယ်စိုးနောင် ဘယ်လိုလုပ်ပြီးသိလို့ပါလာတာလဲ"

"ငါနဲ့တွေ့ပြီး အကြောင်းစုံပြောပြလို့ ပါလာတာ"

"အန်ကယ်ရယ် အပင်ပန်းခံလို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကိစ္စက ခပ်လွယ်လွယ်မဟုတ်တော့ဘူး မောင်မဟာနိုင်ရေ၊ ရှေ့ဆက်ပြီး ဘာလုပ်မလဲဆိုတာကိုပဲ ဆုံးဖြတ်ကြတော့"

"ခုဖြစ်နေတာက နီရာကြုံနေရတဲ့ အန္တရာယ်ပါ"

"ဟုတ်ပါတယ် ခုဦးထွန်းဒေါင်ကျော်က ပုံစံတစ်မျိုးပြောင်းသွားပြီ..."

"ဟင်...ဘယ်လိုပုံစံလည်း အန်ကယ်"

"မင်းနဲ့နီရာ ခိုးပြေးသွားပြီဆိုတာကို ရပ်ကွက်တစ်ခုလုံးသတင်းလွှင့်လိုက်ပြီ"

"ဗျာ..."

"ဟင်"

"မနေ့ကတင် မင်းအမေနဲ့ကလေးတွေ ကိစ္စကိုစကားလာပြီးပြောနေကြတယ်၊ မင်းတို့ကိုတွေ့အောင်ပြန်ရှာ လူကြီးစုံရာနဲ့ အပ်ဖို့တောင်ပြောနေတယ်"

"ပြဿနာပဲဗျာ...မဟုတ်တာကြီးကို ဘယ်လိုလုပ်ပြီး လက်ခံလို့ရမှာလဲ"

"မင်းကသာမဟုတ်တာလို့ပြောနေတာ ရပ်ကွက်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ကလူတွေက ဘယ်လောက်ထိသတ်မှတ်ထားသလဲဆို ရပ်ကွက်ရဲ့ ငြိမ်းချမ်းရေးမင်္ဂလာပွဲလုပ်မလို့တဲ့"

"ဟာ..."

"အဲ..."

"မောင်မဟာနိုင် မင်းတို့နှစ်ယောက် ဒါတွေကို မဟုတ်ဘူးလို့ ငြင်းချက်ထုတ်နေမယ့်အစား ဦးထွန်းခေါင်ကျော်ရဲ့ ကောက်ကျစ်မှုကိုတစ်ခါတည်း ဖော်ထုတ်ဖို့ကိုပြင်ထားလိုက်တော့...သူ့ဘက်ကခုလို ပုံစံပြောင်းသွားတာဟာ တစ်ခုခုကို ထပ်ပြီးကြံစည်တာပဲလို့ ငါထင်တယ်"

"သူ့ပုံစံပြောင်းတာတော့ အံ့ဖွယ်ပဲနိုင်ရေ၊ သူ့ဘက်က ခုန်မာန ကြောင့်မှားခဲ့တာတွေကို ခွင့်လွှတ်ဖို့ ငါတို့လူကြီးတွေကို တောင်းပန်တယ်လေ၊ ရပ်ကွက်ကို ငြိမ်းငြိမ်းချမ်းချမ်းလေး နေထိုင်သွားဖို့စကားတွေတောင်ပြောနေတာကွ"

"ဒါမရိုးသားတဲ့ ကောက်ကျစ်မှုဆိုတာသေချာပြီ..."

"ဦးရဲ ဘာမှာလိုက်လဲ"

"ဦးရဲကတော့ အန်ကယ်စိုးနောင်နဲ့တိုင်ပင်ကြတာပဲ"

"မောင်မဟာနိုင်နဲ့နိုရာတို့ ဒီပွဲဟာ ဓာတ်သိမ်းပွဲကိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကကြရမယ့်ပွဲတစ်ခုပဲ…ဦးထွဋ်ခေါင်ကျော်ရဲ့နောက်ဆုံးအခြေအနေက ဆိုးဝါးနေပြီ…သူ့စီးပွားရေးအားလုံးဆုံးရှုံးသွားတဲ့အပြင် ခုနေတဲ့ အိမ်ပေါ်ကနေတောင်ဆင်းပေးရတော့မယ်''

''ဟင်''

''ဒီထက်ဆိုးဝါးတာကတော့ ကုမ္ပဏီနာမည်ကိုသုံးပြီး ရှယ်ယာငွေကို သုံးထားတဲ့အမှုကို ရင်ဆိုင်ရတော့မယ်…ဒါတွေကို ဖြေရှင်းဖို့သူ့မှာ ငွေလိုအပ်နေပြီလေ…ဒီအတွက်နိုရာ မာမိနဲ့နိုရာ အဘိုး၊ အဘွားတွေက ငွေထုတ်မပေးရင် သားအဖ(၃) ယောက်လုံး ထောင်ကျဖို့ပဲရှိတော့တယ် ဒါကြောင့်နိုရာနဲ့ကို ပြန်ပေးဆွဲပြီး ငွေညှစ်ဖို့ကြံစည်ခဲ့တာ ဖျက်သွားတယ်လေ ခုနောက်တစ်နည်းကြံစည်တာပဲ…သမီးနိုရာ''

''ရှင်''

''အန်ကယ် သမီးကို ပွင့်ပွင့်လင်းလင်းပြောပြမယ်နော်''

''ဟုတ်ကဲ့ ပြောပါ''

''သမီးမာမီ သီရိမြိုင်နဲ့အန်ကယ်ဟာ ကျောင်းနေဘက် သူငယ်ချင်းတွေပါ၊ တက္ကသိုလ်ကဘွဲ့ရပြီးနောက်ပိုင်း မတွေ့ကြတော့ပဲ သီရိနိုင်ငံခြားကိုသွားမယ့်နေ့မှာ ပြန်ပြီးဆုံခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းခေါင်ကျော်နဲ့လက်ထပ်လိုက်ရပြီး လမ်းခွဲတော့မယ်ဆိုတာကိုပါသိခဲ့ရတယ်၊ ဒီတုန်းကသမီးလေးက(၈)တန်းကျောင်းသူအရွယ်ရောက်နေပြီ…သမီးလေးက ဦးထွန်းခေါင်ကျော်နဲ့ရခဲ့တဲ့သမီးလားလို့အန်ကယ်ကမေးတော့ သီရိကမဟုတ်ဘူးလို့ပြောခဲ့တယ်"

"ရှင်…ဒါဖြင့်သမီးက ဘယ်သူ့သမီးလဲ ဟင်"

"အန်ကယ်အကြောင်းစုံကို ပြောပြမယ်…သမီးမာမီတို့မှာညီအစ်မနှစ်ယောက်ရှိခဲ့တယ် သီရိမြိုင်နဲ့သီရိလှိုင်တဲ့ သိပ်ချစ်ကြတဲ့ညီအစ်မနှစ်ယောက်ပေါ့…သီရိလှိုင်ကတော့ တက္ကသိုလ်ကျောင်းတက်နေရင်း ကိုသင်းမောင်ဆိုတဲ့ သူနဲ့ချစ်သူဖြစ်ပြီး…မိဘတွေကသဘောမတူနိုင်ဘူး ကျောင်းထုတ်ပစ်ဖို့ပြင်ဆင်တုန်း ခိုးရာလိုက်သွားခဲ့ကြတယ် သီရိမြိုင်ဟာ သူ့ညီမသီရိလှိုင်ကို မိဘတွေမသိအောင်လိုက်ရှာပေမယ့် ဘယ်လိုမှမတွေ့ခဲ့ဘူး…အင်း သူတို့ညီအစ်မဆုံချင်တော့ ဆေးရုံတစ်ခုမှာသွားပြီးဆုံခဲ့ကြတယ်… သီရိမြိုင်ကလေးမွေးတဲ့နေ့နဲ့ သီရိလှိုင်ကလေးမွေးတဲ့နေ့တစ်နေ့တည်းပဲ…ကံဆိုးချင်တော့ သီရိမြိုင်မွေးတဲ့ကလေးဟာ ဆုံးသွားခဲ့ပြီး သီရိလှိုင်တစ်ယောက်လည်း ဆုံးပါးသွားခဲ့တယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်..."

"ဒါကို အကြံကြီးတဲ့ ဦးထွန်းခေါင်ကျော်ဟာ သီရိလှိုင် မွေးတဲ့ကလေးကို မွေးစားဖို့ယူပြီး သီရိမြိုင်မသိအောင် အစားထိုးခဲ့ တယ်"

"နီရာမိခင်က ဒေါ်သီရိလှိုင်ပေါ့ ဒါကို မာမီမသိသေးဘူး ပေါ့"

"သမီးမာမီ ကခပ်ညံ့ညံ့အမျိုးသမီးမှမဟုတ်ဘဲကွယ်၊ သမီးလေး(၁)နှစ်အရွယ်တည်းက အကြောင်းစုံကိုသိခဲ့ပါတယ်၊ သူ့ တူမလေးဆိုပေမယ့် သူ့ရဲ့သွေးရင်းပဲမဟုတ်လား... သမီးပေါ်မှာ ခုထိသမီးအရင်းနဲ့မခြားချစ်တာပဲလေ"

ဒီအချက်ကို နီရာနီ မငြင်းချင်။ မာမီသူမအပေါ်မှာထားခဲ့ သောမေတ္တာတရားတွေဟာ တကယ်ပင်ကြီးမားလှသည်။

"အဘိုးနဲ့အဘွားရော"

"သူတို့လည်း နောက်ပိုင်းတော့သိသွားကြတယ်၊ သူတို့ရဲ့ အတ္တကြီးမှုကြောင့် သမီးလေး ဒုက္ခများစွာနဲ့ ဆုံးပါးသွားတာကို စိတ်ထိခိုက်ခဲ့ကြတယ်၊ ဒါကြောင့် သမီးလေးပေါ်မှာ သံယောဇဉ် ပိုခဲ့ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"သမီးဖေဖေ လူ့လောကကြီးမှာ ရှိသေးလား"

"ရှိတယ်သမီး.. မန္တလေးက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သာသနာ့ဘောင်ထဲရောက်နေပါပြီ၊ သူ့သမီးလေးအတွက် နောက်ခံတင်းစရာမရှိတော့ဘူးဆိုပြီး ရဟန်းဝတ်သွားတာကြာပြီကွဲ့"

"အန်ကယ်စိုးနောင်.. ကျွန်တော်တို့ခုဘာဆက်ပြီးလုပ်မလဲ"

"မင်းတို့ပြန်ပြီးလိုက်ခဲ့ရမယ်၊ ဦးထွန်း့ခေါင်ကျော် ဘာအကြံအစည်ရှိတယ်ဆိုတာကို ဖော်ထုတ်ဖို့အတွက် သူဆင်ထားတဲ့ အကွက်ထဲကို တိုးဝင်ကြမယ်၊ ဒီတစ်ခါ ဦးထွန်း့ခေါင်ကျော်နဲ့ ရင်ဆိုင်ပွဲဟာ နိဂုံးပိုင်းဖြစ်မှာပါကွာ..."

"ကျွန်တော်နဲ့နိုရာ ကိစ္စကိုရော အန်ကယ်.."

"ပွဲပြီးမှဆက်ပြီး စကားပြောကြမယ်..."

"ဟား..ဟား..ဟား...ပွဲကပြီးသွားပြီကွ"

"ဟင်...ထွန်း့ခေါင်ကျော်.."

"စိုးနောင်...မင်းမျက်စိကောင်းသားပဲ၊ မင်းတို့ခြေလှမ်းတွေကို စောင့်ကြည့်ပြီးလိုက်ခဲ့တာကွ၊ ခုတော့ ရှင်းရေယံ့ကောင်


www.burmeseclassic.com

www.burmeseclassic.com



တွေကို ရှင်းပြီး ငွေရမယ့်သူကို ခေါ်သွားရတော့မှာပေါ့"

"ထွဋ်ခေါင်ကျော်.. ဒါဥပဒေမဲ့နေရာမဟုတ်ဘူးနော်၊ မင်းလုပ်ချင်တိုင်းလုပ်လို့ရမယ် ထင်နေလား"

"လုပ်လို့ရမယ်ထင်လို့ လုပ်နေတာလေ၊ ကြာတယ်ဟေ့"

နီရာမော်..နီရာဖြိုး..ဂျော်နီကောင်းနှင့်နောက်လိုက် (၅) ယောက်လုံး လက်ထဲတွင် လက်နက်ကိုယ်စီနှင့် ဦးထွဋ်ခေါင်ကျော် လက်ထဲမှာ သေနတ်ကိုကိုင်လျက်..

"ငါ့သေနတ်က ကလေးကစားစရာသေနတ်တော့မထင်နဲ့နော်.. အေးအေးဆေးဆေးလိုက်ခဲ့ကြရင် ငါကျည်ဆံမကုန်ဘူး၊ နီရာဖြိုး..ဟိုကောင်မကို အရင်ဆွဲခေါ်ခဲ့.."

"လူယုတ်မာတွေ မလိုက်ဘူး..ကိုမဟာနိုင်..."

"ခွေးမသား..သေချင်ပြန်ပြီ..ကဲကွာ.."

"ဒိုင်း...ဒုတ်...အား.."

"ဟင်...ဖထီး.."

ဖထီး..ဒူးလေးမှမြားသည် ဦးထွဋ်ခေါင်ကျော် လက်မောင်းကိုစိုက်ဝင်သွားပြီး သေနတ်ပါလွတ်ကျသွားတော့သည်။

"ကျန်တဲ့ကောင်တွေ မလှုပ်နဲ့နော်၊ မင်းတို့ပထွေးတော



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့နောက်မှာ..တွေ့လား..''

ဖထီးနှင့်အတူ ကျေးရွာမှ လူငယ်အားလုံးပါလာပြီး အိမ်
ကြီးကို ဝိုင်းထားသည်ကိုတွေ့လိုက်ကြရသည်။

နီရာမော်တို့အားလုံး ဘာမှပင် မလှုပ်ရှားရဲအောင်ဖြစ်
သွားကြတော့သည်။

BURMESE CLASSIC

''ထွန်းခေါင်ကျော်..မင်းရဲ့မကောင်းမှုတွေက အဆုံးသတ်
သွားပါပြီ..''

''မသတ်သေးဘူး..နီရာနီဟာ သီရိမြိုင်နဲ့ငါရခဲ့တဲ့သမီး
မဟုတ်ဘူးဆိုတာကို ပြောလိုက်တာနဲ့ လမ်းဘေးကိုရောက်သွား
ပြီကွ...မပြောစေချင်ရင် ငါတို့ကိုလွှတ်ပေး..''

''ဟား..ဟား..ဟား..မင်းဆိုတဲ့ကောင်က ကိုယ့်ကိုယ်
ကို အဟုတ်ကြီးမှတ်နေတာကိုး၊ သီရိမြိုင်က နီရာနီဟာ သူ့သမီး
မဟုတ်ဘူးဆိုတာ (၃)နှစ်သမီးကတည်းက သိထားတာကွ''

''ဘာ...''

''မင်းမသိသေးတာလေး တစ်ခုပြောပြဦးမယ် နီရာနီဟာ
သီရိမြိုင်ရဲ့ညီမ သီရိလှိုင်သမီးဆိုတာ မင်းမသိခဲ့တာ အလွန်ဘူးပေ
လူပဲ ဟား...ဟား...ဟား...ဟိုမှာ မင်းကိုအမှုဖ်ာရေးလင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပေါ်ကိုပို့ဖို့ခေါ်နေပြီ”

ကျေးရွာလူကြီးများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေရောက်ရှိလာပြီး အားလုံးကိုလက်ထိတ်ခတ်ကာ ခေါ်ဆောင်သွားကြတော့သည်။

“ပွဲကပြီးသွားပြီ ကျန်တဲ့အပိုင်းကတော့ မင်းတို့ပဲဆက်ပြီးကကြတော့ ငါတို့မပါတော့ဘူးဟေ့…ရှေ့ကနေသွားနှင့်မယ်…”

ဦးစိုးနောင်တို့ ရှေ့ကနေထွက်သွားကြပြီး နောက်တွင်ကျန်နေခဲ့ကြသောနှစ်ဦးမှာတော့ စကားသံတိတ်ဆိတ်စွာနှင့်လျှောက်လာခဲ့ကြသည်။

BURMESE CLASSIC

“ဝေ့…ကောင်လေးနဲ့ကောင်မလေး”

“ဖထီး”

“ရှော့…မင်းတို့ဇနီးမောင်နှံအတွက် ငါတို့လင်မယားကမင်္ဂလာပဝါလေး”

“ဖထီး ကျေးဇူးကိုမမေ့ပါဘူး”

“ရပါတယ်ကွာ ငါတို့ဆီကို အေးအေးဆေးဆေးလာခဲ့ကြဦး”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



ဖထီးကိုနှုတ်ဆက်ပြီး မင်္ဂလာပဝါလေးကိုကိုင်လျက်··

"နိုရာ"

"ကိုမဟာနိုင် ပြောချင်တာတွေပြောလေ"

"အားလုံးသတ်မှတ်ထားတာတွေကို ဘယ်လိုရှင်းမလဲ··ဟင်"

BURMESE CLASSIC

"နိုရာမှ မရှင်းတတ်တာ၊ ကိုမဟာနိုင်ပဲရှင်းပေးပါနော်"

"ကူညီလက်စနဲ့ ဆက်ပြီးကူညီပါဦး"

"ဒီတစ်ခါတော့ ငါပြင်းပါရစေ နိုရာရယ်"

"ဆက်ပြီးမကူညီနိုင်တော့ဘူးပေါ့"

"ရိုးသားစွာပဲ ဝန်ခံပါတယ်"

"ဒါဖြင့် ဟုတ်သလိုလိုပဲနေမယ့်သဘောကို ဆောင်နေတာလား ဒါမျိုးကတော့မရဘူး လက်မခံနိုင်ဘူးနော်"

"ငါသဘောပေါက်ပါတယ် မညီသောဘာဝအတွက်စိတ်ဂျယဉ်သလိုဖြစ်သွားတာပါ···ငါအားလုံးကိုရှင်းပြလိုက်ပါမယ်"

"ခပ်ညှံ့ညှံ့ယောကျ်ားကြီး···ဒီကပြောတဲ့ လက်မခံနိုင်ဘူးဆိုတာ လူတွေသတ်မှတ်တဲ့ပေါ်မှာ ခေါင်းညိတ်ရုံနဲ့မရဘူး တရားဝင်လေးတော့ ရှင်ပြောရဦးမယ်၊ ဒီက မိန်းကလေးဆိုတော့ အလွမ်



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ခံစားချင်တာ"

"နိုရာ"

"ပြော..."

"ကိုယ်နိုရာကို ချစ်နေခဲ့တာကြာခဲ့ပါပြီ"

"လွှမ်းရော လွှမ်းဘူးလား"

"လွှမ်းဘူးတာပေါ့"

"ဒါဆိုသိသွားပြီ...နိုရာလည်းမောင့်ကို အလွှမ်းကလေးနဲ့ လွှမ်းခဲ့ရသူပါ..."

ချစ်သူရဲ့ပခုံးလေးကိုဆုပ်ကိုင်လျက်...

*ပရိသတ်များကိုအစဉ်လေးစားလျက်*

ချွေဘဝင်



www.burmeseclassic.com